# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၇ ခုနှစ် ၊ တပို့တွဲလပြည့်ကျော် (၃)ရက် ၊ ဗုဒ္ဓဟူးနေ့ ၊ (4-2-2026) ၊ အတွဲ (၃၄) ၊ အမှတ် (၂၈၀)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries)ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံးလိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ လုံခြုံရေးကောင်စီအတွင်းရေးမှူး H.E. Mr. Sergey SHOIGU ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို လက်ခံတွေ့ဆုံစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ လုံခြုံရေးကောင်စီအတွင်းရေးမှူး H.E. Mr. Sergey SHOIGU ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို လက်ခံတွေ့ဆုံ

**နေပြည်တော်  ဖေဖော်ဝါရီ ၃**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ လုံခြုံရေးကောင်စီအတွင်းရေးမှူး H.E. Mr. Sergey SHOIGU ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို ယနေ့နံနက်ပိုင်းတွင် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး သံတမန်ဆောင်ညှော်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့်အတူ ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ လုံခြုံရေးကောင်စီအတွင်းရေးမှူးနှင့်အတူ

**စာမျက်နှာ ၁၈ ကော်လံ ၁ သို့**




ရတနာပုံ
၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၄ ရက်
အယ်ဒီတာ့အာဘော်

# အခြေခံပညာကျောင်းစာမေးပွဲများ ထူးချွန်စွာအောင်မြင်စေရေး

နိုင်ငံတစ်နိုင်ငံ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်ရာတွင် လူသားအရင်းအမြစ်သည် အဓိကကျသည်။ လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရန် ပညာရေးကဏ္ဍကို မြှင့်တင်ကြရမည်ဖြစ်သည်။ ပညာတတ်များ ပေါ်ကြွယ်ဝမှသာလျှင် နိုင်ငံသည် ဖွံ့ဖြိုးတိုးတက်မည်ဖြစ်သောကြောင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအရေးပါသည့် ပညာရေးမြှင့်တင်မှုများကို နိုင်ငံတော်က ဦးတည်ချက်တစ်ရပ်အနေဖြင့် ထည့်သွင်း၍ အလေးထားဆောင်ရွက်ပေးနေခြင်းဖြစ်သည်။

"ပညာရဲရင့် ပွဲလယ်တင့်"၊ "ပညာရွှေအိုး လူမခိုး"ဆိုသည့် စကားများသည် ပညာ၏တန်ဖိုးများကို ဖော်ကျူးပြထားခြင်းပင်ဖြစ်ပြီး "ငယ်စဉ်အခါ ပညာရှာ"ဆိုသည့်စကားသည် နုပျိုငယ်ရွယ်စဉ်တွင် ပညာရှာဖွေရန် တိုက်တွန်းထားခြင်းပင်ဖြစ်သည်။ ထို့ကြောင့် ပညာကိုအခြေခံသည့် ပညာခေတ်တွင် အရွယ်ရောက်ပြီးသူတိုင်းသည် အတတ်ပညာနှင့် အတန်းပညာများကို ပြီးမြောက်အောင်မြင်ရန် လိုအပ်သည်။

မကြာမီအချိန်တွင် အခြေခံပညာကျောင်းစာမေးပွဲများ ဖြေဆိုကြတော့မည်ဖြစ်သည်။ ထိုသို့ စာမေးပွဲဖြေဆိုရန် အချိန်နီးကပ်လာသည်နှင့်အမျှ မိဘများက သား၊ သမီးများ၏ ကျန်းမာရေး၊ စာမေးပွဲ ထူးထူးချွန်ချွန် အောင်မြင်စွာ ဖြေဆိုနိုင်ရေးအတွက် အစစအရာရာ ဂရုတစိုက်ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် ဆရာ၊ ဆရာမများကလည်း တပည့်ဖြစ်သူ ကျောင်းသား၊ ကျောင်းသူများကို ဖြေဆိုရမည့်ဘာသာရပ်အလိုက် အရေးကြီးသည့်အချက်အလက်များ၊ ဆောင်ရန်ရှောင်ရန်များကို စနစ်တကျကြပ်ကြပ်မတ်မတ် မှာကြားလျက်ရှိသည့်အပြင် အရေးကြီးသည့်သင်ခန်းစာများကို ပြန်လည်သင်ကြားလေ့ကျင့်ပေးခြင်း၊ မှားယွင်းတတ်သည့်အချက်များကိုထောက်ပြ၍ အမှားအယွင်း မဖြစ်ရအောင် သတိပေးခြင်း၊ လေ့ကျင့်ခန်းသင်ခန်းစာများကို ထပ်ခါတလဲလဲ ပြန်လည်လေ့ကျင့်စေခြင်းများ ပြုလုပ်ပေးခဲ့ကြပြီးဖြစ်သည်။

အခြေခံပညာကျောင်းစာမေးပွဲများကို ဖြေဆိုကြရမည့် ကျောင်းသား၊ ကျောင်းသူများကလည်း မိဘ၊ ဆရာသမားများ၏ မှာကြားချက်များကို သေချာစွာမှတ်သားလိုက်နာ၍ စာမေးပွဲကို သေချာစွာ ဖြေဆိုကြရမည်ဖြစ်သည်။ ယခုအချိန်တွင် စာမေးပွဲဖြေဆိုရမည့်အချိန် အလွန်နီးကပ်နေသဖြင့် အချိန်ကို အကျိုးရှိစွာအသုံးချ၍ ကြိုတင်ပြင်ဆင်ရမည့်အချိန်ဖြစ်ပေသည်။ စာမေးပွဲဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် စာမေးပွဲဟူသော ပြိုင်ပွဲမဝင်ခင်ကတည်းက မိမိကျန်းမာရေးကို ဂရုစိုက်ခြင်း၊ စာမေးပွဲဖြေဆိုရာတွင် အသုံးပြုမည့်စာရေးကိရိယာများ စုံလင်စွာပြင်ဆင်ထားခြင်း၊ စိတ်တည်ငြိမ်စွာထား၍ ကျက်မှတ်ပြီးသားစာများကို ပြန်နွှေးခြင်း စသည်တို့ကို ကြိုတင်ပြင်ဆင်ထားခြင်းဖြင့် စာမေးပွဲကို လွယ်ကူစွာဖြင့် ကျော်ဖြတ်နိုင်မည်ဖြစ်သည်။

သို့ဖြစ်ရာ အခြေခံပညာကျောင်းစာမေးပွဲများ ဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် မိမိတို့၏ ကိုယ်စိတ်နှလုံးသုံးပါးစလုံးကို အကောင်းဆုံးပြင်ဆင်ပြီး စာမေးပွဲများကို ထူးထူးချွန်ချွန် အောင်မြင်အောင် ဖြေဆိုကြခြင်းဖြင့် အနာဂတ်မျိုးဆက်သစ်ထူးချွန်လူငယ်များ ဖြစ်ကြပါစေကြောင်း ဆန္ဒပြုရေးသားအပ်ပါသည်။

# ချောင်းဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့



ချောင်းဦး ဖေဖော်ဝါရီ ၃

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ချောင်းဦးမြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်ကေ ၇၁၂၀ စိုက်ပျိုးရန်လျာထားပြီး ၂၀၁၅ ခုနှစ် အောက်တိုဘာလ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ကေ ၇၁၃၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီ ချောင်းဦးမြို့နယ်မှာ ဟင်းသီးဟင်းရွက်ကေ ၇၁၂၀ လျာထား စိုက်ပျိုးခဲ့ရာမှာ ဒီနေ့ထိ ကေ ၇၁၃၀ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ မုန်ညင်း၊ ဧရာ၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း၊ မုန်လာဥ စတဲ့ သီးနှံတွေ အများဆုံးစိုက်ပျိုးထားပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်ကို GAPနည်းစနစ်နဲ့စိုက်ပျိုးနိုင်အောင်၊ ဓာတုဓာတ်ကြွင်းအနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ကိုက်ညီအောင် စိုက်ပျိုးဖို့ နည်းပညာတွေ ပေးခဲ့ပါတယ်"ဟု ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင့်ဆွေက ပြောပြသည်။

ချောင်းဦးမြို့နယ်တွင် ဟင်းသီးဟင်းရွက်စိုက် တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းစင်ရေး၊ သဘာဝမြေဩဇာ၊ သဘာဝပိုးသတ်ဆေး ပြုလုပ် သုံးစွဲတတ်စေရေးတို့ကို အသိပညာပေးလျက် ရှိကြောင်း သိရသည်။

ဟင်းသီးဟင်းရွက်ကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည် ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးတင့်ဆွေက ပြောပြ၍ သိရသည်။ (၂၀၆)

# လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း ပခန်းစပါးတင်းရေ ၆၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



လပွတ္တာ ဖေဖော်ဝါရီ ၃

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း ပခန်းစပါးတင်းရေ ၆၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း လပွတ္တာမြို့နယ်ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်စန်းစန်းဝင်းက ပြောပြ၍ သိရသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလအတွင်း ပခန်းစပါးတင်းရေ ၄၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ယခုနှစ် ဇန်နဝါရီလအတွင်း ပခန်းစပါးတင်းရေ ၆၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"လပွတ္တာမြို့နယ်ကနေ ဇန်နဝါရီလအတွင်း ပခန်းစပါးတင်းရေ ၆၆၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရတယ်။ လပွတ္တာမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို တင်ပို့တဲ့ပခန်းစပါးတွေက အရည်အသွေးကောင်းပါတယ်။ တင်ပို့ရောင်းချခဲ့တဲ့ ပခန်းစပါးက ဆန်ကြမ်းအုပ်စုထဲမှာပါတဲ့ စပါးအမျိုးအစားဖြစ်ပါတယ်။ အဲဒီစပါးတွေကို ရန်ကုန်ဈေးကွက်ဝယ်လက်တွေကဝယ်ယူအားများနေလို့ တင်ပို့အားတက်ခဲ့တာပါ။ ဆန်၊ စပါး ဈေးကွက်မှာကို ပခန်းစပါးက အဝယ်လိုက်နေတာပါ"ဟု လပွတ္တာမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်စန်းစန်းဝင်းက ပြောပြသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း တင်ပို့ရောင်းချခဲ့သည့် ပခန်းစပါးတင်းရေ ၁၀၀ လျှင် ငွေကျပ် ၁၅၅၀၀၀၀ ထိပေါက်ဈေးရှိကြောင်း၊ အဆိုပါ စပါးများ အရောင်းအဝယ်ကောင်းလာသည့်အတွက် စပါးစိုက်တောင်သူများ၊ ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်း ရရှိလျက်ရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

# ဘားအံမြို့နယ် နောင်ဘိုကျေးရွာ၌ RBF စီမံကိန်းလုပ်ငန်းများ စစ်ဆေး

ဘားအံ ဖေဖော်ဝါရီ ၃

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက နောင်ဘိုကျေးရွာ၌ RBF စီမံကိန်းရန်ပုံငွေဖြင့် စီမံကိန်း လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများကို ဖေဖော်ဝါရီ ၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိဒေါ်တင်ဇာလီထွန်းနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကျေးရွာလုပ်ငန်းအသင်းအဖွဲ့များနှင့်တွေ့ဆုံ၍ နောင်ဘိုကျေးရွာ၌ RBF စီမံကိန်းရန်ပုံငွေဖြင့် နွားမွေးမြူရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ငွေစာရင်းပုံစံများ စနစ်တကျဖြည့်သွင်းထားခြင်း ရှိ၊မရှိနှင့် စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်ထားရှိမှုများအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဘားအံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင်ဇာလီထွန်းက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် အလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါ နောင်ဘိုကျေးရွာ၌ RBF စီမံကိန်းကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ငွေကျပ် သန်း ၃၀ ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး အသင်းအဖွဲ့လေးဖွဲ့ကို တစ်ဖွဲ့လျှင် RBF စီမံကိန်းရန်ပုံငွေကျပ် ၇၅ သိန်း ထုတ်ချေးထားကြောင်း ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင်ဇာလီထွန်းက ပြောပြ၍ သိရသည်။

ကိုသက်

ထုတ်ဝေခွင့်အမှတ်-၀၀၂၁၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၅၈၁၊ ၀၉-၄၅၈၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဇေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မြန်မာပြည်အလယ်ဗဟိုချက် ပြက္ခရွှေတောင်ရှိ အနော်ရထာမင်းကြီးတည်ထားခဲ့သော ပဉ္စမမြောက်စွယ်တော်ရှင်စေတီတော်တွင် အန္တရာယ်ကင်းပရိတ်တရားတော်ရွတ်ဖတ်ပူဇော်ပွဲ ကျင်းပ



**မန္တလေး ဖေဖော်ဝါရီ ၃**

ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ်ကူမဲမြို့ အရှေ့တောင်ဘက် ကိုးမိုင်ခန့်အကွာ မြသုခရွာအနီး မြန်မာပြည် အလယ်ဗဟိုချက် ပြက္ခရွှေတောင်ရှိ အနော်ရထာမင်းကြီးတည်ထားခဲ့သော ပဉ္စမမြောက်စွယ်တော်ရှင် စေတီတော်တွင် သဲဖြူနှင့် မဟာမြိုင်တောရ ဆရာတော်၊ သီရိပုံချီဒေါက်တာ ဘဒ္ဒန္တပညာဇောတ၏ ကုသိုလ်အလှူတော်အဖြစ် အန္တရာယ်ကင်း ပရိတ်တရားတော် ရွတ်ဖတ်ပူဇော်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂ ရက် နံနက်ပိုင်းက စေတီတော် ရင်ပြင်တော်၌ကျင်းပရာ နိုင်ငံတော်ဩဝါဒါစရိယ မိတ္ထီလာမြို့နယ် ရေလည်ကျောင်းတိုက် ဦးစီးပဓာနနာယက၊ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တလာဘာဝတ မဟာထေရ်ရှင်သူမြတ် အမှူးပြုပြီး သဲဖြူနှင့် မဟာမြိုင်တောရဆရာတော် သီရိပုံချီ ဒေါက်တာ ဘဒ္ဒန္တ ပညာဇောတ၊ ပြက္ခရွှေတောင်မောနားကျောင်း ဆရာတော် ဘဒ္ဒန္တပဉ္ဉာဝံသနှင့် ဆရာတော် သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမျိုးအောင်နှင့်ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့်ဇနီးများ၊ တပည့်ဒါယကာ၊ ဒါယိကာမများ၊ အလှူရှင်များနှင့် ဓမ္မပရိသတ်အပေါင်း တက်ရောက် ကြည်ညိုကြပြီး နမောတဿသုံးကြိမ် ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ခဲ့သည်။

ထို့နောက် သဲဖြူနှင့် မဟာမြိုင်တောရ ဆရာတော် သီရိပုံချီ ဒေါက်တာ ဘဒ္ဒန္တပညာဇောတထံက တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့၊ ဓမ္မပရိသတ်အပေါင်းတို့က ငါးပါးသီလ ခံယူဆောက်တည်ကြပြီးနောက် ဆရာတော်သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသည့် ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ဆက်လက်၍ သဲဖြူနှင့် မဟာမြိုင်တောရဆရာတော်နှင့် ဆရာတော် သံဃာတော်များကို တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တပည့်ဒါယကာ၊ ဒါယိကာမများနှင့် အလှူရှင်များက လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းကြသည်။

၎င်းနောက် အနော်ရထာမင်းကြီး တည်ထားခဲ့သော ပဉ္စမမြောက်စွယ်တော်ရှင်စေတီတော်အတွက် သဲဖြူနှင့် မဟာမြိုင်တောရ ဆရာတော်၊ သီရိပုံချီ ဒေါက်တာဘဒ္ဒန္တ ပညာဇောတက ကုသိုလ်တော်အဖြစ် လှူဒါန်းငွေကျပ် သိန်း ၅၀၀ အပါအဝင် တပည့်ဒါယကာ ဒါယိကာမများနှင့် အလှူရှင်များမှ လှူဒါန်းငွေစုစုပေါင်း ငွေကျပ် ၄၃၈၁၅၀၀၀၀ ကို လှူဒါန်းခဲ့ရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြောင်း သိရသည်။

ဆက်လက်၍ နိုင်ငံတော်ဩဝါဒါစရိယ မိတ္ထီလာမြို့နယ် ရေလည်ကျောင်းတိုက်ဦးစီးပဓာနနာယက၊ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တလာဘာဝတ မဟာထေရ်ရှင်သူမြတ်ထံက ပဉ္စမမြောက်စွယ်တော်ရှင်စေတီတော်အားပြန်လည်ပြုပြင်မွမ်းမံခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ ဩဝါဒများနှင့် သဲဖြူနှင့်မဟာမြိုင်တောရဆရာတော်ထံက လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ တရားတော်များ နာယူကြည်ညိုကြ၍ အမျှပေးဝေခဲ့ကြပြီး ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကိုရုပ်သိမ်းပြီးနောက် စေတီတော်အားလှည့်လည်ဖူးမြော်ကာ လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုခဲ့ကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ကျောက်ဆည်မြို့နယ် သင်းတောင်းကြီးရွာရှိ အနော်ရထာမင်းကြီး တည်ထားကိုးကွယ်တော်မူခဲ့သည့် ရွှေသိမ်တော်စေတီတော်သို့သွားရောက်ပြီး စေတီတော်တွင် ကိန်းဝပ်အပူဇော်ခံထားသည့် အဓိဋ္ဌာန်အောင် ဆုတောင်းပြည့်မဟာရွှေသိမ်တော် မြတ်စွာဘုရားအား ဖူးမြော်ကြည်ညို၍ အလှူငွေများ လှူဒါန်းပြီး စေတီပရဝဏ်အတွင်း လှည့်လည်ကြည့်ရှုကာ ပင်မကျောင်းဆောင်တော်ကြီး မိုးလုံ၊ နေလုံ ရင်ပြင်တော်တိုးချဲ့တည်ဆောက်ခြင်း လုပ်ငန်းများနှင့် စပ်လျဉ်း၍ တာဝန်ရှိသူများမှ ရှင်းလင်း တင်ပြမှုများအပေါ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

# ဝက်လက်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်းကေအားလုံး ရာနှုန်းပြည့်စိုက်ပျိုးပြီးစီး

**ဝက်လက် ဖေဖော်ဝါရီ ၃**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ပဲတီစိမ်းကေအားလုံး ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။

ဝက်လက်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၄၅၆၅ ကေစိုက်ပျိုးရန်လျာထားပြီး ၂၀၂၅ ခုနှစ် အောက်တိုဘာလ ဒုတိယပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ကေအားလုံး ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဝက်လက်မြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ပဲတီစိမ်း ၄၅၆၅ ကေ စိုက်ပျိုးခဲ့ရာ ဒီနေ့မှာတော့ ကေအားလုံး ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ ပဲတီစိမ်းစိုက်ပျိုးရာတွင်



အထွက်နှုန်းကောင်းမွန်ဖို့၊ မျိုးကောင်းမျိုးသန့်တွေ သုံးစွဲဖို့ ဝက်လက်မြို့နယ် စိုက်ပျိုးရေး ပညာပေးတာတွေ ရှိပါတယ်"ဟု ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြသည်။

ဝက်လက်မြို့နယ်တွင် ပဲတီစိမ်း စိုက်တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန အနေဖြင့် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်း မျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ် မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှု ကင်းရှင်းရေး၊ အထွက်နှုန်း ကောင်းမွန်ရေး စသည့်အသိပညာ ပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်း တိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ပဲတီစိမ်းကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြ၍ သိရသည်။

(၂၀၆)

# ကျုံပျော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း ရောပဒေသာဆန် ၂၄ ပြည်ဝင် အိတ်ရေ ၅၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ကျုံပျော် ဖေဖော်ဝါရီ ၃**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇန်နဝါရီလအတွင်း ရောပဒေသာဆန် ၂၄ ပြည်ဝင်အိတ်ရေ ၅၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျုံပျော်မြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မြင့်မော်က ပြောပြသည်။

ကျုံပျော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလအတွင်း ရောပဒေသာဆန် ၂၄ ပြည်ဝင် အိတ်ရေ ၄၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇန်နဝါရီလအတွင်း ရောပဒေသာဆန် ၂၄ ပြည်ဝင်အိတ်ရေ ၅၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

''ပြီးခဲ့တဲ့လအတွင်း ရောပဒေသာဆန်အိတ်ရေ ၅၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ဒီဘက်က လယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကိုပဲ အများဆုံးတင်ပို့ရောင်းချနေပါတယ်။ ရောပဒေသာဆန်အမျိုးအစားက စားသုံးသူများတဲ့အုပ်စုထဲမှာပါတဲ့ ဆန်ဖြစ်ပါတယ်။ အဲဒီဆန်တွေကို ရန်ကုန်ဈေးကွက်ကဝယ်ယူမှုများနေလို့ အရောင်းအဝယ်ကောင်းခဲ့တာဖြစ်ပါတယ်။ အခုလို ဆန်တွေနဲ့စပါးတွေကို တင်ပို့ရောင်းချလာရတဲ့အတွက် စပါးစိုက်တောင်သူတွေ အဆင်ပြေလာပါတယ်''ဟု ကျုံပျော်မြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မြင့်မော်က ပြောပြသည်။

ကျုံပျော်မြို့နယ်မှ ရန်ကုန် ဈေးကွက်သို့ ပြီးခဲ့သည့်တစ်လအတွင်း တင်ပို့ရောင်းချခဲ့သည့် ရောပဒေသာဆန် ၂၄ ပြည်ဝင် တစ်အိတ်လျှင်ငွေကျပ် ၁၁၃၅၀၀ ပေါက်ဈေးရှိကြောင်း၊ အဆိုပါတင်ပို့ရောင်းချခဲ့သည့် ရောပဒေသာဆန်များသည် အရည်အသွေးကောင်းမွန်ကြောင်း သိရသည်။

ကျုံပျော်မြို့နယ်မှထွက်ရှိသည့် ရောပဒေသာဆန်များ အရောင်းအဝယ်ကောင်းမွန်လာခြင်းကြောင့် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များ၊ စပါးစိုက်တောင်သူများ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# ပုဂံကျောက်စာပါ ကျိန်စာများ

**မောင်သာ(ရှေးဟောင်းသုတေသန)**

ဗုဒ္ဓဘာသာ၏အလိုအရ ဗုဒ္ဓဘာသာဝင်များသည် ကောင်းမှုတစ်ခုခုကို ပြုလုပ်ပြီးတိုင်း ကောင်းမှုအကျိုးအဖြစ် ကောင်းမြတ်သော ဆုတစ်ခုကိုတောင်းခံလေ့ရှိကြသည်။ ကြီးမားသော အလှူမျိုးကိုမဆိုထားနှင့် နေ့စဉ်ဘုရားရှိခိုးသည့် နိစ္စဓူဝကောင်းမှုကို ပြုချိန်၌ပင် အပါယ်လေးပါး၊ ကပ်သုံးပါး၊ ရပ်ပြစ်ရှစ်ပါး၊ ရန်သူမျိုးငါးပါး၊ ဝိပတ္တိတရားလေးပါး၊ ဗျသနတရားငါးပါးတို့မှ အခါခပ်သိမ်း ကင်းလွတ်ငြိမ်း၍ မဂ်တရား၊ ဖိုလ်တရား၊ နိဗ္ဗာန်ချမ်းသာတရားတို့ကို ရပါစေကြောင်း ဆုတောင်းကြမြဲဖြစ်သည်။

ထို့အတူ မိမိပြုသည့် ကုသိုလ်အကျိုးကို မိမိနှင့်ထပ်တူထပ်မျှရရှိပါစေကြောင်း အမျှပေးဝေကာ ကြေးစည်၊ ခေါင်းလောင်း စသည်တို့ကို တီးခတ်လေ့ရှိကြသည်။ မျက်မှောက်ခေတ်ကာလတွင် မည်သည့်အလှူမျိုးကို ပြုလုပ်သည်ဖြစ်စေ အလှူရှင်သည် ဆုတောင်းခြင်းနှင့် အမျှပေးဝေခြင်းတို့ကို ပြုလုပ်သော်လည်း ကျိန်စာဆိုခြင်းကို ပြုလုပ်သူကား မရှိသလောက်နည်းပါးလှပေသည်။

သို့သော် ပုဂံခေတ်တွင် ဗုဒ္ဓဘာသာထွန်းကားစည်ပင်ပြီး ဗုဒ္ဓဘာသာအမြင်ဖြင့် အလှူဒါနများကို ပြုလုပ်ကြရာတွင် ဆုတောင်းခြင်း၊ မေတ္တာပို့ခြင်း၊ အမျှပေးဝေခြင်းတို့သာမက ကျိန်စာဆိုခြင်းများလည်းရှိခဲ့ကြောင်း ပုဂံခေတ်ထိုးကျောက်စာ အများအပြားတွင် တွေ့ရှိကြရသည်။

ဗုဒ္ဓ၏အလိုအရ အလှူတစ်ရပ်ရပ်ကို ပြုလုပ်ပြီးလျှင် ထိုအလှူ အလှူပစ္စည်း၊ အလှူ အဆောက်အအုံ စသည်တို့အပေါ်တွင် တွယ်တာစိတ်မရှိဘဲ ယတိပြတ်စွန့်လွှတ်ကြရသည်။ ထို့ကြောင့် ကျောင်း စသည့်အဆောက်အအုံများကို တည်ဆောက်လှူဒါန်းပြီးလျှင် ကျောင်းလွှတ်ပွဲကို ပြုလုပ်ပြီးသည်နှင့် ထိုကျောင်းသည် မိမိကျောင်းမဟုတ်တော့သကဲ့သို့ မိမိပိုင်ဆိုင်မှုလည်း မရှိတော့ပေ။

**သမိုင်းထင်ရှား ပုဂံကျောက်စာများ**

မြန်မာနိုင်ငံသမိုင်းတစ်လျှောက် ပုဂံခေတ်တွင် ရေးထိုးခဲ့သည့် ကျောက်စာများကို အများအပြားတွေ့ရှိရသည်။ ကျောက်စာများသည် ရေးထိုးခဲ့သည့် ခေတ်ကာလသမိုင်းကြောင်းကို ထင်ဟပ်နေသည့် အထောက်အထားများဖြစ်သဖြင့် ပုဂံကျောက်စာများမှတစ်ဆင့် ပုဂံ၏ သမိုင်းပုံရိပ်များကို ခြေရာခံနိုင်ခဲ့သည်။ ထို့အတူ ပုဂံခေတ် လူနေမှုဘဝပုံရိပ်များကိုလည်း မှန်းဆနိုင်ခဲ့ကြသည်။

မြန်မာ့စွယ်စုံကျမ်းတွင် ကျောက်စာများကို လေ့လာခြင်းဖြင့် ကျောက်စာရေးထိုးသောခေတ်က ယုံကြည်မှု အယူဝါဒများ၊ ယဉ်ကျေးမှုအနုပညာများနှင့် လူမှုဆက်ဆံရေးများကို မှန်းဆအကဲခတ်နိုင်သဖြင့် နိုင်ငံသမိုင်းကို များစွာအထောက်အကူဖြစ်စေကြောင်း ရေးသားထားသည်။

ပုဂံခေတ်တွင် ရေးထိုးခဲ့သည့် များစွာသော ကျောက်စာများအနက် ရာဇကုမာရ်မင်းသားရေးထိုးခဲ့သည့် ကျောက်စာသည် အထင်ရှားဆုံးဖြစ်ကာ မြစေတီကျောက်စာဟုလည်း သိရှိကြသည်။ ၎င်းကျောက်စာကို ယူနက်စကိုအဖွဲ့က ခိုင်မာသော သမိုင်းအထောက်အထားများကြောင့် ကမ္ဘာ့မှတ်တမ်းအမွေအနှစ် (Memory of the World) ဟု သတ်မှတ်ခဲ့သည်။ ရာဇကုမာရ်ကျောက်စာတွင် မိမိ၏အလှူအား နှိပ်စက်သူများကို ကျိန်စာပေးသည့် ပုဂံခေတ်အစဉ်အလာ ယဉ်ကျေးမှုတစ်ရပ်ကို တွေ့ရှိရပေသည်။

ထို့အတူ သိဃ်သူသမီးကျောက်စာ၊ ဖွားစောကျောက်စာ၊ ကျစွာမင်းကျောက်စာ၊ ရှင်ဒိသာပါမောက်ကျောက်စာ စသည့်ထင်ရှားသော ပုဂံကျောက်စာများကို သမိုင်းသုတေသီများက သုတေသနပြုနိုင်ခဲ့သဖြင့် ပုဂံခေတ်နိုင်ငံရေး၊အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ယုံကြည်ကိုးကွယ်မှု၊ အနုပညာနှင့် စာပေအရေးအသား စသည်တို့ကိုဖော်ထုတ်ရာတွင် များစွာ အထောက်အကူဖြစ်ခဲ့သည်။

ခေတ်အဆက်ဆက် ဖြတ်သန်းခဲ့သည့် မြန်မာနိုင်ငံ၏သမိုင်းကို ခြေရာကောက်ရာတွင် ကျောက်စာများသည် ပညာရှင်နှင့် သုတေသီများ အဓိကအားကိုးရသည့် ခိုင်မာသောအထောက်အထားများဖြစ်သည်။ ထို့ကြောင့် ကုန်းဘောင်ဘုရင် ဗဒုံမင်း (၁၇၈၂-၁၈၁၉ ခုနှစ်) လက်ထက်မှစ၍ ကျောက်စာများကို စုစည်းခဲ့ရာ လက်ရှိအချိန်တွင် ရှေးဟောင်းကျောက်စာ အများစုကို ရှေးဟောင်းသုတေသန ကျောက်စာရုံများတွင် ထိန်းသိမ်းထားသည်။ ပုဂံခေတ်ထိုး ကျောက်စာများကို ပုဂံရှေးဟောင်းသုတေသနပြတိုက်တွင် အများဆုံးကြည့်ရှုလေ့လာနိုင်ကြသည်။

**ပုဂံခေတ်အလှူရှင်များ**

ပုဂံခေတ်တစ်လျှောက်တွင် ဘုရင်နှင့်မိဖုရားမှ အစပြု၍ သာမန်ပြည်သူများထိ ဘုရားတည်၊ ကျောင်းဆောက် စသည့်ကောင်းမှုများကို ပြုလုပ်ခဲ့ကြသည်။ ပုဂံခေတ် အလှူရှင်များသည် မိမိတို့လှူဒါန်းသည့် အဆောက်အအုံပရိဘောဂများ ပျက်စီးဆုံးရှုံးမှုကို ကြောင့်ကြပူပန်ကြကြောင်း ယူဆရဖွယ်ရှိသည်။ ထို့ကြောင့် မိမိတို့၏ အလှူပစ္စည်းများကို ထိန်းသိမ်းစောင့်ရှောက်ရန် ကျွန်များကိုပါ လှူဒါန်းခဲ့ကြသည်။ ထိန်းသိမ်းစောင့်ရှောက်မှုစရိတ်အတွက် လယ်၊ ယာ၊ ဥယျာဉ်များကိုပါ လှူဒါန်းကြသည်။

သို့တိုင်အောင် မိမိတို့၏အလှူပစ္စည်း၊အဆောက်အအုံများအပေါ်တွင် စိုးရိမ်ကြောင့်ကြစိတ်များရှိနေခဲ့ကာ တစ်ပါးသူတို့၏ နှောင့်ယှက်မှုကြောင့် ပျက်စီးဆုံးရှုံးသွားမည်ကို စိုးရိမ်ခဲ့ကြသည်။ အချိန်မတန်မီ အကြောင်းတစ်ခုခုကြောင့် ပျက်စီးဆုံးရှုံးမှုများမဖြစ်ပေါ်စေရန် ဟန့်တားလိုခဲ့ကြသည်။ ထို့ကြောင့် ကျိန်စာဆိုကာ ရန်သူများ၏ ဘေးရန်ကိုကာကွယ်ခဲ့ကြသည်။ ထိုခေတ်ကာလတွင် ကျိန်စာကြောင့် မည်သူမျှ မဖျက်ဆီးရဲဘဲ သက်တမ်းရှည်ရှည်တည်တံ့နေခဲ့မည်ဟု ယူဆရသည်။ ပုဂံသားများသည် ဗုဒ္ဓဘာသာဝင်များဖြစ်သည့်အားလျော်စွာ ကျိန်စာကို ကြောက်ရွံ့ခဲ့ကြမည်ဟု ခန့်မှန်းရပေသည်။

မြန်မာစာပေပညာရှင်တစ်ဦးက ပုဂံသားများသည် ဗုဒ္ဓဘာသာဝင်များပင်ဖြစ်လင့်ကစား မိမိ၏အလှူပစ္စည်းများအပေါ်တွင် ကြောင့်ကြစိတ်များရှိနေခြင်းသည် ပုထုဇဉ်များ ဖြစ်သောကြောင့်သာဟု ယူဆသုံးသပ်ခဲ့ဖူးသည်။

> ❖ နားတောင်းများမင်း (၁၂၁၁-၁၂၃၁)သည် သက္ကရာဇ် ၅၆၉ ခုနှစ်တွင်ရေးထိုးခဲ့သည့် နားတောင်းများမင်းကြီးကျောက်စာတွင် မိမိအလှူကို ဖျက်ဆီးနှိပ်စက်မှု မပြုရန် နောင်တက်လာမည့် မင်း၊ မင်းသား၊ မှူးမတ်၊ ဖိုလ်ပါများကို ဟန့်တားပြီး ကျိန်စာဆိုခဲ့သည်။ ဤသို့ စင်ကြယ်စွာမှု၍ ငါလှူသောမြေကို အစိုးရသတည်းဟု ဖျက်ဆီးသော မင်းသည်လည်းကောင်း၊ မင်းသား၊ မင်းမယားတို့သည်လည်းကောင်း၊ အမတ်ဖိုလ်ပါတို့သည်လည်းကောင်း ဤလူလက်ထက် အပြစ်ရှစ်ပါး ရောက်စေသတည်း၊ ခန္ဓာပျက်သောကား အနှစ်ကိုးသန်းမှ တစ်နေ့ရှိသော သိဠိုးငရဲ အစချီသည့်ငရဲကြီးရှစ်ထပ်သက်တမ်းကို တစ်ခုချင်း ဖော်ပြလျက် ငရဲ၌ကျက်စေသတည်းဟု ကျိန်ဆိုခဲ့သည်။ ❖

**အနိုင်အထက်ပြုသူများ**

ပုဂံကျောက်စာများတွင် ကျိန်စာရေးထိုးရာ၌ "အနိုင်အထက် ဖျက်ဆီးနှိပ်စက် ညှဉ်းဆဲလုယက်စားသူ" ဟူသည့်အသုံးအနှုန်းကို မကြာခဏတွေ့ရှိရသည်။ ထိုစကားစုသည် ကျိန်စာအဆိုခံရသူများကို ရည်ညွှန်းခြင်းဖြစ်သည်။

ကုသိုလ်ရှင်များ၏ ကောင်းမှုအစုစုတွင် အဆောက်အအုံ၊ ပရိဘောဂများသာမက ကျွန်၊ လယ်၊ ယာ၊ ဥယျာဉ်များလည်း ပါဝင်သဖြင့် ၎င်းတို့ကို နိုင်လိုမင်းထက် ပြုသူများရှိနိုင်သကဲ့သို့ နှိပ်စက်ညှဉ်းဆဲသူများလည်း ရှိနိုင်မည်သာဖြစ်သည်။ ထိုသူများတွင် အလှူရှင်များ၏ ဆွေမျိုးများလည်း ပါဝင်နိုင်သည်။

ထို့ကြောင့် သက္ကရာဇ် ၅၇၉ ခုနှစ်တွင် ရေးထိုးသည့် သင်ကြီးအိုဆုံသင်ကျောက်စာတွင် "ဤငါလွှတ်သောကျွန်ကို အဆွေအမျိုးဟူ၍ နှိပ်စက်ရစ်မူကား ငရဲအပါယ်လေးပါး ကျက်စေသတည်း"ဟုလည်းကောင်း၊ သက္ကရာဇ် ၅၈၂ ခုနှစ်တွင် ရေးထိုးသည့် ခင်မိပယ်ပိုသီကျောက်စာတွင် "သားမြေးတော်သောသူတို့တည်း၊ ဖျက်ဆီးရစ်၏ ဟူမူကား ဘုန်းမကြီးစေ၊ အသက်မရှည်စေ၊ အဝီစိလျှင် ကျက်စေသတည်း"ဟုလည်းကောင်း၊ မန္တလေး နန်းတွင်းကျောက်စာရုံတွင် ကျောက်စာတိုင်အမှတ် (၁၉) အဖြစ် ထိန်းသိမ်းထားသည့် သက္ကရာဇ် ၅၈၄ ခုနှစ်တွင် ရေးထိုးသော ကျောက်စာတွင် "ဤအား ဖျက်ရစ်သောသူကား ငါ့လင်မျိုးလည်းကောင်း၊ ငါ့မျိုးလည်းကောင်း ငရဲအဝီစိကျက်စေသတည်း" ဟုလည်းကောင်း ရေးထိုးထားမှုကို ဖတ်ရှုရသည်။

ပုဂံသားတို့သည် မိမိတို့လှူဒါန်းသည့် ရုပ်ဝတ္ထုပစ္စည်းများကိုသာ အနိုင်အထက်မပြုရန်ကျိန်စာဆိုခဲ့ခြင်းမဟုတ်ဘဲ မိမိတို့လှူသည့် ကျွန်များကိုလည်း အနိုင်အထက်ပြု၊ နှိပ်စက်ညှဉ်းဆဲမှုများမပြုလုပ်နိုင်ရန် ကျိန်စာဖြင့် ကာကွယ်ခဲ့ပုံကို သက္ကရာဇ် ၅၈၅ ခုနှစ်တွင် အိုပြည့်စုံသင်အမည်ရှိ အမျိုးသမီး ရေးထိုးခဲ့သော စောမင်းလတ်ဘုရားကျောက်စာတွင် ဖတ်ရှုရသည်။

ထိုကျောက်စာကို ပုဂံရှေးဟောင်းသုတေသနပြတိုက်တွင် ထိန်းသိမ်းထားသည်။ ကျောက်စာတွင် ရေးထိုးထားမှုအရ အိုပြည့်စုံသင်နှင့် ခင်ပွန်းသည် မိမိတို့တည်သောဘုရားသို့ ကျွန် ၁၂ ယောက် လှူဒါန်းခဲ့ကာ မိမိတို့လှူသည့် ကျွန်များကို အနိုင်အထက်မပြုစေရန် ကျိန်စာရေးထိုးခဲ့သည်။ ထိုကျွန်များသည် အမိ(ဘက်) မှလာသောကျွန်လည်းမဟုတ်၊ အဖ(ဘက်)မှလာသော ကျွန်လည်းမဟုတ်ကြောင်း ရေးထိုးကာ ဆွေမျိုးများက ဝင်ရောက်စွက်ဖက်မည့်အရေးကို ဟန့်တားခဲ့သည်။

ထို့အတူ ကျောက်စာနံဂိုးပိုင်း စာကြောင်း ၂၀၊ ၂၁ နှင့် ၂၂ တွင် "ဤငါ ဘုရားလှူသောကျွန်၊ ငါလွှတ်သောကျွန်ကို ငါ့မောင်၊ ငါ့တူ၊ ငါ့သား စေစားရစ်၏၊ အနိုင်အထက်မူ၏ဟူမူကား အဝီစိကား အထက်၊ ချင်ကားအောက်ဖြစ်စေသတည်း"ဟု ရေးထိုးခဲ့သည်။

**အုပ်ချုပ်သူများ၏ အာဏာ**

ပုဂံခေတ်တွင် အုပ်စိုးခဲ့သည့် မင်းများသည် သက်ဦးဆံပိုင်ဘုရင်များဖြစ်သောကြောင့် အလှူပစ္စည်းများကို မိမိတို့လက်ထက်တွင် မိမိတို့သဘောအတိုင်း စီမံခန့်ခွဲမှုများရှိခဲ့သည်။ အခြားအုပ်ချုပ်ရေးဆိုင်ရာတာဝန်ယူထားသူများကလည်း မိမိတို့အာဏာဖြင့် ဝင်ရောက်ခြယ်လှယ်မှုများရှိခဲ့သည်။

ထို့ကြောင့် နားတောင်းများမင်း (၁၂၁၁-၁၂၃၁) သည် သက္ကရာဇ် ၅၆၉ ခုနှစ်တွင် ရေးထိုးခဲ့သည့် နားတောင်းများမင်းကြီးကျောက်စာတွင် မိမိအလှူကို ဖျက်ဆီးနှိပ်စက်မှု မပြုရန် နောင်တက်လာမည့် မင်း၊ မင်းသား၊ မှူးမတ်၊ ဖိုလ်ပါများကို ဟန့်တားပြီး ကျိန်စာဆိုခဲ့သည်။

ဤသို့ စင်ကြယ်စွာမှု၍ ငါလှူသောမြေကို အစိုးရသတည်းဟု ဖျက်ဆီးသောမင်းသည်လည်းကောင်း၊ မင်းသား၊ မင်းမယားတို့သည်လည်းကောင်း၊ အမတ်ဖိုလ်ပါတို့သည်လည်းကောင်း ဤလူလက်ထက် အပြစ်ရှစ်ပါးရောက်စေသတည်း၊ ခန္ဓာပျက်သောကား အနှစ်ကိုးသန်းမှ တစ်နေ့ရှိသော သိဠိုးငရဲ အစချီသည့် ငရဲကြီးရှစ်ထပ်သက်တမ်းကို တစ်ခုချင်းဖော်ပြလျက် ငရဲ၌ကျက်စေသတည်းဟု ကျိန်ဆိုခဲ့သည်။

ထို့အတူ ပုဂံခေတ် မင်းမှုထမ်း၊ နန်းတွင်းအရာရှိတစ်ဦးဖြစ်သည့် သခင်စခီပိုလ်က သက္ကရာဇ် ၆၁၇ ခုနှစ်တွင် သူ၏အလှူကို လုယက်ညှဉ်းဆဲမည့်သူများကို သတိပေးဟန့်တားခဲ့သည်။ သခင်စခီပိုလ်သည် ကျောင်းဆောက်လှူဒါန်းပြီး ကျွန်များလှူဒါန်းကာ ကျောက်စာရေးထိုးခဲ့သည်။

ငါ့ကျောင်း၌ ငါလှူလျက်လျှင် ငါ့ဥယျာဉ်၊ ငါ့ကျွန်တို့ကို အမတ်၊ ကလန်၊ သံပျင်၊ ငါ့ဆွေ၊ ငါ့မျိုးဟူ၍ လုယက်၊ ညှဉ်းဆဲ၊ ဖျက်ဆီးသသူတို့ကား ဤလူ့(ဘဝ)၌လည်း ချမ်းသာမရစေသတည်း တမလွန်၌လည်း ကမ္ဘာအထဲ ငရဲအဝီစိလျှင် ကျက်စေသတည်း စသည်ဖြင့် ကျိန်စာရေးထိုးခဲ့သည်။

ပုဂံခေတ်တွင် ဘုန်းကြီးကျောင်းများနှင့် ဘုရားဝတ္ထုကံမြေများသည် အခွန်ကင်းလွတ်ခွင့်ရှိသော်လည်း တစ်ခါတစ်ရံ၌ အုပ်ချုပ်သူများ၏ အခွန်အတုတ်ကောက်ခံခြင်းများ ရှိခဲ့ဖူးသည်။ ထို့သို့အခွန်တောင်းခံရသည့် အတွေ့အကြုံရှိခဲ့ဟန်တူသော သမန္တဘဒြာသည် သက္ကရာဇ် ၆၂၂ ခုနှစ်တွင် ရေးထိုးခဲ့သည့် သူ၏မဟာရစ်စေတီ ကျောက်စာတွင် ရှာသူကြီးအစရှိသော အုပ်ချုပ်သူများက အနိုင်အထက် အခွန်တောင်းခံခြင်းကို ကာကွယ်တားဆီးနိုင်ရန် ကျိန်စာများကို ထည့်သွင်းရေးထိုးခဲ့သည်။

မည်သို့ပင်ဆိုစေ မိမိအလှူပစ္စည်းကို ကာကွယ်ရန် ကျိန်စာဆိုသည့် ပုဂံကျောက်စာများကို များစွာတွေ့ရှိရခြင်းကြောင့် ပုဂံသုတေသီများသည် ပုဂံသားများ၏ စိတ်နေစိတ်ထားတစ်ခုကို ခန့်မှန်းကြည့်နိုင်ခဲ့ကြကြောင်း ရေးသားလိုက်ရပါသည်။

**ကိုးကား**


- ရှေးဟောင်းမြန်မာကျောက်စာများ (ဦးငြိမ်းမောင်)
- ပုဂံခေတ်မြန်မာစာ(စောလှ)
- ပုဂံခေတ်အလှူဆိုင်ရာဆုတောင်းနှင့် ကျိန်စာများ(မင်းဆွေ)

## ၂၀၂၆ ခုနှစ်၊ (၇၉) နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

၁။ နိုင်ငံတော်၏အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

၂။ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရ၊ တပ်မတော်တို့နှင့်အတူ တိုင်းရင်းသားလူမျိုးများအားလုံး လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

၃။ နိုင်ငံတော်အတွင်း တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများထွန်းကားလျက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ထာဝရငြိမ်းချမ်းရေးတည်ဆောက်နိုင်ရန်အတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

၄။ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ရင်းနှီးချစ်ကြည်မှု၊ ယုံကြည်မှု၊ စည်းလုံးညီညွတ်မှု၊ စုစည်းလုပ်ဆောင်မှုတို့ဖြင့် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်ရေး။

၅။ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်ဖြစ်ပေါ်လာရေးနှင့် တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းဖော်ဆောင်ရေး။

# တန့်ဆည်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲကေအားလုံး ရာနှုန်းပြည့်စိုက်ပျိုးပြီးစီး



**ရေဦး ဖေဖော်ဝါရီ ၃**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် တန့်ဆည်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲကေအားလုံး ရာနှုန်းပြည့်စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

တန့်ဆည်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ၂၅၉၉၇ ဧကစိုက်ပျိုးရန် လျာထားပြီး ၂၀၂၅ ခုနှစ် အောက်တိုဘာလ ဒုတိယပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဧကအားလုံး ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီ တန့်ဆည်မြို့နယ်မှာ ကုလားပဲ ၂၅၉၉၇ ဧက လျာထားစိုက်ပျိုးခဲ့ပါတယ်။ ဒီနေ့မှာ ဧကအားလုံး ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ကုလားပဲအထွက်နှုန်းနဲ့ အရည်အသွေး ကောင်းမွန်ဖို့ လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေကို တောင်သူတွေနဲ့ပူးပေါင်းပြီး ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

တန့်ဆည်မြို့နယ်၌ ကုလားပဲ စိုက်ပျိုးရာတွင် ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်းမွန်သည့် ရေဆင်း (၈) နှင့် ရေဆင်း (၁၁) မျိုးများကို ရွေးချယ်စိုက်ပျိုးကြကြောင်း၊ ကုလားပဲတစ်ဧကစိုက်ပျိုးပါက ငွေကျပ် သုံးသိန်းကျော်ကုန်ကျကြောင်း သိရသည်။

တန့်ဆည်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ အထွက်နှုန်းနှင့် အရည်အသွေး ကောင်းမွန်ရေးအတွက် လိုအပ်သည့် မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုများကို တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကုလားပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ကုလားပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။

(၂၀၆)

# မိုးကောင်းမြို့နယ် ပင်းကြိုင်းကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှု စစ်ဆေး

**မိုးကောင်း ဖေဖော်ဝါရီ ၃**

ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးကောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်နယ်ခွင့်ပြုရန်ပုံငွေဖြင့် ပင်းကြိုင်းကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဖေဖော်ဝါရီ ၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကချင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး (နည်းပညာ) ဦးတင်ဇော်လင်း၊ မိုးညှင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးထွန်းထွန်းဝင်း၊ မိုးကောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေဝင်းနှင့် ဝန်ထမ်းများက ပင်းကြိုင်းကျေးရွာ၌ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်နယ်ခွင့်ပြု ရန်ပုံငွေဖြင့် ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယညွှန်ကြားရေးမှူး(နည်းပညာ) ဦးတင်ဇော်လင်းက ကျေးရွာလမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့် တွေ့ဆုံကာ ဆောင်ရွက်ပြီးလုပ်ငန်းများကို ရေရှည်တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်ကြရန် ဆွေးနွေးမှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ပင်းကြိုင်းကျေးရွာ၌ အရှည် တစ်မိုင်တစ်ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မရှိ ကျေးလက်ကုန်ထုတ်လမ်း သဲကျောက်ခင်းခြင်းလုပ်ငန်း၊ Box Culvert တစ်စင်း၊ Slab Culvert တစ်စင်းနှင့် Pipe Culvert ငါးစင်း တည်ဆောက်ခြင်း လုပ်ငန်းများကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်နယ်ခွင့်ပြုရန်ပုံငွေကျပ် ၃၈၃ ဒသမ ၄၁၆ သန်းဖြင့် Always Aung Naing Thu ကုမ္ပဏီက ၂၀၂၅ ခုနှစ် ဇူလိုင်လဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**နွဲ့ယဉ်**

## အောင်စိတ်မွေးကာ ကြိုးစားရာ

\- ကြောင်းကျိုးကောင်းဆိုး မှားမှန်မျိုးကို
ချိန်ထိုးကာကြည့် ဝေဖန်သိ၍
ဝီရိယထား လုံ့လပွားကာ
ကြိုးစားပါမှ အောင်မြင်ရ၏။

\- စိတ်အားတက်ကြွ ဝီရိယကား
စွမ်းစအားသွန် လုံ့လချွန်၍
ကျေပွန်လုပ်ငန်း တွင်တွင်ပမ်းဖို့
ထမ်းဆောင်စိတ်မွေး အားခွန်ပေး၏။

\- ငုပ်မိသဲတိုင် တက်နိုင်ဖျားရောက်
ခရီးပေါက်ဖို့ ကိုယ်လျှောက်သည့်လမ်း
ခယောင်းကြမ်းစေ ဆူးလွှမ်းစေတော့
မခွေမယိုင် ဖွဲ့စိတ်ပိုင်၍
ပန်းတိုင်ဆွတ်ခူး အောင်စိတ်ထူး၏။

\- အောင်စိတ်ဟူသည်
ဖြစ်တည်စိတ်မွေး ရှုံးမပေးဘဲ
အတွေးတိုင်းတွင် ပန်းတိုင်ဝင်ဖို့
အစဉ်ရိုးသား ဖွဲ့စိတ်ထားဖြင့်
တိုးပွားစေမှု နိုးကြားပြု၍
တုန့်နှိုင်းမဲ့ကင်း ကြိုးစားခြင်း။ ။

**မောင်လေပြေ(တောင်တွင်း)**

# ဖြူးမြို့နယ် ဇီးခုံကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဖြူး ဖေဖော်ဝါရီ ၃**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဇီးခုံကျေးရွာ၌ ဆဋ္ဌမအကြိမ် ကျေးရွာမတည် ရန်ပုံငွေစီမံကိန်း (VRFP) ရန်ပုံငွေထုတ်ချေးခြင်းကို ဖေဖော်ဝါရီ ၂ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဖြူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်မျိုးအောင်နှင့် ဝန်ထမ်းများက ဇီးခုံကျေးရွာရှိ တာဝန်ရှိသူများ၊ စီမံကိန်း ကော်မတီဝင်များနှင့် တွေ့ဆုံကာ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP) အကောင်အထည်ဖော်ဆောင်ရွက်ပေးရခြင်း၏ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်းစဉ်အကြောင်းအရာများ၊ ကျေးလက်နေပြည်သူများ ထားရှိရမည့် ကျေးရွာစိတ်ဓာတ်များ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက စီမံကိန်းစက်ဝန်းကာလနှင့် အတိုးနှုန်းသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်းကော်မတီဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် ၄၆ ဒသမ ၇ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းကော်မတီဝင်များက ဇီးခုံကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၈၄ ဦးကို ငွေကျပ် ၃၇ ဒသမ ၈ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၄၁ ဦးကို ငွေကျပ် ၈ ဒသမ ၉ သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၂၅ ဦးကို ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်း (VRFP )ရန်ပုံငွေကျပ် ၄၆ ဒသမ ၇ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ချိုလေး**

## နိုင်ငံတကာ သတင်းများ

# အမေရိကန်နှင့် နျူကလီးယားဆွေးနွေးပွဲများ စတင်ရန် အီရန်သမ္မတ ပြောကြား



**တီဟီရန် ဖေဖော်ဝါရီ ၃**

အမေရိကန်နိုင်ငံနှင့် နျူကလီးယားဆွေးနွေးပွဲများ စတင်ရေးအတွက် ပြင်ဆင်မှုများပြုလုပ်ရန် အီရန်သမ္မတ ပီဇက်ရှ်ကီအန်က ဖေဖော်ဝါရီ ၂ ရက်တွင် ပြောကြားထားကြောင်း အီရန်မီဒီယာများက သတင်းထုတ်ပြန်ထားသည်ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

နျူကလီးယား ဆွေးနွေးပွဲများ ကျင်းပရေးအတွက် အမေရိကန်နိုင်ငံ၏တောင်းဆိုချက်၊ ဒေသတွင်း မိတ်ဆွေနိုင်ငံများ၏ တောင်းဆိုချက်များကို တုံ့ပြန်သည့်အနေဖြင့် နျူကလီးယား ဆွေးနွေးပွဲများ စတင်ရေးအတွက် နိုင်ငံခြားရေးဝန်ကြီး အာရက်ချီကို မိမိညွှန်ကြားထားကြောင်း အီရန်သမ္မတ ပီဇက်ရှ်ကီအန်က ဖေဖော်ဝါရီ ၂ ရက်တွင် ပြောကြားထားသည်။

အီရန်နိုင်ငံကို စစ်ရေးအရ တိုက်ခိုက်ရမည့်အရေးကို ရှောင်လွှဲရေးအတွက် နျူကလီးယား သဘောတူညီချက်ရယူနိုင်ရန် မိမိမျှော်လင့်ထားကြောင်း အမေရိကန်သမ္မတဒေါ်နယ်ထရမ့်က ပြောကြားခဲ့ပြီးနောက် နျူကလီးယား ဆွေးနွေးပွဲများစတင်ရန် အီရန်သမ္မတက နိုင်ငံခြားရေးဝန်ကြီးကို ညွှန်ကြားထားခြင်းဖြစ်သည်။

ပြီးခဲ့သည့်လအတွင်း အီရန်အစိုးရက ဆန္ဒပြပွဲများကို အင်အားသုံးနှိမ်နင်းခဲ့ပြီးနောက် အီရန်နှင့် အမေရိကန်နိုင်ငံတို့အကြား ဆက်ဆံရေးတင်းမာလာခဲ့သည်။

ထို့ပြင် အီရန်နိုင်ငံသည် အမေရိကန်နိုင်ငံနှင့် နျူကလီးယားသဘောတူညီချက်တစ်ရပ် မရယူခဲ့ပါက စစ်ရေးအရအရေးယူမှုနှင့် ရင်ဆိုင်ရမည်ဖြစ်ကြောင်း သမ္မတဒေါ်နယ်ထရမ့်က ပြောကြားထားသည်။

လက်ရှိတွင် အမေရိကန်အစိုးရသည် ယူအက်စ်အက်စ် အေဘရာဟင်လင်ကွန်း လေယာဉ်တင်သင်္ဘောဦးဆောင်သော ရေတပ်အုပ်စုကို အရှေ့အလယ်ပိုင်းသို့ စေလွှတ်ထားကြောင်း သိရသည်။


Ref : RT

Trs : KKO

# တရုတ်သမ္မတနှင့် ဥရုဂွေးသမ္မတတို့ ပေကျင်းမြို့၌ တွေ့ဆုံဆွေးနွေး

**ပေကျင်း ဖေဖော်ဝါရီ ၃**

တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် ဥရုဂွေးသမ္မတ ယာမန်ဒူအော်စီတို့ ယနေ့တွင် ပေကျင်းမြို့၌ တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း Xinhua သတင်းဌာနက ဖော်ပြထားသည်။



တန်းတူညီမျှမှုရှိ၍ အစီအစဉ်ကျနသော ဝင်ရိုးစုံကမ္ဘာကြီး ဖန်တီးရေးအတွက် တရုတ်နှင့် ဥရုဂွေးနိုင်ငံတို့အနေဖြင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း ဥရုဂွေးသမ္မတနှင့် တွေ့ဆုံဆွေးနွေးစဉ် တရုတ်သမ္မတ ရှီကျင့်ဖျင်က ပြောကြားခဲ့သည်။

ထို့ပြင် လက်တင်အမေရိကနိုင်ငံများနှင့် ကာရေဘီယံဒေသနိုင်ငံများ၏ အချုပ်အခြာအာဏာတည်မြဲရေး ကြိုးပမ်းမှုများကို ထောက်ခံအားပေးကြောင်း တရုတ်သမ္မတ ရှီကျင့်ဖျင်က ပြောကြားထားသည်။

ဥရုဂွေးသမ္မတ အော်စီသည် အမေရိကန်နိုင်ငံက ဗင်နီဇွဲလားနိုင်ငံကို စစ်ရေးအရတိုက်ခိုက်၍ သမ္မတမာဒူရိုကို ဖမ်းဆီးထိန်းသိမ်းခဲ့ပြီးနောက်ပိုင်း တရုတ်နိုင်ငံသို့ ရောက်ရှိလာသည့် ပထမဆုံး တောင်အမေရိက ခေါင်းဆောင်ဖြစ်သည်။

တရုတ်နှင့် ဥရုဂွေးနိုင်ငံတို့ကြား မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေး အခြေအနေမှာ အကောင်းဆုံးအချိန်သို့ ရောက်ရှိနေပြီဖြစ်ကြောင်း ဥရုဂွေးသမ္မတ အော်စီက တရုတ်သမ္မတနှင့် တွေ့ဆုံဆွေးနွေးစဉ် ထုတ်ဖော်ပြောကြားခဲ့သည်။

သမ္မတအော်စီ၏ပေကျင်းခရီးစဉ်အတွင်း ဥရုဂွေးနှင့် တရုတ်တာဝန်ရှိသူများသည် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်အများအပြား လက်မှတ်ရေးထိုးနိုင်ခဲ့ကြကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# ယူကရိန်း၌ ပြည်ပတပ်များဖြန့်ကြက်မှု လက်ခံမည်မဟုတ်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂေးလက်ဗရော့ဗ် ပြောကြား

**မော်စကို ဖေဖော်ဝါရီ ၃**

ယူကရိန်း၌ ပြည်ပလက်နက်ကိုင်တပ်များနှင့် စစ်ရေးအခြေခံအဆောက်အအုံများ ဖြန့်ကြက်မှုမှန်သမျှကို ပြည်ပကြားဝင်စွက်ဖက်မှုအဖြစ် မှတ်ယူမည်ဖြစ်ပြီး လက်ခံမည်မဟုတ်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂေးလက်ဗရော့ဗ်က ဖေဖော်ဝါရီ ၂ ရက်တွင် ပြောကြားခဲ့သည်ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ထို့ပြင် ယူကရိန်းနိုင်ငံ၌ ဖြန့်ကြက်မည့်ပြည်ပ လက်နက်ကိုင်တပ်များနှင့် စစ်ရေး အခြေခံဆောက်အအုံများကိုလည်း တရားဝင် စစ်ရေးပစ်မှတ်များအဖြစ် သတ်မှတ်မည်ဖြစ်ကြောင်း ရုရှား နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားထားသည်။

သို့ရာတွင် ယူကရိန်းပဋိပက္ခပြီးဆုံးရေးအတွက် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ ကြားဝင်ကြိုးပမ်းမှုများကိုမူ ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂေးလက်ဗရော့ဗ်က ချီးကျူးခဲ့ကြောင်း ရုရှားမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

အမေရိကန်၊ ရုရှား၊ ယူကရိန်း နိုင်ငံတို့သည် လေးနှစ်နီးပါးကြာ ယူကရိန်းပဋိပက္ခကို အဆုံးသတ်ရေးအတွက် ဒုတိယမြောက် သုံးပွင့်ဆိုင် ဆွေးနွေးမှုများကို ယူအေအီးနိုင်ငံ အဘူဒါဘီမြို့၌ ယခုရက်သတ္တပတ်အတွင်း ကျင်းပရန်စီစဉ်ထားသည်။

ယူကရိန်းပဋိပက္ခကို အဆုံးသတ်ရေးအတွက် လုံခြုံရေးအာမခံချက်များကိစ္စမှာ အဓိကအဟန့်အတားအဖြစ်ကျန်ရှိနေဆဲဖြစ်ပြီး လုံခြုံရေးအာမခံချက်တစ်ရပ်အဖြစ် ယူကရိန်း၌ ဥရောပတပ်များ ဖြန့်ကြက်ရန် အနောက်အုပ်စုနိုင်ငံများက အဆိုပြုထားသည်။

သို့ရာတွင် ယူကရိန်း၌ အနောက်အုပ်စုနိုင်ငံများမှ တပ်များဖြန့်ကြက်မှုကို လက်ခံမည်မဟုတ်ဟု ရုရှားအစိုးရက ပြောကြားထားကြောင်း သိရသည်။

Ref : RT

Trs : KKO

# အသက် ၁၆ နှစ်အောက် ကလေးများ လူမှုမီဒီယာသုံးစွဲမှု စပိန်ပိတ်ပင်မည်

**ဒူဘိုင်း ဖေဖော်ဝါရီ ၃**

အသက်၁၆နှစ်အောက်ကလေးများ လူမှုမီဒီယာသုံးစွဲမှုကို ပိတ်ပင်မည်ဖြစ်ကြောင်း စပိန်ဝန်ကြီးချုပ် ပက်ဒရိုဆန်းချက်ဇ်က ယနေ့တွင် ကြေညာချက် ထုတ်ပြန်ထားကြောင်း Xinhua သတင်းဌာနက ဖော်ပြထားသည်။

ဒစ်ဂျစ်တယ် နည်းပညာ၏ ဆိုးကျိုးများမှ စပိန်ကလေးငယ်များကို ကာကွယ်ပေးနိုင်ရေးအတွက် အသက် ၁၆ နှစ်အောက် ကလေးများ လူမှုမီဒီယာသုံးစွဲမှုကို ပိတ်ပင်မည်ဖြစ်ကြောင်း စပိန်ဝန်ကြီးချုပ်က ယူအေအီးနိုင်ငံ ဒူဘိုင်းမြို့၌ကျင်းပသည့် ကမ္ဘာ့အစိုးရများ ထိပ်သီးညီလာခံတွင် ပြောကြားခဲ့သည်။

အသက်၁၆နှစ်အောက်ကလေးများ လူမှုမီဒီယာသုံးစွဲမှုပိတ်ပင်ရေး ဥပဒေကြမ်းတစ်ရပ်ကို စပိန်အစိုးရက လာမည့် ရက်သတ္တပတ်အတွင်း လွှတ်တော်သို့ တင်သွင်းရန်စီစဉ်ထားကြောင်း စပိန်ဝန်ကြီးချုပ်၏ အဆိုအရ သိရသည်။

အဆိုပါဥပဒေကြမ်းအရ လူမှုမီဒီယာကုမ္ပဏီများအနေဖြင့် စပိန်နိုင်ငံ၌ အသက်အရွယ် ခွဲခြားရေးစနစ်များကို ကျင့်သုံးရန် လိုမည်ဖြစ်သည်။

အသက်၁၆နှစ်အောက်ကလေးများ လူမှုမီဒီယာသုံးစွဲမှုကို ပိတ်ပင်ခဲ့သည့် ကမ္ဘာ့ပထမဆုံးနိုင်ငံမှာ သြစတြေးလျ နိုင်ငံဖြစ်ပြီး ပြီးခဲ့သည့်နှစ် ဒီဇင်ဘာလတွင် ဥပဒေပြဋ္ဌာန်း၍ စတင်ပိတ်ပင်ခဲ့သည်။

သြစတြေးလျနိုင်ငံ ကဲ့သို့ပင် ဗြိတိန်နှင့် ပြင်သစ်တို့ကလည်း အသက် ၁၆ နှစ်အောက် ကလေးများ လူမှုမီဒီယာသုံးစွဲမှုကို ပိတ်ပင်ရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# နှစ်နှစ်လျှင် တစ်ကြိမ်ကျင်းပသည့် စင်ကာပူလေကြောင်းပြပွဲ စတင်

**စင်ကာပူ ဖေဖော်ဝါရီ ၃**

နှစ်နှစ်လျှင်တစ်ကြိမ် ကျင်းပမြဲဖြစ်သော စင်ကာပူလေကြောင်းပြပွဲကို စင်ကာပူနိုင်ငံက ယနေ့တွင် စတင်ကျင်းပခဲ့ကြောင်း Xinhua သတင်းဌာနက ဖော်ပြထားသည်။

၁၀ ကြိမ်မြောက် စင်ကာပူလေကြောင်းပြပွဲတွင် အဲဘတ်စ်ကုမ္ပဏီနှင့် ဘိုးအင်းကုမ္ပဏီများ အပါအဝင် နိုင်ငံတကာလေကြောင်းကုမ္ပဏီ ၁၀၀၀ ကျော်တို့ ပါဝင်ပြသနေကြောင်း စင်ကာပူမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

ယခုနှစ် စင်ကာပူလေကြောင်းပြပွဲသို့ တက်ရောက်သူဦးရေမှာ ၂၀၂၄ ခုနှစ် လေကြောင်းပြပွဲကထက် ပိုများနိုင်ကြောင်း ပွဲစီစဉ်သူများက မျှော်လင့်ထားသည်။




၂၀၂၄ ခုနှစ်စင်ကာပူလေကြောင်းပြပွဲသို့ တက်ရောက်ခဲ့သူဦးရေမှာ ၆၀၀၀၀ ထိ ရှိခဲ့ကြောင်း လေကြောင်းပြပွဲ စီစဉ်သူများက ပြောကြားထားသည်။

နိုင်ငံတကာ လေကြောင်းစက်မှုလုပ်ငန်းများအနေဖြင့် ဒေသအလိုက် လေကြောင်းပျံသန်းရေးလုပ်ငန်းရည်မှန်းချက်များ ပြည့်မီရေးအတွက် ကြိုးပမ်းနေရချိန်တွင် စင်ကာပူနိုင်ငံက အာရှတိုက်၏ အကြီးဆုံးလေကြောင်းပြပွဲဖြစ်သည့် စင်ကာပူလေကြောင်းပြပွဲကို စတင်ကျင်းပခဲ့ခြင်းဖြစ်သည်။

အာရှ-ပစိဖိတ် ဒေသသည် ကမ္ဘာပေါ်၌ လေကြောင်းပျံသန်းမှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှု အမြန်ဆုံးဒေသဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# SCIENCE AND TECHNOLOGY

## တရုတ်အမျိုးသားအာကာသအေဂျင်စီက အယ်လ်ဂျီးရီးယားနိုင်ငံ၏ အဝေးအာရုံခံစနစ်ဂြိုဟ်တုတစ်စင်း လွှတ်တင်ခဲ့



**ပေကျင်း ဖေဖော်ဝါရီ ၃**

တရုတ်အမျိုးသားအာကာသအေဂျင်စီသည် အယ်လ်ဂျီးရီးယားနိုင်ငံ၏အဝေးအာရုံခံစနစ်ဂြိုဟ်တုတစ်စင်းကို အောင်မြင်စွာလွှတ်တင်ခဲ့ကြောင်း ဖေဖော်ဝါရီ ၂ ရက် သတင်းများအရ သိရသည်။

အဆိုပါ အယ်လ်ဂျီးရီးယားဂြိုဟ်တုကိုသယ်ဆောင်ထားသည့် လောင်းမတ်ချ်-၂ စီဒုံးပျံကို တရုတ်နိုင်ငံအနောက်မြောက်ပိုင်း ချိုက္ကမ်ဂြိုဟ်တုလွှတ်တင်ရေးစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

လွှတ်တင်ပြီး မကြာမီမှာပင် လောင်းမတ်ချ်-၂ စီ ဒုံးပျံသည် အယ်လ်ဂျီးရီးယား အဝေးအာရုံခံစနစ်ဂြိုဟ်တုကို သတ်မှတ်ပတ်လမ်းပေါ်သို့အောင်မြင်စွာပို့ဆောင်ပေးနိုင်ခဲ့သည်။

အယ်လ်ဂျီးရီးယားနိုင်ငံသည် အဆိုပါဂြိုဟ်တုကို မြေယာစီမံကိန်းရေးဆွဲရေး၊ သဘာဝဘေးကာကွယ်ရေး လုပ်ငန်းများအတွက် အသုံးပြုမည်ဖြစ်သည်။

ALSAT-3B အမည်ရှိ အဆိုပါဂြိုဟ်တုသည် အယ်လ်ဂျီးရီးယားနိုင်ငံက ယခုနှစ်အတွင်း လွှတ်တင်ခဲ့သည့် ဒုတိယမြောက်ဂြိုဟ်တုဖြစ်ကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

## နာဆာသိပ္ပံပညာရှင်များက ကမ္ဘာဂြိုဟ်နှင့် ဖွဲ့စည်းတည်ဆောက်ပုံ အလွန်နီးစပ်သော နေအဖွဲ့အစည်းပြင်ပဂြိုဟ်တစ်စင်းကို ရှာဖွေတွေ့ရှိထား

**ဝါရှင်တန် ဖေဖော်ဝါရီ ၃**



အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ) သိပ္ပံပညာရှင်များသည် ကမ္ဘာဂြိုဟ်နှင့် ဖွဲ့စည်းတည်ဆောက်ပုံ အလွန်နီးစပ်သော နေအဖွဲ့အစည်းပြင်ပဂြိုဟ်တစ်စင်းကို ရှာဖွေတွေ့ရှိထားကြောင်း ဖေဖော်ဝါရီ၂ရက်သတင်းများအရ သိရသည်။

ကမ္ဘာဂြိုဟ်နှင့် အလင်းနှစ် ၁၄၆ နှစ်အကွာတွင် တည်ရှိသော အဆိုပါဂြိုဟ်ကို HD 137010 b ဟူ၍ နာဆာသိပ္ပံပညာရှင်များက အမည်ပေးထားသည်။

HD 137010 b ဂြိုဟ်သည် ၎င်း ဗဟိုပြုလှည့်ပတ်နေသော မိခင်ကြယ်နှင့် မနီးလွန်းမဝေးလွန်း သောပတ်လမ်းပေါ်တွင် နေရာယူထားသည်ဖြစ်ရာ ရေဓာတ်ကို အရည်ပုံစံဖြင့် ထိန်းထားနိုင်ဖွယ်ရှိကြောင်း နာဆာသိပ္ပံပညာရှင်များက ယူဆထားသည်။

သို့ရာတွင် HD 137010 bဂြိုဟ် ဗဟိုပြုလှည့်ပတ်နေသည့် HD 137010 ကြယ်မှာ နေနှင့်နှိုင်းယှဉ်ပါက ပို၍အေးမြသည်ဖြစ်ရာ HD 137010 b ဂြိုဟ်မှာ အအေးဓာတ်ပြင်းထန်သည့် ဂြိုဟ်တစ်စင်းဖြစ်နိုင်ကြောင်း နာဆာသိပ္ပံပညာရှင်များက ပြောကြားသည်။

အမေရိကန်သိပ္ပံပညာရှင်များ၏ တွက်ချက်မှုအရ HD 137010 b ဂြိုဟ်၏ မျက်နှာပြင်အပူချိန်မှာ အနုတ် ၉၀ ဒီဂရီဖယ်ရင်ဟိုက် (အနုတ် ၆၈ ဒီဂရီဆဲလ်စီယပ်စ်) ထိ ရှိနိုင်ကြောင်း သိရသည်။

နာဆာသိပ္ပံပညာရှင်များသည် HD 137010 b ဂြိုဟ်ကို ကတ်ပလာ အာကာသရေဒီယိုတယ်လီစကုပ် အကူအညီအဖြင့် ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

## အင်တာစတယ်လာအာကာသနည်းပညာကုမ္ပဏီက အာကာသဟင်းလင်းပြင် အနားစပ်ခရီးစဉ်များကို ၂၀၂၈ ခုနှစ်တွင် လွှတ်တင်ရန်စီစဉ်ထား

**ပေကျင်း ဖေဖော်ဝါရီ ၃**

တရုတ်နိုင်ငံ အခြေစိုက် အင်တာစတယ်လာ အမည်ရှိ အာကာသနည်းပညာကုမ္ပဏီသည် ပုဂ္ဂလိက အာကာသခရီးသည်များ လိုက်ပါမည့် အာကာသဟင်းလင်းပြင်အနားစပ်ခရီးစဉ်များကို ၂၀၂၈ ခုနှစ်တွင် လွှတ်တင်ရန်စီစဉ်ထားကြောင်း ဖေဖော်ဝါရီ၂ရက်သတင်းများအရ သိရသည်။

အင်တာစတယ်လာကုမ္ပဏီသည် CYZ 1 အမည်ရှိ အာကာသလူသယ်ယာဉ်ဖြင့် ပုဂ္ဂလိက အာကာသခရီးစဉ်များကို ၂၀၂၈ ခုနှစ်တွင် စတင်ပျံသန်းရန်စီစဉ်ထားကြောင်း သိရသည်။

CYZ 1 အာကာသလူသယ်ယာဉ်သည် လိုက်ပါမည့်ခရီးသည်များကို ကမ္ဘာမြေပြင်အထက် အမြင့် ၆၂ မိုင်တွင်ရှိသော ကာဗင်မျဉ်းခေါ် အာကာသဟင်းလင်းပြင် အနားစပ်သို့ ပို့ဆောင်ပေးမည်ဖြစ်ကြောင်း၊ ကာဗင်မျဉ်းနယ်မြေတွင် ပုဂ္ဂလိကအာကာသခရီးသည်များ အနေဖြင့် ဒြပ်ဆွဲအား သုညအခြေအနေကို ခံစားနိုင်မည်ဖြစ်သည်။

လက်ရှိအချိန်တွင် အင်တာစတယ်လာကုမ္ပဏီ၏ CYZ 1 မစ်ရှင်ဖြင့် လိုက်ပါရန် နာမည်ကျော် တရုတ်ရုပ်ရှင်သရုပ်ဆောင် ဂျွန်နီဟောင်ကျန်းယုက စာရင်းပေးသွင်းထားကြောင်း၊ အင်တာစတယ်လာကုမ္ပဏီအပြင် CAS Space အမည်ရှိ တရုတ်သိပ္ပံအကယ်ဒမီလက်အောက်ခံ ကုမ္ပဏီကလည်း ကာဗင်မျဉ်းအာကာသခရီးစဉ်များကို လွှတ်တင်ရန်စီစဉ်ထားကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

# HEALTH

## အိပ်ဆေးတစ်မျိုးက အယ်ဇိုင်းမားရောဂါ ပရိုတင်းများစုစည်းမှုကို လျှော့ချပေးနိုင်ဖွယ်ရှိ

**နယူးယောက် ဖေဖော်ဝါရီ ၃**

သုံးစွဲသူများသည့် အိပ်ဆေးတစ်မျိုးသည် ဦးနှောက်အတွင်း အယ်ဇိုင်းမားရောဂါ ပရိုတင်းများ စုစည်းမှုကို လျှော့ချပေးနိုင်ဖွယ်ရှိကြောင်း သုတေသနပညာရှင်များ၏အဆိုကို ကိုးကား၍ ဖေဖော်ဝါရီ ၂ ရက် သတင်းများအရ သိရသည်။

အမေရိကန်နိုင်ငံ ဝါရှင်တန် တက္ကသိုလ်မှ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ Suvorexant အမည်ရှိ အိပ်ဆေးတစ်မျိုးသည် Amyloid-Beta နှင့် Tau ပရိုတင်းများဦးနှောက်အတွင်း ညစဉ်စုစည်းမှုကို လျှော့ချပေးနိုင်ကြောင်း သိရသည်။

အမေရိကန် သုတေသနပညာရှင်များသည် အသက် ၄၅ နှစ်နှင့် ၆၅ နှစ်ကြား ကျန်းမာရေးကောင်းမွန်သူ ၃၈ ဦးတို့ကို နှစ်စုခွဲ၍ တစ်စုကို Suvorexant ဆေးပေး၍ တစ်စုကို Suvorexant ဆေးယောင်(Placebo) ပေး၍ နှစ်ညကြာ လေ့လာစောင့်ကြည့်ခဲ့ကြသည်။

လေ့လာချက်မှပေါ်ထွက်လာသည့် ရလဒ်များအရ Suvorexant ဆေးသောက်သုံးထားသူများသည် Placebo သောက်သုံးသူများနှင့် နှိုင်းယှဉ်ပါက ဦးနှောက်အတွင်း အယ်ဇိုင်းမားပရိုတင်းများ စုစည်းမှု ၁၀ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းထိ ပိုမိုကျဆင်းသွားသည်ကို တွေ့ရကြောင်း သိရသည်။

အမေရိကန် သုတေသနပညာရှင်များ၏စမ်းသပ်မှုတွင် လူ ၃၈ ဦးသာ ပါဝင်၍ နှစ်ညတာမျှသာ ကြာမြင့်ခဲ့သော်လည်း အိပ်စက်မှုနှင့် အယ်ဇိုင်းမားရောဂါတို့ကြား ဆက်စပ်နေနိုင်မှုကို ပြသလျက်ရှိကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

## ဒိန်ခဲကို ပုံမှန်စားသုံးခြင်းဖြင့် အိပ်စက်ချိန် လေပြွန်ပိတ်ဆို့မှုပြဿနာ ပေါ်လာနိုင်ခြေကို လျှော့ချနိုင်ဖွယ်ရှိ

**နယူးယောက် ဖေဖော်ဝါရီ ၃**

ဒိန်ခဲကို ပုံမှန်စားသုံးခြင်းဖြင့် အိပ်စက်ချိန် လေပြွန်ပိတ်ဆို့မှု ပြဿနာပေါ်လာနိုင်ခြေကို လျှော့ချနိုင်ဖွယ်ရှိကြောင်း သုတေသနပညာရှင်များ၏ အဆိုကိုကိုးကား၍ ဖေဖော်ဝါရီ ၂ ရက် သတင်းများအရ သိရသည်။

အမေရိကန် သုတေသနပညာရှင်များသည် ဒိန်ခဲစားသုံးမှုနှင့်အိပ်စက်ချိန်လေပြွန်ပိတ်ဆို့မှုပြဿနာ (Sleep Apnea)တို့ကြား ဆက်စပ်မှု ရှိ၊ မရှိဖော်ထုတ်ရေးအတွက် လူဦးရေ ၅၀၀၀၀၀ ကျော်တို့၏ ကျန်းမာရေးအချက်အလက်များကို လေ့လာခဲ့ကြသည်။

လေ့လာချက်မှပေါ်ထွက်လာသည့် ရလဒ်များအရ ဒိန်ခဲကိုပုံမှန်စားသုံးသူများသည် မစားသုံးသူများနှင့်နှိုင်းယှဉ်ပါက အိပ်စက်ချိန်လေပြွန်ပိတ်ဆို့မှုပြဿနာပေါ်လာနိုင်ခြေ ၂၈ ရာခိုင်နှုန်း ပိုနည်းပါးကြောင်း၊ ကယ်လ်စီယမ်၊ ပရိုတင်းနှင့် ဗီတာမင်-ဒီများအပါအဝင် ဒိန်ခဲ၌ပါဝင်သည့် အာဟာရဓာတ်များသည် အိပ်စက်ချိန်လေပြွန်ပိတ်ဆို့မှုပြဿနာအပေါ် အကျိုးသက်ရောက်မှုရှိနေနိုင်ကြောင်း အမေရိကန်သုတေသန ပညာရှင်များက ပြောကြားသည်။

အိပ်စက်ချိန် လေပြွန်ပိတ်ဆို့မှုပြဿနာသည် နှလုံးသွေးကြောရောဂါများဖြစ်နိုင်ခြေ မြင့်တက်လာမှုနှင့် ဆက်စပ်နေသော ကျန်းမာရေးပြဿနာတစ်မျိုးဖြစ်ကြောင်း၊ အဆိုပါပြဿနာသည် လည်ပင်းကြွက်သားများပျော့အိ၍ အဆုတ်အတွင်းသို့ လေဝင်ရောက်မှုကို ပိတ်ဆို့ချိန်တွင် ဖြစ်ပွားတတ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO



# ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသင်ခန်းစာ သင်္ချာဘာသာရပ် သိကောင်းစရာ

ဒေါက်တာအောင်ကျော်၊ ပါမောက္ခ(ဌာနမှူး)၊ သင်္ချာဌာန၊ ရန်ကုန်တက္ကသိုလ်

သင်္ချာဘာသာရပ်မေးခွန်းတွင် အခန်းအားလုံးမှ ပါဝင်မှာဖြစ်ပါသည်။ ပြဋ္ဌာန်းစာအုပ်ပါ အခန်း ၁၁ ခန်းအားလုံးကို လေ့လာထားရပါမည်။ အခြေခံသိရှိနားလည်ထားရမည်ကို မေးသောမေးခွန်းများနှင့် ကိုယ်တိုင်တွက်ချက် စဉ်းစားတွေးခေါ်မှုကို အားပေးသော မေးခွန်းများ ပါဝင်ပါမည်။ အလွတ်ကျက်မှတ်၍ ရေးသားဖြေဆိုရသော မေးခွန်းများ မပါဝင်ပါ။ ဒါကြောင့် သင်္ချာပုစ္ဆာများကို ကိုယ်တိုင်စဉ်းစား တွက်ချက်ဖြေဆိုနိုင်ရေးအတွက် ကြိုတင်ပြင်ဆင် လေ့ကျင့်ထားရပါမည်။ သင်္ချာဘာသာရပ်အတွက် စာမေးပွဲမှာ Non Programmable Calculator အသုံးပြုနိုင်ပါသည်။

သင်္ချာမေးခွန်းလွှာသည် ဖြေဆိုချိန် (၃)နာရီဖြစ်ပြီး **Section A, Section B, Section C** နှင့် **Section D** အပိုင်း ၄

**Section A** မေးခွန်းနံပါတ် 1 မှ 10 အထိ ဖြစ်ပါသည်။ တစ်ပုဒ် ၁ မှတ် ဖြစ်ပါသည်။ တစ်ပုဒ်လျှင် A, B, C, D တို့မှ တစ်ခုရွေးချယ်ရမည့် ဓမ္မဓိဋ္ဌာန် ပုံစံဖြစ်ပါသည်။

**Section B** မေးခွန်းနံပါတ် 11 မှ 20 အထိ ဖြစ်ပါသည်။ တစ်ပုဒ် ၂ မှတ် ဖြစ်ပါသည်။ တွက်ချက်မှုအဆင့်ဆင့်ကို ရေးပြရန်မလိုအပ်ဘဲ အဖြေကိုသာရေးရမည့် ပုံစံဖြစ်ပါသည်။

**Section C** မေးခွန်းနံပါတ် 21 မှ 30 အထိ ဖြစ်ပါသည်။ တစ်ပုဒ် ၃ မှတ် ဖြစ်ပါသည်။ တွက်ချက်မှုအဆင့်ဆင့်ကို စနစ်တကျရေးပြရန် လိုအပ်ပါသည်။

**Section D** မေးခွန်းနံပါတ် 31 မှ 38 အထိ ဖြစ်ပါသည်။ တစ်ပုဒ် ၅ မှတ် ဖြစ်ပါသည်။ တွက်ချက်မှုအဆင့်ဆင့်ကို စနစ်တကျ ရေးပြရန် လိုအပ်ပါသည်။

မေးခွန်းလွှာတွင် အခန်းအားလုံးပါဝင်မည် ဖြစ်ပါသည်။

- အခန်း ၁၊ ၂၊ ၃၊ ၄၊ ၅၊ ၆ တို့မှ ၅၅ မှတ် ပါဝင်မည်ဖြစ်ပါသည်။
- အခန်း ၇ (Section 7.5 မပါ) နှင့် အခန်း ၈ (Section 8.2, Section 8.4 မပါ) တို့မှ ၁၅ မှတ် ပါဝင်မည်ဖြစ်ပါသည်။
- Section 7.5, Section 8.2, Section 8.4 နှင့် အခန်း ၉၊ အခန်း ၁၀၊ အခန်း ၁၁ ပါဝင်သော calculus အပိုင်းမှ အမှတ် ၃၀ ပါဝင်မည်ဖြစ်ပါသည်။

မေးခွန်းအားလုံး ဖြေဆိုရမည် <u>Answer ALL Questions</u> ဖြစ်ပြီး စဉ်းစားတွက်ချက် ဖြေဆိုရမည့် ပုစ္ဆာအမျိုးအစားများဖြစ်ပါသည်။ မေးခွန်းလွှာ၏ အခန်းအလိုက် အမှတ်ပေးမှုဇယားကို ဖော်ပြထားပါသည်။

| Chapter | Section A | Section B | Section C | Section D | Total |
|---|---|---|---|---|---|
| 1 | 1 | 2 | 3 | 5 | 11 |
| 2 | - | - | 3 | 5 | 8 |
| 3 + 4 | 1 | 2 | 3+3 | 5 | 14 |
| 5 | 1 | 2 | 3 | 5 | 11 |
| 6 | 1 | 2 | 3 | 5 | 11 |
| 7.1, 7.2, 7.3, 7.4 | 1 | 2 | - | 5 | 8 |
| 8.1, 8.3 | 1+1 | 2 | 3 | - | 7 |
| 9 + (7.5, 8.2, 8.4) | 1 | 2 | 3 | 5 | 11 |
| 10 | 1 | 2+2 | 3 | - | 8 |
| 11 | 1 | 2 | 3 | 5 | 11 |
| Total | 10 | 20 | 30 | 40 | 100 |

ပြဋ္ဌာန်းစာအုပ်ပါ အရေးအသားများဖြင့် ကိန်းပြောင်းမေးသည့်အခါ မှန်အောင်ဖြေဆိုနိုင်ရေး လေ့ကျင့်ထားရပါမည်။ ပုစ္ဆာများကို ကိန်းပြောင်းမေးသည့်အခါ မှန်အောင်တွက်နိုင်မှု အားနည်းကြသည်ကို တွေ့ရှိခဲ့ရပါသည်။

ဆက်လက်၍ ပြဋ္ဌာန်းစာအုပ်တွင်ပါဝင်သော အခန်းတစ်ခုချင်းအလိုက် ဆွေးနွေးရှင်းလင်းတင်ပြပါမည်။

**Chapter 1 Complex Numbers** အခန်းတွင် ပထမဦးစွာ Pure Imaginary Unit *i* ကို မိတ်ဆက်တင်ပြပါသည်။ ကိန်းစစ် x အတွက် x သည် သုညဖြစ်လျှင် $x^2$ သည် သုည၊ x သည် သုည မဟုတ်လျှင် $x^2$ သည် သုညထက် ကြီးသည့်အချက်အရ ညီမျှခြင်း $x^2 = -4$ တွင် ကိန်းစစ်အဖြေမရှိပါ။ အကယ်၍ ကိန်းစစ်မဟုတ်သော ကိန်းအမျိုးအစား တစ်ခုခု (*i* ဟုထားပါစို့)ရှိပြီး သိထားပြီး အက္ခရာသင်္ချာလုပ်ထုံးများအတိုင်း တွက်ချက်နိုင်သည့်အပြင် $i^2 = -1$ ဖြစ်နေပါက $(2i)^2 = 4i^2 = 4(-1) = -4$ နှင့် $(-2i)^2 = 4i^2 = 4(-1) = -4$ ဖြစ်သည့်အတွက် $x^2 = -4$ ညီမျှခြင်းအတွက် $2i$ နဲ့ $-2i$ အဖြေနှစ်ခု ရရှိပါမည်။ ထို့ကြောင့် *i* နှင့် ကိန်းစစ်တို့တွဲဖက်၍ ကိန်းစစ်စနစ်ကို တိုးချဲ့စဉ်းစားနိုင်ရန် အတွက် Complex number x + yi ကို ကိန်းစစ် x နှင့် y ၏ ordered pair (x, y) အဖြစ် (x, y) တို့၏ Equality နှင့် Operation များဖြစ်သော ပေါင်းခြင်းနှင့် မြှောက်ခြင်းတို့အရ အဓိပ္ပာယ်သတ်မှတ်ပါသည်။ Complex number တို့၏ ပေါင်းနုတ်မြှောက်စားလုပ်ထုံးများ၊ Complex number ၏ Conjugate Absolute Value များကို တင်ပြထားပြီး Complex number တစ်ခု၏ Trigonometric Form ကို ဖော်ပြထားပါသည်။ Trigonometric Form ကို အသုံးပြု၍ တွက်ချက်ခြင်းများနှင့် Complex number တစ်ခု၏ root များရှာပုံကိုလည်း ဖော်ပြထားပါသည်။

**Chapter 2 Mathematical Induction** အခန်းတွင် ပုစ္ဆာပါ ပေးထားချက်မှ သဘာဝကိန်း n နှင့် သက်ဆိုင်သော Statement မှန်ကန်ကြောင်းသက်သေပြရာတွင်

- ပထမဦးစွာ n = 1 အတွက် မှန်ကန်ကြောင်း (Initial Step) သက်သေပြရသည်။
- ထို့နောက် Induction Hypothesis ဖြစ်သည့် n = k အတွက် မှန်ကန်သည်ဟုထား၍
- n = k + 1 အတွက် မှန်ကန်ကြောင်း သက်သေပြပြီး

ပေးထားချက် Statement သည် သဘာဝကိန်းအားလုံးအတွက် မှန်ကန်သည်ဟု ကောက်ချက်ချသည်။

သတိပြုရမည့်အချက်မှာ ပုစ္ဆာတွင် သဘာဝကိန်း n သည် ဖော်ပြထားချက် Statement ကို မည်သည့်သဘာဝကိန်းမှစ၍ မှန်ကန်သည့် Statement ဖြစ်သည်ကို သတိပြုရမည်။ ဥပမာ $n \geq 5$ ဟု ပေးထားလျှင် 5 အောက်ငယ်သော သဘာဝကိန်းများအတွက် သက်သေပြရန်မလိုပေ။ သဘာဝကိန်း 5 နှင့် ယင်းထက် ကြီးသောကိန်းများအတွက်သာမှန်ကန်သဖြင့် Initial Step တွင် ပေးထားသော Statement အတွက် မှန်ကန်ကြောင်းကို n = 5 မှစ၍ သက်သေပြရမည်ကိုသတိပြုရမည်။

**Chapter 3 Analytical Solid Geometry** အခန်းတွင် Three Dimensional Space ထဲရှိ Point တစ်ခု၏ Coordinates များ သတ်မှတ်ရေးသားပုံ၊ ပြင်ညီများ (planes) ၏ Equations များနှင့် Coordinates တို့၏ အဓိပ္ပာယ်ဖွင့်ဆိုချက်များ၊ ယင်း Planes များနှင့် ပြိုင်နေသော ပြင်ညီများ၊ ထောင့်မတ်ကျနေသောမျဉ်းများ၏ Equations နှင့် Directed Values, Parallel Lines, Skew Lines နှင့် Perpendicular Lines များကိုဖော်ပြထားသည်။ Directed Values များကို အသုံးပြု၍ Coordinates form of the Line Equation $(x, y, z) = (x_1 + lk, y_1 + km, z_1 + kn)$ ရေးသည်။ Directed Values များ သုညနှင့် မတူပါက $\frac{x - x_1}{l} = \frac{y - y_1}{m} = \frac{z - z_1}{n}$ ဟုရေးနိုင်သည်။ Line တစ်ခုထဲပေါ်တွင် မကျရောက်သော အမှတ်သုံးမှတ်ကို သိလျှင် Plane Equation ကို ရှာနိုင်ပြီး၊ Sphere တစ်ခု၏ Center နှင့် Radius တို့ကိုသိလျှင် ထို Sphere Equation ကိုရှာနိုင်သည်။

**Chapter 4 Vector Algebra** အခန်းတွင် Three-dimensional Rectangular Coordinate System ရှိ vector များ၏ algebraic operations များ၊ Equal and Parallel vectors များ၊ Unit vector နှင့် Collinear points များပါဝင်သည်။ vector များ၏ အရေးကြီးသော operation များဖြစ်သည့် Scalar Product နှင့် Vector Product များကို နားလည်ထားရမည်။ Scalar Product ဆိုသည်မှာ algebraic နည်းအရဆိုလျှင် သက်ဆိုင်ရာ coordinate တန်ဖိုးများမြှောက်၍ ပေါင်းခြင်းဖြစ်ပြီး geometry နည်းအရဆိုလျှင် vectors နှစ်ခု၏ ပမာဏများနှင့် ယင်းတို့ကြားရှိ ထောင့်၏ cosine အချိုးတို့ မြှောက်ခြင်းနှင့်တူကြသည်။ scalar product ၏ algebraic နှင့် geometry ဂုဏ်သတ္တိများကိုနားလည်မှသာ ပုစ္ဆာများကို တွက်နိုင်မည်ဖြစ်သည်။ Scalar Product သည် Two-dimensional နှင့် Three-dimensional နှစ်ခုစလုံးတွင် တွက်နိုင်သော်လည်း Vector Product သည် Three-dimensional တွင်သာ တွက်နိုင်သည်။ Vector Product ကို သိခြင်းအားဖြင့် အနားပြိုင်စတုဂံ၏ ဧရိယာကိုသိရှိနိုင်ပြီး ထိုမှတစ်ဆင့် တြိဂံတစ်ခု၏ ဧရိယာကိုလည်း ဆက်လက်၍ သိရှိနိုင်သည်၊ Vector Product ၏ algebraic နှင့် geometric ဂုဏ်သတ္တိများကိုလည်း သိရှိထားရပါမည်။ ထို့နောက် line တစ်ခု၏ direction vector နှင့် ထို line ပေါ်ရှိ အမှတ်တစ်မှတ်သိလျှင် ထို line ၏ equation ကိုရှာနိုင်သည်။ plane ပေါ်ရှိ ကြိုက်ရာအမှတ်တစ်မှတ်၊ plane နှင့်ဆိုင်သော ကြိုက်ရာမပြိုင်သော vector နှစ်ခုကို အသုံးပြု၍ plane ညီမျှခြင်း ရှာနိုင်သည်။ ထို့အပြင် Plane တစ်ခု၏ Normal Vector နှင့် Plane ပေါ်ရှိ အမှတ်တစ်မှတ်ကိုသိလျှင် ထို Plane Equation ရှာနိုင်ပါသည်။

**Chapter 5 Permutations and Combinations** အခန်းတွင် Counting Principle များနှင့် ဆက်စပ်၍ Permutations နှင့် Combinations ဆိုင်ရာ တွက်ချက်မှုများကို ပြုလုပ်ရမှာဖြစ်ပါသည်။ Permutation ဆိုသည်မှာ အစုတစ်ခု (Set) အတွင်းမှ အရာဝတ္ထုများကို အစီအစဉ် (Order) အတိုင်း စီစဉ်ထားခြင်း (An Ordered Arrangement) တစ်ခုကို ဆိုလိုပါသည်။ Permutation တွင် ရွေးချယ်လိုက်တဲ့ အရာဝတ္ထုတွေရဲ့ နေရာ/အစီအစဉ် (Position/Order) က အရေးကြီးပါသည်။ ဥပမာ-ဂဏန်း ၃ လုံးဖြစ်တဲ့ (၁၊ ၂၊ ၃) ကို စီစဉ်မယ်ဆိုရင် (၁၂၃) နဲ့ (၃၂၁) တို့သည် Permutation အရ မတူညီတဲ့ စီစဉ်မှုနှစ်ခု ဖြစ်ပါသည်။ သော့ခလောက် code နံပါတ်၊ ပြိုင်ပွဲမှာ ပထမ၊ ဒုတိယ၊ တတိယ သတ်မှတ်ခြင်းစသည်တို့ ဖြစ်ပါသည်။ Combination ဆိုသည်မှာ အစုတစ်ခု (Set) အတွင်းမှ အရာဝတ္ထုများကို အစီအစဉ်ကိုထည့်မတွက်ဘဲ ရွေးချယ်စုဆောင်းထားခြင်း (An Unordered Collection) တစ်ခုပင် ဖြစ်သည်။ Combination တွင် ဘယ်အရာဝတ္ထုတွေကို ရွေးချယ်လိုက်သလဲဆိုတာသာ အရေးကြီးပြီး ရွေးချယ်လိုက်တဲ့ အရာဝတ္ထုတွေရဲ့ နေရာ/အစီအစဉ်က အရေးမကြီးပါ။ ဥပမာ-အသီး ၃ မျိုးဖြစ်တဲ့ (သရက်သီး၊ ပန်းသီး၊ လိမ္မော်သီး)ထဲက ၂ မျိုးကို ရွေးမယ်ဆိုပါက (သရက်သီး၊ ပန်းသီး) ရွေးချယ်မှုဟာ (ပန်းသီး၊ သရက်သီး) ရွေးချယ်မှုနဲ့ Combination အရ အတူတူပဲဖြစ်ပါသည်။ Combination တွင် ကော်မတီအဖွဲ့ဝင် ရွေးချယ်ခြင်း၊ စားသောက်ဖွယ်ရာ ရွေးချယ်ခြင်း စသည်တို့ဖြစ်ပါသည်။ ဤအခန်း၌ တွက်ချက်ဖြေရှင်းရာတွင် အသုံးဝင်သည့် $n!$, ${}^nP_r$, ${}^nC_r$ စသည့် Notation များ၏ အဓိပ္ပာယ်သတ်မှတ်ချက်များ၊ ယင်းတို့၏ ဆက်သွယ်ချက်များနှင့် အသုံးပြုပုံများကို သိရှိရန်လိုပါမည်။ ထို့အပြင် Finite set တစ်ခု၏ အစုပိုင်း အရေအတွက်ကို နည်းလမ်းနှစ်ခုဖြင့် ရှာနိုင်ပုံ၊ ယင်းတို့ကို အခြေခံ၍ ဖော်ထုတ်ထားသော Binomial coefficient ဆိုင်ရာ ထပ်တူညီချက်နှင့် Counting Problem များ ဖြေရှင်းရာတွင် အသုံးပြုနိုင်ပုံတို့ကိုလည်း သိရှိရန်လိုသည်။ Miscellaneous Counting Problems အပိုင်း၌ Arrangement များ၏ Pattern (ဥပမာ ပုစ္ဆာတွက်ရာ၌ Form ဟု သုံးနှုန်းထားပါသည်) များ ဖော်ထုတ်စဉ်းစားခြင်းကဲ့သို့သော နည်းလမ်းများပါ ပေါင်းစပ်အသုံးပြု၍ Counting problem များကို ဖြေရှင်းရမည် ဖြစ်ပါသည်။ ပုစ္ဆာများကို နည်းမှန်၊ လမ်းမှန် စဉ်းစားဖြေရှင်းတတ်အောင် လေ့ကျင့်ထားမှသာ စာမေးပွဲမေးခွန်းများကို ဖြေဆိုနိုင်ပါလိမ့်မည်။

**Chapter 6 Conic Sections** အခန်းတွင် ဗဟို (h, k) နှင့် အချင်းဝက် r ရှိသော စက်ဝိုင်း၏ standard equation $(x - h)^2 + (y - k)^2 = r^2$ ကို ဖော်ပြထားသည်။ ထို standard equation ကို ဖြန့်ခြင်းအားဖြင့် ရရှိသောညီမျှခြင်းပုံစံ $x^2 + y^2 + 2gx + 2fy + c = 0$ ကိုစက်ဝိုင်း၏ general equation ဟုခေါ်သည်။ $x^2 + y^2 + 2gx + 2fy + c = 0$ ကို နှစ်ထပ်ကိန်းတိနည်းအရ $(x + g)^2 + (y + f)^2 = g^2 + f^2 - c$ ဟု standard equation ပုံစံမြင်နိုင်၍ စက်ဝိုင်း၏ဗဟို $(-g, -f)$ နှင့် အချင်းဝက် $\sqrt{g^2 + f^2 - c}$ ရသည်။ ဆက်လက်ပြီး parabola equation များ အကြောင်းကို တင်ပြထားသည်။ $y^2 = 4px$ ၌ axis of symmetry သည် x- axis (horizontal axis, y = 0) ဖြစ်မည်။ Focus သည် (p,0) အမှတ် ဖြစ်ပြီး directrix သည် $x = -p$ မျဉ်း ဖြစ်သည်။ x ၏ မြှောက်ဖော်ကိန်းသည် အပေါင်းဖြစ်သည့်အတွက် parabola သည် ညာဘက်သို့ ပွင့်နေမည်။

စာမျက်နှာ ၉ သို့

စာမျက်နှာ ၈ မှအဆက်

ထိုနည်းတူစွာ $y^2 = -4px$ , $x^2 = 4py$ နှင့် $x^2 = -4py$ တို့အတွက်လည်း စဉ်းစားနိုင်သည်။ Translation of Axes ကို အသုံးပြု၍ Translated Parabola များ $(y-k)^2 = 4p(x-h)$, $(y-k)^2 = -4p(x-h)$ , $(x-h)^2 = 4p(y-k)$ နှင့် $(x-h)^2 = -4p(y-k)$ အတွက်လည်း စဉ်းစားနိုင်သည်။ Parabola equation ရှာရမည့်ပုစ္ဆာများတွင် ပေးထားချက်များမှ မှန်သောညီမျှခြင်းပုံစံရေးသားပြီး တွက်ရပါမည်။ Rotation of Axes သုံးရသောပုစ္ဆာများကို တွက်ရာတွင် တစ်ဆင့်ချင်းစီကို သတိထားတွက်သင့်သည်။

**Chapter 7 Trigonometric Functions** အခန်းတွင် Trigonometric function ခြောက်မျိုး၏ Sine, Cosine, Tangent, Cotangent, Secant နှင့် Cosecant တို့၏ Graph များကို ဆွဲသားတတ်ရမည်။ Graph ဆွဲသားခြင်းနှင့်ပတ်သက်၍ ပုံစံ(၂)မျိုးဖြင့် မေးနိုင်သည်။ ပထမပုံစံမှာ "From the graph of $y = \sin x$, draw step-by-step transformation graphs to get the graph of $y = 2\sin\frac{\pi}{2}x$." ဖြစ်သည်။ ဖြေဆိုရာတွင် $y = \sin x$ မှစ၍ transformation တစ်ဆင့်ချင်းစီကိုဆွဲသားရမည်။ ဒုတိယပုံစံမှာ "Draw the graph of $y = 2\sin\frac{\pi}{2}x$." ကဲ့သို့သော မေးခွန်းမျိုးဖြစ်သည်။ Graph ဆွဲရာတွင် (၁) ဝင်ရိုးမြှားများ၊ x y O အမည်၊ ဝင်ရိုးအလိုက် လိုအပ်သလို ကိန်းနေရာများ၊ (၂) ဆွဲထားသော ပုံ function အမည်၊ (၃) ပုံတွင်လိုအပ်သည်များ ပြည့်ပြည့်စုံစုံပါဝင်ရပါမည်။ နမူနာအားဖြင့် sine cosine ပုံများတွင် Five key points အမှတ်များ၏ coordinates များ (maximum point, minimum point အပါ)၊ amplitude, period, midline (equation အပါ)၊ domain, range စသည်တို့ ပြည့်စုံစွာပါဝင်ရမည်။ ထို့အပြင် Trigonometric Function နှင့် Inverse Trigonometric Function တို့၏ Domain နှင့် Range တို့ကိုလည်း သိထားရမည့်အပြင် Trigonometric Functions တို့၏ Derivative Formula များကိုလည်း သိထားသင့်ပါသည်။ စာမေးပွဲတွင် ဂရပ်စာရွက် ပေးမည်မဟုတ်သည့်အတွက် ကျောင်းသား ကျောင်းသူများအနေဖြင့် စာရွက်အဖြူပေါ်တွင် ရေးဆွဲတတ်အောင် လေ့ကျင့်ထားရန်လိုအပ်သည်။ ပုစ္ဆာများကို မေးခွန်းနားလည်အောင် ဖတ်ပြီးမှ တွက်စေလိုပါသည်။

**Chapter 8 Logarithmic and Exponential Functions** အခန်းတွင် အပိုင်းနှစ်ပိုင်းပါဝင်ပြီး ပထမအပိုင်းတွင် Logarithmic Functions များ၏ Graph ကို ဆွဲသားခြင်းနှင့် Differentiate လုပ်ခြင်း၊ ဒုတိယအပိုင်းတွင် Exponential Functions များ၏ Graph ကိုဆွဲသားခြင်းနှင့် Differentiate လုပ်ခြင်းတို့ဖြစ်သည်။ ထို့ကြောင့် Logarithm Functions နှင့် Exponential Functions တို့၏ Derivative Formula များကိုလည်း သိထားရပါမည်။ Graph များဆွဲသားရာတွင် Chapter 7 ကဲ့သို့ပင် ပုံစံနှစ်မျိုးမေးနိုင်သဖြင့် ပုစ္ဆာများကို နားလည်အောင် ဖတ်ပြီးမှ ဆွဲသားစေလိုပါသည်။ လိုအပ်သော data များကိုလည်း graph တွင် ပြည့်စုံအောင် ရေးသားရမည့်အပြင် Logarithm Functions နှင့် Exponential Functions တို့၏ Domain, Range, Asymptote Line (equation အပါ)၊ x/y-intercepts များလည်း ပါဝင်ရပါမည်။ စာမေးပွဲတွင် ဂရပ်စာရွက်ပေးမည်မဟုတ်သည့်အတွက် ကျောင်းသား ကျောင်းသူများအနေဖြင့် စာရွက်အဖြူပေါ်တွင် ရေးဆွဲတတ်အောင် လေ့ကျင့်ထားရန် လိုအပ်သည်ကို ထပ်မံသတိပေးပါသည်။

**Chapter 9 Application of Differentiation** အခန်းတွင် Tangent Line Equation နှင့် Normal Line Equation များ၊ Critical Points ရှာခြင်း၊ Maximum Point နှင့် Minimum Point တို့ကို First Derivative Test (သို့မဟုတ်) Second Derivative Test သုံး၍ရှာခြင်း၊ Inflection Points ရှာခြင်းဟူသောအချက်များ သိထားရပါမည်။ ပေးထားမည့်ဖန်ရှင်များသည် Algebraic Functions, Trigonometric Functions, Exponential Functions, Logarithmic Functions စသည့် ဖန်ရှင်အစုံဖြစ်နိုင်သဖြင့် ယင်းတို့ကို Differentiate လုပ်တတ်ရန် လိုအပ်ပါသည်။ ထို့အပြင် ဖန်ရှင်၏ Linearization အကြောင်းများကိုလည်း သိထားရပါမည်။

**Chapter 10 Methods of Integration** အခန်းတွင် သင်ကြားပြီးခဲ့သည့် အခြေခံဖန်ရှင်များဖြစ်သော Algebraic Functions, Trigonometric Functions, Exponential Functions, Logarithmic Functions တို့ကို Integration လုပ်ခြင်း၊ Integration ၏ အခြေခံလုပ်ထုံးများဖြစ်သော Rules of Integration များအပြင် Integration Method များဖြစ်သော Substitution Method, Integration by Part Method, Partial Fraction Method တို့ကိုလည်း သိထားရမည်။ အထူးသဖြင့် ပုစ္ဆာများ တွက်ချက်ရာတွင် Integration ပြုလုပ်ပြီးပါက Integration Constant C မကျန်စေရန် သတိပြုရမည်။

**Chapter 11 Application of Integration** အခန်းတွင် Definite Integration များကို မှန်မှန်ကန်ကန် တွက်တတ်ရပါမည်။ အခန်း (၁၀)တွင် သင်ယူခဲ့ရသော Integration Method များကို မှန်မှန်ကန်ကန်သုံး၍ Lower Limit နှင့် Upper Limit များ အစားသွင်းလျှင် သတိထားတွက်ချက်ရမည်။ ဤအခန်းတွင် ပေးထားသော Curve နှင့် x-axis ကြားရှိ ဧရိယာကိုရှာခြင်း၊ ပေးထားသော Curve နှစ်ခုအကြားရှိ ဧရိယာကိုရှာခြင်းတို့အပြင် ထုထည်ရှာနည်းများဖြစ်သော Method of Slicing နှင့် Volume of Revolution တို့ကိုလည်းသိရမည်။

စာမေးပွဲဖြေဆိုရာတွင် အောက်ပါအချက်များကိုသတိပြုပါ။

- ဖြေဆိုထားသော အဖြေများကို ပြန်လည်စစ်ဆေးပါ။ သင်္ချာသင်္ကေတများကို မှန်ကန်စွာ အသုံးပြုပါ။
- ပုစ္ဆာများတွက်ချက်ရာတွင် လိုအပ်သောအဆင့် အရေးကြီးသောအဆင့်များပါပါစေ။
- မေးခွန်းတွင်အသုံးပြုရမည့်တွက်နည်းသတ်မှတ်ပေးထားလျှင် သတ်မှတ်ထားသော တွက်နည်းကိုသာ အသုံးပြုပါ။
- မိမိဖြေဆိုလိုသည့် မေးခွန်းကို မေးခွန်းနံပါတ် တပ်၍ဖြေဆိုပါ။ (မေးခွန်းအစဉ်အတိုင်းဖြေဆိုရန်မလိုပါ။)

သင်္ချာမေးခွန်းနံပါတ်အလိုက် အခန်းပါဝင်မှုများကို အောက်ပါအတိုင်းဖော်ပြထားပါသည်။

<u>Answer ALL Questions.</u> Write your answers in the answer booklet.

**Section A (Each question carries 1 mark.)**

Choose the correct or the most appropriate answer for each question. Write the letter of the correct or the most appropriate answer.

1. Chapter 1
2. Chapter 3, Chapter 4
3. Chapter 5
4. Chapter 6
5. Chapter 7 Section 7.1, 7.2, 7.3, 7.4
6. Chapter 8 Section 8.1
7. Chapter 8 Section 8.3
8. Chapter 9, Chapter 7 Section 7.5, Chapter 8 Section 8.2, 8.4
9. Chapter 10
10. Chapter 11

**Section B (Each question carries 2 marks.)**

<u>Write only the solution of each question.</u> (There is no need to show your working.)

11. Chapter 1
12. Chapter 3, Chapter 4
13. Chapter 5
14. Chapter 6
15. Chapter 7 Section 7.1, 7.2, 7.3, 7.4
16. Chapter 8 Section 8.1, Section 8.3
17. Chapter 9, Chapter 7 Section 7.5, Chapter 8 Section 8.2, 8.4
18. Chapter 10
19. Chapter 10
20. Chapter 11

**Section C (Each question carries 3 marks.)**

21. Chapter 1
22. Chapter 2
23. Chapter 3, Chapter 4
24. Chapter 3, Chapter 4
25. Chapter 5
26. Chapter 6
27. Chapter 8 Section 8.1, Section 8.3
28. Chapter 9, Chapter 7 Section 7.5, Chapter 8 Section 8.2, 8.4
29. Chapter 10
30. Chapter 11

**Section D (Each question carries 5 marks.)**

31. Chapter 1
32. Chapter 2
33. Chapter 3, Chapter 4
34. Chapter 5
35. Chapter 6
36. Chapter 7 Section 7.1, 7.2, 7.3, 7.4
37. Chapter 9, Chapter 7 Section 7.5, Chapter 8 Section 8.2, 8.4
38. Chapter 11

သင်္ချာဘာသာရပ်တွင် ကျောင်းသား ကျောင်းသူများကိုယ်တိုင် စဉ်းစားတွက်ချက်ဖြေဆိုနိုင်၍ အလွတ်ကျက်မှတ် ရေးသားဖြေဆိုနေရခြင်းမျိုး ကင်းရှင်းကြပါစေ။ အပေါင်း၊ အနုတ်၊ အမြှောက်၊ အစား၊ အပိုင်းကိန်း တွက်ချက်မှု၊ ညီမျှခြင်းဖြေရှင်းနိုင်မှု စသည့် အခြေခံတွက်ချက်မှုအပိုင်းများ ပိုင်နိုင်ကြပါစေ။ သင်္ချာဘာသာရပ်ဆိုင်ရာ မှန်သော ရေးနည်းများဖြင့် ရေးသားဖြေဆိုနိုင်ကြပါစေ။

ကျောင်းသား ကျောင်းသူများ မိမိကိုယ်စီကိုယ်စီ ရည်ရွယ်ရာ အောင်မြင်မှုအသီးသီး ရရှိကြပါစေဟု ဆန္ဒပြုအပ်ပါသည်။

---

# မိုင်းယန်းမြို့နယ် ယန်းခိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး



**မိုင်းယန်း ဖေဖော်ဝါရီ ၃**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယန်းခရိုင် မိုင်းယန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယန်းခိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကို ဖေဖော်ဝါရီ ၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းယန်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးရန်ကျော်၊ မိုင်းယန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသက်လင်းထွန်းနှင့် ခရိုင်၊ မြို့နယ် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ယန်းခိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများနှင့် လအလိုက် ဖြည့်သွင်းရမည့် စာရင်းဇယားပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက တစ်နိုင်တစ်ပိုင်မိသားစုဝင်ငွေတိုးပွားရေးလုပ်ငန်းများ ကြိုးစားဆောင်ရွက်ကြရန်မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ယန်းခိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၇ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ ကျပ် ၃၉ ဒသမ ၅ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း မိုင်းယန်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးရန်ကျော်က ပြောပြ၍ သိရသည်။

**အောင်ရဲကျော်**

# တစ်ဖက်သတ်ဒီကရီကို အလွယ်တကူပယ်ဖျက်ပေးစေလိုမှု မစွဲဆိုနိုင်ပါ

**စိန်လှိုင်ဗိုလ်**

တရားရုံးတော်တွင် တရားမမှုခင်းများ ဖြစ်ပွားလေ့ရှိကြရာတွင် တစ်ခါတစ်ရံတွင် တရားပြိုင်ဘက်မှ ပျက်ကွက်မှုကြောင့် တစ်ဖက်သတ်ဒီကရီများ ချမှတ်ရလေ့ရှိသည်။ ထိုအခါများတွင် တရားရှုံးက လိမ်လည်၍ မမှန်မကန်ရယူထားသော တစ်ဖက်သတ်ဒီကရီကို ပယ်ဖျက်ပေးစေလိုမှု စွဲဆိုလေ့ရှိသည်။

ယခင်စီရင်ချက် သို့မဟုတ် ဒီကရီကို လိမ်လည်ရယူခဲ့သည်ဟုဆိုကာ လွယ်လွယ်ဖြင့် ပယ်ဖျက်၍မရပါ။ မည်သို့မည်ပုံမည်သည့်နည်းဖြင့် မည်သည့်အချိန်၊ မည်သည့်နေရာတွင် လိမ်လည်ခဲ့သည်ဟု တိတိကျကျဖော်ပြနိုင်ရမည်ဖြစ်ကြောင်း၊ လိမ်လည်ဖွယ်ရှိသည်ဆိုသောထင်ကြေးဖြင့် ပယ်ဖျက်ခြင်းမပြုနိုင်၊ လိမ်လည်ရယူခဲ့ကြောင်း ထင်ရှားအောင်သက်သေထူရန်လိုကြောင်း စီရင်ဆုံးဖြတ်ထားသည့် အမှုတစ်ခုကိုအကြောင်းပြု၍ ဥပဒေဗဟုသုတအလို့ငှာ ရေးသားတင်ပြပါဦးမည်။

**အမှုဖြစ်စဉ်အကျဉ်း**

မြစ်ကြီးနားခရိုင်တရားရုံး ၂၀၂၁ ခုနှစ်၊ တရားမကြီးမှုအမှတ် (၅၇)တွင် တရားလို ဒေါ်ခေါန်လုံ ပါ ၂ ဦးက တရားပြိုင် ဒေါ်ဆိုင်းပန် ပါ ၂ ဦးအပေါ်လိမ်လည်၍ မမှန်မကန်ရယူထားသော တစ်ဖက်သတ်ဒီကရီကို ပယ်ဖျက်ပေးစေလိုမှုစွဲဆိုရာ အမှတ်(၁) ပဏာမငြင်းချက်ဖြစ်သော "အမှုမှာ တရားစွဲဆိုရန်အကြောင်း မပေါ်ပေါက်ဆိုသည်မှာ မှန်ပါသလား" ငြင်းချက်ကို မှန်ကြောင်းဖြေဆိုပြီး တရားလိုများ၏အဆိုလွှာကို တရားမကျင့်ထုံး ဥပဒေအမိန့် ၇ နည်းဥပဒေ ၁၁(က) အရ ပယ်ကြောင်းအမိန့်ချမှတ်ခဲ့သည်။ ၎င်းအမိန့်အပေါ် တရားလိုများက ကျေနပ်မှုမရှိ၍ ကချင်ပြည်နယ် တရားလွှတ်တော်တွင် ၂၀၂၂ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ်(၁၄)ဖြင့် အယူခံဝင်ရန် ပလပ်ခြင်းခံခဲ့ရပါသည်။ ၎င်းစီရင်ချက်နှင့်ဒီကရီကို မူလရုံးတရားလိုများက ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ အယူခံမှုတင်သွင်းခဲ့သည်။

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ စိစစ်သုံးသပ်ဆုံးဖြတ်ချက်**

မူလရုံးအမှုတွဲကိုစိစစ်ကြည့်ရာတွင် မြစ်ကြီးနားခရိုင်တရားရုံး ၂၀၂၀ ပြည့်နှစ်၊ တရားမကြီးမှုအမှတ်(၄၄)တွင်တရားလို ဒေါ်ဆိုင်းပန် ပါ ၂ ဦးက တရားပြိုင် ဒေါ်ခေါန်လုံ ပါ ၂ ဦးအပေါ် ယုံကြည်အပ်နှံငွေကျပ် ၂၅၈ သိန်းနှင့် ကတိဖောက်ဖျက်နစ်နာကြေးငွေကျပ်သိန်း ၁၀၀ ရလိုမှုစွဲဆိုရာတွင် ယခုအမှုမှ တရားလိုများအပေါ် ဒေါ်ဆိုင်းပန် ပါ ၂ ဦးက လိမ်လည်လှည့်ဖြား၍ရယူခဲ့သော ဒီကရီဖြစ်သည်ဟုဆိုကာ ပယ်ဖျက်ပေးရန် ပြန်လည်စွဲဆိုသောအမှုဖြစ်သည်။

အထက်ပါအမှုမှ တရားပြိုင်များကို မြစ်ကြီးနားခရိုင်တရားရုံးတော်က ၂၀၂၀ ပြည့်နှစ် မတ် ၁၆ ရက်နှင့် ၂၀၂၀ ပြည့်နှစ် ဇွန် ၄ ရက်တို့တွင် သမ္မာန်စာထုတ်ဆင့်ခဲ့ရာ ဆင့်စာလုလင်သည် တရားပြိုင်များနေထိုင်သည့် ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့်အတူ သမ္မာန်စာကို အတည်ပြုဆင့်ဆိုခဲ့ကြောင်း၊ ကျမ်းကျိန်ချက်နှင့်အတူ တင်ပြထားသည်။

၂၀၂၀ ပြည့်နှစ် ဩဂုတ် ၁၇ ရက်တွင် ထပ်မံ၍ သမ္မာန်စာထုတ်ဆင့်ခဲ့သော်လည်း တရားပြိုင်များသည် ရုံးတော်ရှေ့မှောက်သို့ လာရောက်ခြင်းမရှိ၍ ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၂၀ ရက်တွင် တရားပြိုင်များနှင့်အတူနေထိုင်သူ အမှတ်(၂)တရားပြိုင်၏ညီတော်



စပ်သူ ဦးဇော်တူး (အသက်အရွယ်ပြည့်မြောက်သူ)ထံ သမ္မာန်စာချအပ်ခဲ့ကြောင်း ကျမ်းကျိန်ဆိုချက်နှင့်တကွ ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၂၆ ရက်တွင် ရုံးတော်သို့ တင်ပြထားခဲ့သည်ကို စိစစ်ဖော်ထုတ်ခဲ့သည်။

တရားလို ဒေါ်ဆိုင်းပန် ပါ ၂ ဦးက ဒေါ်ခေါန်လုံ ပါ၂ဦးအပေါ်စွဲဆိုသည့်အမှုကို တရားမကျင့်ထုံးဥပဒေအမိန့် ၉ နည်းဥပဒေ ၆(၁)(က)အရ တစ်ဖက်သတ်စစ်ဆေးပေးရန်လျှောက်ထားရာ သမ္မာန်စာအတည်ဖြစ်ကြောင်းထင်ရှား၍ တရားလိုများ၏ လျှောက်ထားချက်ကိုခွင့်ပြုပြီး အမှုကို ဆက်လက်စစ်ဆေးကာ ၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ်(၄၄)တွင် တရားလိုများတောင်းဆိုသည့်အတိုင်း မြစ်ကြီးနားခရိုင်တရားရုံးက အနိုင်ဒီကရီချမှတ်ပေးခဲ့ခြင်းဖြစ်ကြောင်း အယူခံရုံးတော်က စိစစ်ဖော်ထုတ်ခဲ့သည်။

တရားမကျင့်ထုံးဥပဒေအမိန့် ၇ နည်းဥပဒေ ၁(င)အရ တရားစွဲဆိုရန်အကြောင်းကို ဖြစ်မြောက်စေသည့်အကြောင်းခြင်းရာများကို အဆိုလွှာ၌ ဖော်ပြရန်လိုကြောင်း၊ အဆိုလွှာတွင် ဖော်ပြထားသော အကြောင်းခြင်းရာများသည် တရားစွဲဆိုရန်အကြောင်း မပေါ်ပေါက်လျှင်သော်လည်းကောင်း၊ အဆိုလွှာမှာ တရားစွဲဆိုရန်အကြောင်းကို သိသာထင်ရှားစေခြင်းမရှိလျှင်သော်လည်းကောင်း တရားလို၏အဆိုလွှာကို ပယ်ရန်ဖြစ်ပေသည်။

တရားစွဲဆိုရန်အကြောင်းဟူသည် တစ်ဖက်မှ ငြင်းပယ်လာပါက တရားလိုသည် တရားရုံး၏အဆုံးအဖြတ်ကို ခံယူခွင့်ရှိကြောင်း အထောက်အခံအဖြစ် သက်သေထင်ရှားပြသရန်လိုအပ်သည့် အကြောင်းခြင်းရာအသီးသီးဖြစ်ကြောင်း၊ **ဦးဆောင်းနှင့် ဦးခင်မောင်ပါ ၂ အမှု ၁၉၅၉ ခုနှစ် မြန်မာနိုင်ငံတရားစီရင်ထုံးစာ ၃၄ ကို** အယူခံရုံးတော်က ရည်ညွှန်းခဲ့ပါသည်။

မြစ်ကြီးနားခရိုင်တရားရုံး ၂၀၂၀ ပြည့်နှစ်၊ တရားမကြီးမှုအမှတ်(၄၄)အမှုမှ တရားပြိုင်များကို ၂၀၂၀ ပြည့်နှစ် မတ် ၁၆ ရက်၊ ၂၀၂၀ ပြည့်နှစ် ဇွန် ၄ ရက်နှင့် ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၁၇ ရက်၌ သမ္မာန်စာထုတ်ဆင့်ရာတွင် တရားပြိုင်များနေထိုင်သည့် မြစ်ကြီးနားမြို့ စီတာပူရပ်ကွက် အုပ်ချုပ်ရေးမှူး၏ လက်မှတ်ရေးထိုးထားသည့် သမ္မာန်စာနှစ်စောင်ကို ဆင့်စာလုလင်မှ ကျမ်းကျိန်ချက်ဖြင့်လည်းကောင်း၊ ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၂၀ ရက်၊ အမှတ်(၂) တရားပြိုင်၏ ညီတော်စပ်သူ အရွယ်ရောက်ပြီးသူ ဦးဇော်တူးထံ သမ္မာန်စာချအပ်လက်မှတ်ရေးထိုးသည်ကို ကျမ်းကျိန်ချက်ဖြင့်လည်းကောင်း၊ ရုံးတော်သို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ တင်ပြထားသည်ကို အယူခံရုံတော်က စိစစ်ဖော်ထုတ်ခဲ့သည်။

ထိုသို့ တရားပြိုင်များထံဆင့်ဆိုသည့် သမ္မာန်စာများအတည်ဖြစ်၍ တရားလိုများက အမှုကို တစ်ဖက်သတ်စစ်ဆေးပေးရန် လျှောက်ထားသည်ကို ရုံးတော်မှခွင့်ပြုပြီး သက်သေများစစ်ဆေးကာ တရားလိုများတောင်းဆိုသည့်အတိုင်း စရိတ်နှင့်တကွ အနိုင်ဒီကရီပေးခဲ့ခြင်းဖြစ်သည်။

ယခင်စီရင်ချက် သို့မဟုတ် ဒီကရီကို လိမ်လည်ရယူခဲ့သည်ဟုဆိုကာ လွယ်လွယ်ဖြင့်ဖျက်၍မရပေ။ မည်သို့မည်ပုံ၊ မည်သည့်နည်းဖြင့်၊ မည်သည့်အချိန်၊ မည်သည့်နေရာတွင် လိမ်လည်ခဲ့သည်ဟု တိတိကျကျဖော်ပြနိုင်ရမည်ဖြစ်သည်။ လိမ်လည်ဖွယ်ရှိသည်ဆိုသောထင်ကြေးဖြင့် ပယ်ဖျက်ပေးခြင်း မပြုနိုင်။ **ဂုပတားနှင့် အဗ္ဗဒူအာဇစ် အမှုအတွဲ ၉ ရန်ကုန်စာ ၁၃၅** အမှုကို အယူခံရုံးတော်က ရည်ညွှန်းခဲ့သည်။

အယူခံတရားလိုများက ၂၀၂၀ ပြည့်နှစ်၊ တရားမကြီးမှုအမှတ်(၄၄)အမှုတွင် အယူခံတရားပြိုင်များသည် လိမ်လည်၍ တစ်ဖက်သတ်ဒီကရီရယူခဲ့ခြင်းဖြစ်ကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ဘိလစ်နှင့် ဆင့်စာလုလင်တို့ကို စုံစမ်းစစ်ဆေးခြင်းမပြုဘဲ ရုံးတော်မှ သမ္မာန်စာအတည်ဖြစ်ကြောင်းကောက်ယူကာ အမှုကိုဆုံးဖြတ်ချက်ချမှတ်ခဲ့ခြင်းမှာ ဥပဒေလုပ်ထုံးလုပ်နည်းနှင့်ညီညွတ်မှုမရှိကြောင်း တစ်ဖက်မှ လျှောက်ထားတင်ပြသော်လည်း **"သမ္မာန်စာများအား အတည်ပြုဆောင်ရွက်ရာတွင် ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ မူလရုံးတော်က ဆောင်ရွက်ထားခြင်းဖြစ်သည်ကို အမှုတွင်တွေ့ရှိရသည်"**ဟု ပြည်ထောင်စုတရားလွှတ်တော်ချုပ်က စိစစ်ဝေဖန်သုံးသပ်ခဲ့သည်။

မြစ်ကြီးနားခရိုင်တရားရုံး ၂၀၂၀ ပြည့်နှစ်၊ တရားမကြီးမှုအမှတ်(၄၄)အမှုမှ တရားလိုများသည် ၎င်းတို့စွဲဆိုသည့်အမှု အနိုင်ရရှိစေရန် သက်သေခံချက်များ မမှန်မကန်တင်ပြပြီး အနိုင်ဒီကရီရယူခဲ့ကြောင်းကို ယခုအမှုတွင် တရားလိုများ၏အဆိုလွှာ၌ ဖော်ပြထားခြင်းမရှိကြောင်း အမှုစစ်တရားသူကြီးက သမ္မာန်စာအကြိမ်ကြိမ်ထုတ်ဆင့်၍ ဆင့်ခေါ်စာကို အတည်ပြုပြီးနောက် တရားမကျင့်ထုံးဥပဒေအမိန့် ၉ နည်းဥပဒေ ၆(၁)(က) အရ တစ်ဖက်သတ်စစ်ဆေးပြီး အဆိုပါအမှုမှ တရားလိုများဘက် ထွက်ဆိုချက်များအရ အနိုင်ဒီကရီချမှတ်ပေးခဲ့ခြင်းမှာ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်းတွေ့ရှိရသောကြောင့် အယူခံတရားလိုများဘက်မှ တင်ပြလျှောက်ထားသည့် အယူခံအကြောင်းပြချက်များအပေါ် လက်ခံစဉ်းစားပေးရန် သင့်မည်မဟုတ်ကြောင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တိကျခိုင်လုံစွာဆင်ခြင်သုံးသပ်ခဲ့သည်။

သို့ဖြစ်၍ မြစ်ကြီးနားခရိုင်တရားရုံး ၂၀၂၁ ခုနှစ် တရားမကြီးမှုအမှတ်(၅၇)၏ စီရင်ချက်နှင့်ဒီကရီကို ဆက်လက်အတည်ပြုခဲ့သည့် ကချင်ပြည်နယ်တရားလွှတ်တော်၏ စီရင်ချက်နှင့်ဒီကရီတို့မှာ မှားယွင်းခြင်းမရှိသည်ကို သုံးသပ်တွေ့ရှိရသဖြင့် အယူခံမှုကို စရိတ်နှင့်တကွ ပလပ်လိုက်သည်။

**၂၀၂၂ ခုနှစ်၊ တရားမအယူခံမှုအမှတ် (၄၁၈) ဒေါ်ခေါန်လုံ ပါ ၂ နှင့် ဒေါ်ဆိုင်းပန် ပါ ၂** အမှုကို ရည်ညွှန်းကိုးကား ရေးသားတင်ပြလိုက်ရပါသည်။

# ရေဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့

**ရေဦး ဖေဖော်ဝါရီ ၃**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် ရေဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရေဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၁၀၆၇ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၅ ခုနှစ် အောက်တိုဘာလ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၁၁၁၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်သဖြင့် လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီ ရေဦးမြို့နယ်မှာ ဖူးစားပြောင်း ၁၀၆၇ ဧက လျာထားစိုက်ပျိုးခဲ့ရာ ဒီနေ့ထိ ၁၁၁၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ပြောင်းသီးနှံတွေ ဖြစ်ထွန်းအောင်မြင်ဖို့အတွက် အသိပညာပေးတာတွေ၊ ပိုးမွှားရောဂါကျရောက်မှုမရှိအောင် အသိပညာပေးတာတွေ ဆောင်ရွက်ပေးခဲ့ပါတယ်" ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ရေဦးမြို့နယ်တွင် ဖူးစားပြောင်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများဆောင်ရွက်ခြင်း၊ ဖောငမြောင်တောင်ပိုး ကြိုတင်ကာကွယ်ရေး၊ ဘက်စုံသီးနှံကာကွယ်ရေးစနစ်ဖြစ်သည့် တမာပိုးသတ်ဆေးအသုံးပြုရေး စသည့် စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ရေဦးမြို့နယ်တွင် ဖူးစားပြောင်းစိုက်ပျိုးရာ၌ ဖူးစားပြောင်း တစ်ဧကလျှင် ပြောင်းဖူးရေ ၁၅၀၀၀ ထွက်ရှိပြီး တစ်ဧကစိုက်ပျိုးပါက ငွေကျပ် ငါးသိန်းကျော်ကုန်ကျစရိတ်ရှိကြောင်း သိရသည်။

ဖူးစားပြောင်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ဖူးစားပြောင်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။

(၂၀၆)

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## Raytheon ကုမ္ပဏီက LTAMDS ရေဒါအစိတ်အပိုင်းများထုတ်လုပ်ရန် TTM ကုမ္ပဏီနှင့် စာချုပ်ချုပ်ဆိုခဲ့



Raytheon ကုမ္ပဏီသည် အမေရိကန်ကြည်းတပ်အတွက် အဆင့်မြင့်လေကြောင်းနှင့် ဒုံးကျည်ကာကွယ်ရေး LTAMDS ရေဒါအစိတ်အပိုင်းများထုတ်လုပ်ရန် TTM ကုမ္ပဏီနှင့် စာချုပ်ချုပ်ဆိုခဲ့ကြောင်း The Defense Post သတင်းဌာနက ဇန်နဝါရီ ၃၀ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါ သဘောတူညီချက်သည် LTAMDS ရေဒါထုတ်လုပ်မှုစီမံကိန်း၏ လိုအပ်ချက်နှင့်ထုတ်လုပ်မှုပမာဏအပေါ် မူတည်၍ သုံးနှစ်အတွင်း တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ သန်း ၂၀၀ ထိရှိလာနိုင်ကြောင်း သိရသည်။ TTM ကုမ္ပဏီအနေဖြင့် Raytheon ကုမ္ပဏီထုတ် မျိုးဆက်သစ်လေကြောင်းနှင့် ဒုံးကျည်ကာကွယ်ရေးရေဒါ(LTAMDS) ထုတ်လုပ်မှုတွင် အထောက်အကူပြုမည့် ရေဒီယိုလှိုင်းနှုန်းစုဝေးမှုစနစ်များ၊ အီလက်ထရွန်နစ်ဟာ့ဒ်ဝဲများနှင့် ပုံနှိပ်ဆားကစ်ဘုတ်များကို ပံ့ပိုးပေးသွားရမည်ဖြစ်သည်။ အဆိုပါကုမ္ပဏီနှစ်ခုသည် ယခင်ကလည်း ဤရေဒါစနစ်၏ ဖွံ့ဖြိုးရေးနှင့်ထုတ်လုပ်မှုအကြိုပြင်ဆင်ရေးအဆင့်များတွင် အတူတကွ လက်တွဲဆောင်ရွက်ခဲ့ကြဖူးကြောင်း သိရသည်။

ယခုစာချုပ်သည် LTAMDS ရေဒါထုတ်လုပ်မှုစီမံကိန်းကို အရှိန်အဟုန်မြင့်ထုတ်လုပ်နိုင်သည့်အဆင့်သို့ ကူးပြောင်းရာတွင် လိုအပ်သောပစ္စည်းထောက်ပံ့မှုကွင်းဆက်ကို တည်ငြိမ်စေရန်နှင့် သတ်မှတ်ချိန်အတွင်းပေးပို့နိုင်မှုကို အထောက်အကူဖြစ်စေရန် ရည်ရွယ်သည်။ အဆိုပါရေဒါသည် ဟောင်းနွမ်းနေပြီဖြစ်သော Patriot ရေဒါများ၏နေရာတွင် အစားထိုးရန် ဒီဇိုင်းထုတ်ထားခြင်းဖြစ်ပြီး ၃၆၀ ဒီဂရီပတ်လည်လွှမ်းခြုံနိုင်စွမ်းရှိခြင်း၊ ခေတ်မီလေကြောင်းနှင့် ဒုံးကျည်ခြိမ်းခြောက်မှုများကို ပိုမိုထိရောက်စွာကာကွယ်နိုင်ခြင်းစသည့် အားသာချက်များရှိသည်။

TTM ကုမ္ပဏီသည် ရေဒါ၏အဓိကအစိတ်အပိုင်းဖြစ်သော ရောင်ခြည်ဖွဲ့စည်းခြင်းကွန်ရက်များ၏ ပုံစံထုတ်ခြင်း၊ အမှတ်စဉ်လိုက်ထုတ်လုပ်ခြင်း၊ စမ်းသပ်ခြင်းလုပ်ငန်းများကို တာဝန်ယူရမည်ဖြစ်ပြီး LTAMDS ရေဒါစနစ်နှင့် ဆက်စပ်နေသော GhostEye ရေဒါစနစ်များတွင် အသုံးပြုမည့်အထူးပြု အစိတ်အပိုင်းများကိုလည်း ထုတ်လုပ်ပေးသွားရမည်ဖြစ်သည်။ ဤအစိတ်အပိုင်းများသည် ပစ်မှတ်အမြောက်အမြားကို တစ်ပြိုင်နက်တည်းထောက်လှမ်းခြင်း၊ ခြေရာခံခြင်းနှင့် အမျိုးအစားခွဲခြားခြင်းတို့ ပြုလုပ်ရာတွင် ရေဒါ၏ စွမ်းဆောင်ရည်အတွက် အလွန်အရေးပါနေသည်။

LTAMDS ရေဒါသည် အမေရိကန်ကြည်းတပ်၏ ပေါင်းစည်းလေကြောင်းနှင့် ဒုံးကျည်ကာကွယ်ရေး ဖွဲ့စည်းပုံတွင် အဓိကကျသော အစိတ်အပိုင်းတစ်ခုဖြစ်သည်။ ၎င်းကို လက်ရှိအသုံးပြုနေသော Patriot ကြားဖြတ်တိုက်ခိုက်ရေးဒုံးကျည်များနှင့် တွဲဖက်အသုံးပြုရန် ရည်ရွယ်ထားသကဲ့သို့ နောင်ပေါ်ပေါက်လာမည့် စွမ်းဆောင်ရည်သစ်များနှင့်လည်း ချိတ်ဆက်အသုံးပြုနိုင်မည်ဖြစ်သည်။ ၂၀၁၉ ခုနှစ်တွင် LTAMDS ရေဒါထုတ်လုပ်မှုစီမံကိန်းအတွက် Raytheon ကုမ္ပဏီကို အဓိက ကန်ထရိုက်တာအဖြစ် ရွေးချယ်ခဲ့ပြီးနောက် အဆိုပါရေဒါသည် ပစ်မှတ်များပျံသန်းမှုစမ်းသပ်ချက်များနှင့် စစ်ဆင်ရေးဆိုင်ရာ သရုပ်ပြမှုများစွာကို အောင်မြင်စွာပြုလုပ်ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

**RTX Taps TTM Technologies for $200M LTAMDS Radar Component Contract ကို ဘာသာပြန်ဆိုထားပါသည်။**

## DSTA နှင့် Epirus ကုမ္ပဏီတို့က မိုက်ခရိုဝေ့ဖ်လက်နက်စနစ်များ ပူးပေါင်းထုတ်လုပ်ရန် လက်မှတ်ရေးထိုး

စင်ကာပူနိုင်ငံ၏ ကာကွယ်ရေးသိပ္ပံနှင့် နည်းပညာအေဂျင်စီ(DSTA)နှင့် အမေရိကန်အခြေစိုက် Epirus ကုမ္ပဏီတို့သည် ခေတ်မီဒရုန်းခြိမ်းခြောက်မှုအန္တရာယ်များကို တုံ့ပြန်ရန်အတွက် စွမ်းအားမြင့် မိုက်ခရိုဝေ့ဖ်နည်းပညာသုံး စနစ်များကို ပူးပေါင်းထုတ်လုပ်ရန် နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးခဲ့ကြောင်း The Defense Post သတင်းဌာနက ဇန်နဝါရီ ၂၈ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဤပူးပေါင်းဆောင်ရွက်မှုသည် ဒရုန်းများ၏ လျှပ်စစ်ပတ်လမ်းစနစ်များကို အားကောင်းသော လျှပ်စစ်သံလိုက်လှိုင်းများဖြင့် နှောင့်ယှက်ခြင်း သို့မဟုတ် ပျက်စီးစေခြင်းဖြင့် ဒရုန်းများကို အသုံးမပြုနိုင်အောင်ပြုလုပ်မည့် နည်းပညာရပ်အပေါ် အဓိကထားမည်ဖြစ်သည်။ ၎င်းစနစ်သည် ရိုးရိုးအီလက်ထရွန်နစ်နှောင့်ယှက်မှုစနစ်များကို ရှောင်ကွင်းနိုင်စွမ်းရှိသည့် Dark Drones များ၊ ဖိုက်ဘာ အော့ပတစ်သုံး ဒရုန်းများနှင့် ဉာဏ်ရည်တုထိန်းချုပ်ထားသော ဒရုန်းများကိုပင် တိုက်ခိုက်နှိမ်နင်းနိုင်ရန် ရည်ရွယ်ခြင်းဖြစ်သည်။

စင်ကာပူနိုင်ငံ၏ DSTA အေဂျင်စီနှင့် အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားအခြေစိုက် Epirus ကုမ္ပဏီတို့သည် နည်းပညာဖလှယ်ခြင်းနှင့် ဒရုန်းတစ်စင်းချင်းစီ သို့မဟုတ် အုပ်စုလိုက်တိုက်ခိုက်မှုများကို ကာကွယ်နိုင်စွမ်းရှိမည့် အခြေအနေအမျိုးမျိုးကို လက်တွေ့စမ်းသပ်သွားကြမည်ဖြစ်သည်။ DSTA အေဂျင်စီ၏ အမှုဆောင်အရာရှိချုပ် Ng Chad-Son က "ခြိမ်းခြောက်မှုတွေက ပိုပြီးရှုပ်ထွေးလာတဲ့အတွက် မနက်ဖြန်ရဲ့ အန္တရာယ်တွေကို ရင်ဆိုင်နိုင်ဖို့ နည်းပညာသစ်တွေကို ရှာဖွေဖို့ ကျွန်တော်တို့ ကတိပြုထားပါတယ်"ဟု ပြောကြားခဲ့သည်။

အမေရိကန်နိုင်ငံ Epirus ကုမ္ပဏီသည် ၂၀၂၅ ခုနှစ် ဒီဇင်ဘာလအတွင်းက အမေရိကန်အစိုးရ စစ်ဆေးရေးဌာနတစ်ခု၌ ၎င်းတို့၏ Leonidas အမည်ရှိ မိုက်ခရိုဝေ့ဖ်လက်နက်ဖြင့် ဖိုက်ဘာအော့ပတစ်သုံး ဒရုန်းတစ်စင်းကို အောင်မြင်စွာ ပစ်ချပြနိုင်ခဲ့သည်။ ယူကရိန်းပဋိပက္ခတွင် အသုံးများလာသည့် ၎င်းဒရုန်းအမျိုးအစားများသည် ရေဒီယိုလှိုင်းဖြင့် ထိန်းချုပ်ခြင်းမျိုးမဟုတ်ဘဲ ကြိုးဖြင့်တိုက်ရိုက်ချိတ်ဆက်ထားသဖြင့် Jamming ကို ခံနိုင်ရည်ရှိသော်လည်း Epirus ကုမ္ပဏီထုတ် မိုက်ခရိုဝေ့ဖ်လက်နက်က ထိုဒရုန်းအတွင်းရှိ လျှပ်စစ်ပစ္စည်းများကို အလိုအလျောက် ပျက်စီးသွားစေခဲ့ခြင်းဖြစ်သည်။ Epirus ကုမ္ပဏီ၏ ထုတ်ပြန်ချက်အရ ၎င်းတို့၏စနစ်သည် ကျည်ဆန် သို့မဟုတ် ဒုံးကျည်များဖြင့် ပစ်ခတ်ခြင်းမျိုးမဟုတ်ဘဲ လျှပ်စစ်သံလိုက်လှိုင်းစွမ်းအင်ကိုအသုံးပြု၍ ဒရုန်းများ၏ အတွင်းပိုင်းစနစ်ကို ချို့ယွင်းသွားစေခြင်းဖြစ်ကြောင်း သိရသည်။




ယခုစမ်းသပ်လိုက်သည့် မိုက်ခရိုဝေ့ဖ်နည်းပညာသည် လက်ရှိ ယူကရိန်းစစ်မြေပြင်တွင် အီလက်ထရွန်နစ်နှောင့်ယှက်မှုများကို ကျော်လွှားနေသည့် ဖိုက်ဘာအော့ပတစ်သုံး ဒရုန်းများအတွက် အထိရောက်ဆုံး ဖြစ်လာဖွယ်ရှိသည်။ စင်ကာပူနိုင်ငံအနေဖြင့် ဤနည်းပညာကို ရယူရန် ကြိုးပမ်းခြင်းမှာ ၎င်း၏မြို့ပြလုံခြုံရေးနှင့် အရေးကြီးသောအခြေခံအဆောက်အအုံများကို ဒရုန်းများဖြင့် အုပ်စုလိုက်တိုက်ခိုက်လာမည့် မမျှတသော စစ်ဆင်ရေးခြိမ်းခြောက်မှုများမှ ကာကွယ်ရန်အတွက် မဟာဗျူဟာမြောက်ပြင်ဆင်ခြင်းဖြစ်နိုင်သည်။ စစ်မြေပြင်တွင် ကျည်ဆန် သို့မဟုတ် ဒုံးကျည်များကို အသုံးပြု၍ ဒရုန်းများကို ပစ်ချခြင်းထက် လျှပ်စစ်သံလိုက်လှိုင်းများကို အသုံးပြုခြင်းသည် ကုန်ကျစရိတ်သက်သာစေသည့်အပြင် ပစ်မှတ်ပေါင်းများစွာကို တစ်ပြိုင်နက်တည်း ဟန့်တားနိုင်သည့် အားသာချက်ရှိကြောင်း သိရသည်။

**Singapore, Epirus Team on Microwave Weapons to Defeat Drones ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# Chairman of State Security and Peace Commission Commander-in-Chief of Defence Services Senior General Min Aung Hlaing gives guidance to senior officer instructors and senior officer trainees of National Defence College through video conferencing





Senior General Min Aung Hlaing gives guidance to senior officer instructors and senior officer trainees of the National Defence College through video conferencing.

**Nay Pyi Taw February 3**

Chairman of State Security and Peace Commission Commander-in-Chief of Defence Services Senior General Min Aung Hlaing this afternoon gave guidance to senior officer instructors and senior officer trainees of the National Defence College through the video conferencing.

Also, present at the ceremony were Commission Vice Chairman Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win, Secretary of the Commission General Ye Win Oo, Commission member Chief of the General Staff (Army, Navy and Air) General Kyaw Swa Lin and senior military officers from the Office of the Commander-in-Chief (Army), Commission member Prime Minister U Nyo Saw, Executive Chief of the National Defence and Security Council U Aung Lin Dwe, Union ministers, Union-level dignitaries, the Nay Pyi Taw Council Chairman, the commandant of NDC, senior officer instructors and senior officer trainees through the video conferencing.

**Successful holding of the free and fair multiparty democratic general election**

On the occasion, the Senior General said that the military and civilian trainees currently attending the National Defence College would be completing their courses in the near future, and that he wished to discuss and give guidance on the country's evolving political situation and the necessary steps to be taken going forward for national development. Regarding the election, it had been conducted in three phases starting from 28 December, and that it was successfully held in 100 per cent of the townships where elections were organized. As a multiparty democratic nation, he noted that the Tatmadaw itself was also firmly committed to walking the path of multiparty democracy. There were 13.14 million voters, representing more than 54 per cent turnout, and that the enthusiastic participation of the public during the election demonstrated the people's desire to proceed along the democratic path and their confidence in the actions of the government. Therefore, the government must respect the will of the people and carry out its responsibilities correctly and in line with the aspirations of the public.

Tatmadaw had assumed state responsibilities because irregularities occurred in the 2020 multiparty democratic general election. As a result of attempts to form a government with elected representatives produced by fraudulent election outcomes and to seize state power through unlawful means, the Tatmadaw had to take action to safeguard the State. These actions were not taken to seize state power, but were carried out in fulfillment of the duty to protect and safeguard the multiparty democratic system. He noted that throughout successive eras, the Tatmadaw had served the national interest and had endeavored to ensure the country's progress step by step, in an evolutionary manner. Since assuming state responsibilities in 2021, efforts had been made to correctly and sincerely follow the democratic path under an honest political system.

Ssince assuming state responsibilities, the forward work plans had clearly included the provision that state duties would be transferred back after the completion of election-related processes. The registration of political parties had been permitted in accordance with the law, and that parties not in compliance with rules and regulations were denied registration or deregistered. The formation of political parties involves acting as representatives of the people on the political stage, and that if parties engage in actions or statements harmful to the country, it becomes difficult to maintain order. Therefore, the Political Parties Registration Law was systematically enacted and implemented.

Permission for the registration of political parties was first granted in 2023, and that party activities aimed at increasing party membership were also authorized. Gathering party members essentially serves to organize the public, giving them a measure of collective representation. As party membership grows, the number of supporters increases, and the processes of recruiting members and organizing voters were systematically permitted. However, some parties were unable to make effective use of the opportunities provided, and that in practice, they only operated offices in certain major cities. During the election, out of 24 million eligible voters, 13.13 million cast their votes, representing a 54.22 per cent turnout. A total of 58 parties competed, with six parties participating across all regions and states.

According to the election results, the Union Solidarity and Development Party received 44.19 per cent, the Ethnic Unity and Harmony Party received 13.34 per cent, the People's Party received 8.85 per cent, the People's Pioneer Party received 7.65 per cent, and the Shan and Ethnic Democratic Party received 6.17 per cent. Parties with greater direct engagement with the public were able to gain stronger support from the people. He noted that they were able to conduct a free and fair election. Voting was carried out using the Myanmar Electronic Voting Machine (MEVM) system, which prevented electoral fraud, enabling a transparent and legitimate election process. Advance voting was also conducted accurately, with voter lists carefully verified and compiled. During advance voting, over 140,000 votes were rejected, and only those who met the strict eligibility criteria were allowed to vote in advance. The process was carried out systematically, ensuring that fraudulent voting could not occur. Some eligible voters did not cast their votes due to reasons such as: their preferred candidates were not on the ballot, local security concerns, lack of awareness of their voting rights, intimidation or coercion, or being influenced by violent or forceful persuasion, which prevented them from coming to vote.

**Strengthening patriotic spirit of all citizens and serving duty by public service personnel with clear knowledge over national cause and party politics**

Regarding national affairs, based on the history of the country, all citizens need to have a sense of love for their state and nation. Historically, citizens have often been personality-centered, giving loyalty to individuals rather than to the country itself. Instead of being attached to individuals, every citizen should have proper and genuine patriotism focused on the nation. Patriotism can be distinguished between citizen-related patriotism and official-related patriotism. As citizens, everyone should respect, value, and cherish the country's existence, national identity, and symbols, including national emblems, the national flag, and the national anthem. According to reports on social media, in some movie theaters, people did not show proper respect for the national flag or refrain from singing the national anthem, which is disappointing. Observing such behavior, the level of genuine patriotism among citizens appears to be weakening. All citizens must show respect and reverence for the national flag and the national anthem and cultivate a true sense of love for their nation and country.

He stated that civil servants must also possess a sense of patriotism. Looking back at history, it is observed that some civil servants engaged in malpractice regarding economic and

See Page 13

# Acting President of the Republic of Union of Myanmar Chairman of State Security and Peace Commission Senior General Min Aung Hlaing receives a delegation led by H.E. Mr. Sergey SHOIGU, Secretary of the Security Council of the Russian Federation



Senior General Min Aung Hlaing receives H.E. Mr. Sergey SHOIGU, Secretary of the Security Council of the Russian Federation.

**Nay Pyi Taw February 3**

Acting President of the Republic of Union of Myanmar Chairman of State Security and Peace Commission Senior General Min Aung Hlaing received a delegation led by H.E. Mr. Sergey SHOIGU, Secretary of the Security Council of the Russian Federation, at the Credentials Hall of the Office of National Defence and Security Council this morning.

Also present at the call together with the Senior General were SSPC Secretary General Ye Win Oo, union ministers and officials. The Russian Security Council Secretary was accompanied by Ambassador of Russian Federation to Myanmar H.E. Mr. Iskander Azizov and the Russian government officials.

During the talks, the Senior General extended a warm welcome to His Excellency, the Russian Security Council Secretary, and his delegation. In his greetings, the Senior General said the country had successfully held the multiparty democracy general election in three phases beginning from 28 December 2025. Today, the final list of the elected candidates will be announced and the Hluttaw session will be convened in the third week of March. The arrival of the delegation after the successful completion of the election in Myanmar has a profound meaning. During the visit, the two countries will be able to promote bilateral friendship and cooperation.

In his discussions, the Russian Security Council Secretary expressed thanks for the warm welcome extended to him and his delegation. He then expressed his wish to present the message of honour sent by H.E. Vladimir Vladimirovich Putin, President of Russian Federation, for the success in holding the multiparty democracy general election in Myanmar in person. He said the Russian Federation has recognized Myanmar's successful holding of the election amidst the many difficulties. Multiple cooperation between the two countries will be further enhanced.

Afterward, views on the scene of the people enthusiastically casting vote at the free and fair multiparty democracy general election in Myanmar witnessed by the international election monitoring teams, including the one from Russia, Myanmar government's endeavours for achieving internal peace, Russia's lasting memory on the participation of Myanmar Tatmadaw at the military parade in commemoration of the 80th Anniversary of the Victory in the Great Patriotic War of 1941-1945 and the history of anti-fascist revolution between the two countries that are similar to one another, further promotion of bilateral cooperation in security issues, including cyber security and information security, Myanmar's launching of anti-online scam and gambling operations as a national task and joint operations against the illegal business, enhancement of cooperation in economic, trade, electricity generation, space technology, and education sectors were cordially exchanged.

After the call, Acting President of the Republic of Union of Myanmar Chairman of State Security and Peace Commission Senior General Min Aung Hlaing and the Secretary of the Security Council of the Russian Federation exchanged commemorative gifts and posed for documentary photos. 100

---

*From Page 12*

political matters. Such occurrences are due to a weakness in patriotic spirit. The majority of civil servants are individuals with at least a high school education or higher. If one examines the conflicts and crises that occurred in the State, it will be seen that civil servants were involved. It is already prescribed in the Constitution that civil servants must be free from party politics. It is observed that they tend to depend on individuals and organizations. It is seen that they act based on attachments to national leaders and political parties. If civil servants perform their duties with personal cults, party bias, or organizational attachment, Good Governance and Good Government cannot be achieved. Civil servants must be free from party politics, distinguish between politics and national affairs, and carry out the duties of the State. However, it was observed that certain disloyal civil servants abandoned their posts due to personal cults, party bias, and factionalism. Upon assuming duties in 2021, the administration had to rebuild the nation amidst a series of crises—ranging from the mass desertion of posts by the majority of education and health sectors' staff to political conflicts and natural disasters, including the COVID-19 pandemic. Consequently, it is imperative to cultivate and strengthen a sense of patriotism among both citizens and civil servants.

**Educational reforms must be implemented as a necessity**

He further noted that our country has lagged in political, economic, and educational sectors. For national progress, stability, and development, the educational standards of citizens must be elevated. As the motto "National discipline begins at school" suggests, only with formal education will there be an increase in disciplined citizens, significantly contributing to the nation's progress, stability, and development. He also stated that the 2024 population and housing census details the state of the country, revealing a significant need to upgrade the education sector. Consequently, a compulsory KG+9 education system is being implemented to elevate the nation's educational standards, alongside ongoing educational reforms. He pointed out that the majority of the country's population is unable to pursue self-development, leading to widespread poverty. He noted that as long as poverty persists, personal grievances, envy, and dissatisfaction can arise. He added that historical instances of national instability in the country were found to be rooted in educational weaknesses.

Therefore, he emphasized that upgrading the education sector is an absolute necessity. He noted that daily saluting of the national flag starting from basic education schools will instill patriotism, whereas those who do not practice this will see their love for the country gradually diminish. Consequently, he urged all citizens to cooperate in ensuring that every school-aged child attend school.

He observed that agricultural and livestock production in our country is still being carried out using only traditional methods. He stressed the need to enhance formal education, vocational skills, and knowledge to improve the analytical thinking of all citizens. For those beyond school age who can no longer attend formal classes, he stated that knowledge must be elevated through out-of-school education by opening libraries. In doing so, he added that books, newspapers, and journals should use language easily understood by the public. He noted that only when readers understand the content will they gain beneficial knowledge, and urged everyone to work toward national progress.

**Civil servants required to carry out duties systematically**

The Central Institute of Civil Service (Phaunggyi), established during the era of the Burma Socialist Programme Party, was created to help civil servants understand the country's conditions and responsibilities. Training courses are conducted according to the appropriate level, with the aim of enabling civil servants to carry out office work systematically and to foster patriotism. Training programs opened by individual ministries must also be conducted in a structured and orderly manner. Only through systematic training can disciplined and patriotic civil servants be developed. Office work systems across all departments should be standardized and implemented consistently. Official duties must be carried out systematically during office hours, as effective time management is essential for successful work. In carrying out their responsibilities, every civil servant is required to be competent and effective in completing assigned tasks. Senior civil servants and military officers currently attending the National Defense College are expected, upon completion of their training, to take firm measures to ensure that the civil servants under their supervision work in an organized and disciplined manner.

Civil servants need to learn to manage their income and expenses in a balanced manner, as some have been punished for taking more money than necessary. The government has made every effort to ensure that civil servants can live comfortably. Under the current administration, benefits have been increased several times, nearly matching basic salaries. However, further improvements in the welfare of civil servants will depend on the continued development of the country's economic sector.


**Economic development centered on agriculture**

As our country is primarily based on agriculture, income generated from agricultural activities is essential for increasing the national GDP and enabling greater support for civil servants. Only with higher national income can the salaries of civil servants be increased. Since all sectors are interconnected, collective effort and cooperation from everyone are necessary.

For the development of the national economy, activities must be carried out in a systematic and organized manner. Agricultural and livestock production needs to be improved through the use of modern technologies rather than traditional methods, alongside effective and structured management. Research and development are also essential, and agricultural and livestock activities should be aligned with international market demands. As Emata rice is our main crop, relevant ministries need to conduct research to ensure the production of high-quality rice. With the world's population now exceeding eight billion, global food demand is expected to continue rising. To meet these growing needs,

*See Page 14*

# Individuals involved in online scam and gambling operations near Haikpu Village in Mongyal Township, Shan State (North), arrested along with related equipment



Seizure of buildings used for online scam and gambling operations near Haikpu Village, Mongyal Township, Shan State (North)

15 green tarpaulin-roofed buildings (in good condition).



Arrest of individuals operating online scam and gambling activities near Haikpu Village, Mongyal Township, Shan State (North)

Group (3): 60 illegal Chinese male nationals.

**Nay Pyi Taw February 3**

As part of national efforts to eradicate online scam and gambling crimes and prevent such operations from taking root in Myanmar, the State has been working in cooperation with neighbouring countries, regional partners, and international organizations. Joint security task forces have been actively conducting crackdowns across states and regions as a matter of national priority.

Following a tip-off from responsible citizens that online scam and gambling activities were being carried out in Mongyal Township, joint security forces conducted aerial surveillance, ground intelligence gathering, and area clearance operations. At around 7 a.m. today, approximately 35 kilometers southeast of Mongyal, near Haikpu Village, suspicious structures were discovered and searched. The site was confirmed to be used for online financial fraud and gambling operations. Authorities arrested 330 Chinese nationals involved in the activities — 321 men and 9 women. Seized at the site were 15 makeshift buildings constructed with green tarpaulin sheets, 10 buildings under construction, 2 generators used for the operations, 208 mobile phones, 86 all-in-one computers, 7 laptops, 23 Starlink satellite internet devices and 10 vehicles.

The confiscated equipment will be processed in accordance with legal procedures. The arrested individuals will face effective legal action, and investigations are ongoing to identify and take action against those behind the operation. Authorities stated that they will continue working in coordination with domestic forces as well as neighbouring governments to ensure that online scam and gambling operations cannot be established anywhere in Myanmar. 100



Arrest of individuals operating online scam and gambling activities near Haikpu Village, Mongyal Township, Shan State (North)

Group (7): 9 illegal Chinese female nationals.



Seizure of vehicles used in online scam and gambling operations near Haikpu Village, Mongyal Township, Shan State (North).



Seizure of vehicles used in online scam and gambling operations near Haikpu Village, Mongyal Township, Shan State (North).

---

*From Page 13*

basic agricultural and livestock training schools are being opened in our country to develop educated and skilled human resources in these sectors. In addition, plans are underway to introduce basic agricultural and livestock skills at the secondary level of basic education. It is expected that ministries will work together in coordination to further improve agricultural and livestock activities nationwide.

Although the country produces sufficient raw materials for animal feed, livestock farming has not yet been carried out in a systematic manner. To strengthen food security in regions and states, livestock farming must be successfully and efficiently developed. This requires coordinated efforts and cooperation among all stakeholders. With further improvements in livestock production, livestock products can also be exported to foreign markets. If trainees approach their responsibilities from the four perspectives of politics, economics, administration, and defence, it will greatly benefit the country. At the same time, it is essential to produce adequate livestock-based food products domestically to meet national consumption needs.

For instance, in the industrial sector, cotton is grown in certain regions of the country and cotton-based textile industries are operating. However, cotton production data has been found to be statistically inaccurate. If cotton yields can be improved and accurately assessed, agricultural-based industrial production can be developed more effectively. Likewise, various other industrial crops are cultivated across the country, creating opportunities to expand agro-based industries. This will help increase national income, which in turn can contribute to higher salaries for civil servants and overall national development. Increased production is essential to boost both exports and domestic sales, generate foreign earnings, and stabilize the foreign exchange market. He urged trainees to gain a clear understanding of the nature of their respective sectors and to work towards improving production. If the trainees would work together with their individual thoughts and ideas for the development of the country, it would bring great benefits to the future of the country. 100

---


## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# စစ်ကိုင်းမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောစပါးကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး



**စစ်ကိုင်း ဖေဖော်ဝါရီ ၃**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါးကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၂၆၁၂၆ ကေထိ စိုက်ပျိုးနိုင်ခဲ့ကြောင်းနှင့် အဆိုပါ စိုက်ပျိုးထားသောစပါးစိုက်ခင်းများကို ၂၀၂၅ ခုနှစ် နိုဝင်ဘာလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ကေအားလုံးရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ၈၃ ဒသမ ၈၁ တင်းထွက်ရှိကြောင်း သိရသည်။

"စစ်ကိုင်းမြို့နယ် မိုးသီးနှံစိုက်ပျိုးရာသီမှာ စပါး ၂၆၁၂၆ ကေထိ စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ စပါးခင်းတွေ လက်ရှိအချိန်မှာတော့ ကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ စပါးစိုက်ပျိုးရာမှာ လိုအပ်တဲ့ နည်းပညာတွေ၊ မျိုးတွေ၊ ရိတ်သိမ်းချိန်လွန်နည်းပညာပေးတာတွေကို ဆောင်ရွက်ပေးခဲ့တယ်"ဟု စစ်ကိုင်းမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြသည်။

စစ်ကိုင်းမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးစိုက်ပျိုးရာမှာ အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ရေးအတွက် စိုက်ပျိုးရေးဆိုင်ရာနည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှု ကာကွယ်ရေးအသိပညာပေးခြင်း၊ သီးနှံများပျက်စီးဆုံးရှုံးမှုမရှိရေး၊ ရိတ်သိမ်းပြီးစပါးများ အမိုးအကာအောက် အချိန်မီရောက်ရှိရေး အသိပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် စပါးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြ၍ သိရသည်။

(၂၀၆)






# ညောင်ရွှေမြို့နယ် တောင်ပို့နီကျေးရွာ၌ RBF စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး



**ညောင်ရွှေ ဖေဖော်ဝါရီ ၃**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောခရိုင် ညောင်ရွှေမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အင်းပေါခုံကျေးရွာအုပ်စု တောင်ပို့နီကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်း စီမံကိန်း (RBF)လုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ဖေဖော်ဝါရီ ၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကလောခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ဇော်လင်း၊ ညောင်ရွှေမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ယုယုနှင့် ဝန်ထမ်းများက အင်းပေါခုံကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းစီမံကိန်း(RBF) ရန်ပုံငွေဖြင့် ရက်ကန်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် စာရင်းဇယားပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။

ထို့နောက် ကလောခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ဇော်လင်းသည် ရက်ကန်းလုပ်ငန်း ဆောင်ရွက်နေသည့် အဖွဲ့ဝင်များနှင့်တွေ့ဆုံကာ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ အင်းပေါခုံကျေးရွာ၌ ရက်ကန်းလုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀ ဦးအတွက် ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းစီမံကိန်း (RBF) ရန်ပုံငွေကျပ် ၁၀ သန်း ထုတ်ချေးပေးထားကြောင်း ကလောခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ဇော်လင်းထံမှ သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း အုန်းသီးအလုံးရေ အများအပြားတင်ပို့ရောင်းချနိုင်ခဲ့

**ပန်းတနော် ဖေဖော်ဝါရီ ၃**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း အုန်းသီးအလုံးရေ အများအပြား တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း ပန်းတနော်မြို့နယ် အုန်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မြင့်မြင့်အေးက ပြောပြသည်။

ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလအတွင်း အုန်းသီးအလုံးရေ ၄၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ယခုနှစ် ဇန်နဝါရီလအတွင်း အုန်းသီးအလုံးရေ ၆၇၀၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ တင်ပို့ရောင်းချခဲ့သည့် အုန်းသီးများအလုံးရေ ၁၀၀လျှင် ငွေကျပ် ၉၉၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"ပန်းတနော်မြို့နယ်ကနေ လယ်ယာထွက်ကုန်တွေကော၊ ခြံထွက်သီးနှံတွေပါ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနေပါတယ်။ ပြီးခဲ့တဲ့ တစ်လအတွင်း အုန်းသီးအလုံးရေ ၆၇၀၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ပါတယ်။ ရန်ကုန်ဈေးကွက်က လက်ရှိမှာလဲ အုန်းသီးတွေ ဝယ်ယူအားကောင်းနေပါတယ်"ဟု ပန်းတနော်မြို့နယ် အုန်းသီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မြင့်မြင့်အေးက ပြောပြသည်။



ပန်းတနော်မြို့နယ်မှ ထွက်ရှိသည့်အုန်းသီးများကို အုန်းသီးခြောက်၊ အုန်းသီးစိမ်း၊ အုန်းသီးနုစသည့် စနစ်သုံးမျိုးလုပ်ဆောင်ပြီး ဝယ်ယူသည့်ဒေသများသို့ ကုန်တင်ယာဉ်များဖြင့် တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါအုန်းသီးများ အရောင်းအဝယ်ကောင်းမွန်လာခြင်းကြောင့် အုန်းစိုက်ပျိုးသူများ၊ ကုန်ထမ်းလုပ်သားများ၊ ပွဲရုံပိုင်ရှင်များ အလုပ်အကိုင်အခွင့်အလမ်း အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ကြို့ပင်ကောက်မြို့နယ် ကျွန်းကုန်းလေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကြို့ပင်ကောက် ဖေဖော်ဝါရီ ၃**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျွန်းကုန်းလေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ဖေဖော်ဝါရီ ၂ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ထိုသို့ ထုတ်ချေးပေးရာတွင် ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးအေးလွင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျှော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေများ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျွန်းကုန်းလေးကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၁၁၆ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၀ ဦး၊စက်ချုပ်လုပ်ငန်းလုပ်ကိုင်သူ တစ် ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၂၇ဦးကို စီမံကိန်းလည်ပတ်ရန်ပုံငွေကျပ် ၄၇၆ သိန်းထုတ်ချေးပေးခဲ့ကြောင်း သိရသည်။


**သန်းလွင်(မကွေး)**




☆ ကျောဖုံးမှအဆက်

### လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပနိုင်ခဲ့မှု

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်တွင် တက်ရောက်နေကြသည့် စစ်ဘက်နယ်ဘက်မှ သင်တန်းသားများအနေဖြင့် မကြာခင်သင်တန်းပြီးဆုံးတော့မည်ဖြစ်ပြီး နိုင်ငံတော်၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုအခြေအနေများနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှေ့ဆက်လက်ဆောင်ရွက်သွားရန် လိုအပ်သည်များကို ဆွေးနွေးမှာကြားလိုကြောင်း၊ ရွေးကောက်ပွဲနှင့်ပတ်သက်၍ ပြီးခဲ့သည့် ဒီဇင်ဘာ ၂၈ ရက်မှစတင်၍ အပိုင်း သုံးပိုင်းခွဲ၍ ကျင်းပပြုလုပ်ခဲ့ပြီး ကျင်းပသည့်မြို့နယ်များအားလုံးတွင် ရာနှုန်းပြည့်ကျင်းပနိုင်ခဲ့ကြောင်း၊ ပါတီစုံဒီမိုကရေစီနိုင်ငံတစ်ခုအနေဖြင့် တပ်မတော်အနေ




နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအမှုဆောင်ချုပ် ဦးအောင်လင်းဒွေး၊ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်ကျောင်းအုပ်ကြီး၊ နည်းပြအရာရှိကြီးများနှင့် သင်တန်းသားအရာရှိကြီးများက Video Conferencing ဖြင့် တက်ရောက်ကြစဉ်။

**ပြည်သူများအနေဖြင့် ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းလိုခြင်းနှင့် နိုင်ငံတော်အစိုးရ၏ လုပ်ဆောင်ချက်အပေါ် ယုံကြည်မှုရှိခြင်းတို့ကိုတွေ့ရ၊ နိုင်ငံတော်အစိုးရအနေဖြင့်လည်း ပြည်သူများ၏ဆန္ဒကို လေးစားရမည်ဖြစ်ပြီး ပြည်သူများ၏ လိုလားချက်များအတိုင်း မှန်မှန်ကန်ကန်ဖြင့် ဆောင်ရွက်သွားရန်လို . . .**

ဖြင့်လည်း ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာလျှောက်လှမ်းနိုင်ရေး ဆောင်ရွက်ခြင်းပင်ဖြစ်ကြောင်း၊ ဆန္ဒမဲပေးသူ ၁၃ ဒသမ ၁၄ သန်းရှိပြီး ရာခိုင်နှုန်းအားဖြင့် ၅၄ ရာခိုင်နှုန်းကျော်ရှိကြောင်း၊ ပြည်သူများအနေဖြင့် ရွေးကောက်ပွဲကျင်းပချိန်တွင် စိတ်ပါဝင်စားစွာ ဆောင်ရွက်ခဲ့ကြသည်ကို ကြည့်ခြင်းအားဖြင့် **ပြည်သူများအနေဖြင့် ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းလိုခြင်းနှင့် နိုင်ငံတော်အစိုးရ၏လုပ်ဆောင်ချက်အပေါ် ယုံကြည်မှုရှိခြင်းတို့ကို တွေ့ရကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့်လည်း ပြည်သူများ၏ဆန္ဒကို လေးစားရမည်ဖြစ်ပြီး ပြည်သူများ၏လိုလားချက်များအတိုင်း မှန်မှန်ကန်ကန်ဖြင့်ဆောင်ရွက်သွားရန်လို**ကြောင်း။

မိမိတို့အနေဖြင့် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများဖြစ်ပွားခဲ့ခြင်းကြောင့် နိုင်ငံတော်တာဝန်များကိုထမ်းဆောင်ခဲ့ရခြင်းဖြစ်ကြောင်း၊ မဲမသမာမှုရလဒ်များဖြင့် ထွက်ပေါ်လာသည့် ရွေးကောက်ခံကိုယ်စားလှယ်များဖြင့် အစိုးရဖွဲ့ပြီး နိုင်ငံတော်၏အာဏာကို အဓမ္မနည်းလမ်းဖြင့် ရယူရန်ကြိုးပမ်းလာခြင်းကြောင့် တပ်မတော်အနေဖြင့် နိုင်ငံတော်ကိုထိန်းသိမ်းဆောင်ရွက်ခဲ့ရခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်အာဏာအတွက် ဆောင်ရွက်ခဲ့ခြင်းမဟုတ်ဘဲ ပါတီစုံဒီမိုကရေစီစနစ်ကို ကာကွယ်စောင့်ရှောက်ရမည့် တာဝန်အရ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် ခေတ်အဆက်ဆက်တွင် နိုင်ငံတော်၏အကျိုးကိုထမ်းဆောင်ခဲ့ပြီး တိုင်းပြည်ကို တစ်ဆင့်ပြီးတစ်ဆင့် တိုးတက်စေရေး (Evolution ပုံစံ) ကြိုးပမ်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ မိမိတို့ နိုင်ငံတော်တာဝန်ကို စတင်ထမ်းဆောင်သည့် ၂၀၂၁ ခုနှစ်မှစတင်၍ ရှိးသားသည့် နိုင်ငံရေးစနစ်ဖြင့် ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် မှန်မှန်ကန်ကန်ဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း။

နိုင်ငံတော်တာဝန်စတင်ထမ်းဆောင်ချိန်မှစ၍ ရှေ့လုပ်ငန်းစဉ်များချမှတ်ဆောင်ရွက်ရာတွင်ရွေးကောက်ပွဲဆိုင်ရာများဆောင်ရွက်ပြီးချိန်၌ နိုင်ငံတော်တာဝန်များကို ပြန်လည်လွှဲပြောင်းပေးမည့် အချက်ပါဝင်ကြောင်း၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းကိုလည်း ဥပဒေနှင့်အညီခွင့်ပြုပေးခဲ့ကြောင်း၊ စည်းကမ်းဥပဒေများနှင့် မညီညွတ်သည့်ပါတီများကို မှတ်ပုံတင်ခွင့်မပြုခြင်းနှင့် ပယ်ဖျက်ခြင်းများကိုလည်းဆောင်ရွက်ခဲ့ကြောင်း၊ **ပါတီဖွဲ့ခြင်းသည် နိုင်ငံရေးစင်မြင့်တွင် ပြည်သူ့ကိုယ်စားပြုအဖြစ် ဆောင်ရွက်ခြင်းဖြစ်သည့်အတွက် နိုင်ငံကိုထိခိုက်အောင် လုပ်ဆောင်ပြောဆိုမှုများဖြစ်လာပါက ထိန်းသိမ်းရခက်ခဲ**ကြောင်း၊ ထို့ကြောင့် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေကို စနစ်တကျပြဋ္ဌာန်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း။

**နိုင်ငံရေးပါတီများမှတ်ပုံတင်ခွင့်ကို ၂၀၂၃ ခုနှစ်တွင် စတင်ခွင့်ပြုဆောင်ရွက်ပေးခဲ့ပြီး ပါတီဝင်များတိုးပွားရေးအတွက်လည်း ပါတီဝင် စည်းရုံးရေးလုပ်ငန်းများကို ခွင့်ပြုပေးထားခဲ့ကြောင်း၊ပါတီဝင်များရအောင်စည်းရုံးခြင်းသည် ပြည်သူလူထုကိုစည်းရုံးခြင်းပင်ဖြစ်ပြီး ပြည်သူကိုတစ်စိတ်တစ်ပိုင်းစည်းရုံးခွင့်ရခြင်းပင်ဖြစ်**ကြောင်း၊ ပါတီဝင်အင်အားများလာပါကထောက်ခံသူများပြားလာမည်ဖြစ်ပြီး ပါတီဝင်များစုဆောင်းခွင့်နှင့် မဲဆွယ်စည်းရုံးခြင်းလုပ်ငန်းစဉ်များကိုလည်း နည်းလမ်းတကျခွင့်ပြုပေးထားခဲ့ကြောင်း၊ သို့သော်လည်း အချို့ပါတီများအနေဖြင့် ပေးထားသည့် အခွင့်အလမ်းများကို ထိရောက်စွာအသုံးချနိုင်မှုမရှိခဲ့သည်ကိုတွေ့ရပြီး မြို့ကြီးအချို့၌ သာရုံးဖွင့်၍ဆောင်ရွက်ခဲ့ကြသည်ကိုတွေ့မြင်ရကြောင်း၊ ရွေးကောက်ပွဲတွင် မဲပေးပိုင်ခွင့်ရှိသူ ၂၄ သန်းအနက် ၁၃ ဒသမ ၁၃ သန်း လာရောက်မဲပေးခဲ့ကြပြီး ရာခိုင်နှုန်းအားဖြင့် ၅၄ ဒသမ ၂၂ ရာခိုင်နှုန်း ပေးခဲ့ကြသည်ကို တွေ့မြင်ရကြောင်း၊ ပါတီပေါင်း ၅၇ ပါတီဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်အားလုံးတွင်ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်မှာ ခြောက်ပါတီရှိခဲ့ကြောင်း၊ မဲစာရင်းရလဒ်များအရ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီအနေဖြင့် ၄၄ ဒသမ ၁၉ ရာခိုင်နှုန်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီအနေဖြင့် ၁၃ ဒသမ ၃၄ ရာခိုင်နှုန်း၊ ပြည်သူ့ပါတီအနေဖြင့် ၈ ဒသမ ၈၅ ရာခိုင်နှုန်း၊ ပြည်သူ့ရှေ့ဆောင်ပါတီအနေဖြင့် ၇ဒသမ ၆၅ ရာခိုင်နှုန်း၊ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်

**နိုင်ငံရေးပါတီများမှတ်ပုံတင်ခွင့်ကို ၂၀၂၃ ခုနှစ်တွင် စတင်ခွင့်ပြုဆောင်ရွက်ပေးခဲ့ပြီး ပါတီဝင်များတိုးပွားရေးအတွက်လည်း ပါတီဝင်စည်းရုံးရေးလုပ်ငန်းများကို ခွင့်ပြုပေးထားခဲ့၊ ပါတီဝင်များရအောင်စည်းရုံးခြင်းသည် ပြည်သူလူထုကိုစည်းရုံးခြင်းပင်ဖြစ်ပြီး ပြည်သူကိုတစ်စိတ်တစ်ပိုင်းစည်းရုံးခွင့်ရခြင်းပင်ဖြစ် . . .**

တစ်ပါတီအနေဖြင့် ၆ ဒသမ ၁၇ ရာခိုင်နှုန်း ရရှိခဲ့သည်ကိုတွေ့ရှိရကြောင်း၊ ပြည်သူများနှင့်ထိတွေ့မှုများပြားသည့် ပါတီများအနေဖြင့် ပြည်သူများ၏ထောက်ခံမှုကိုရရှိခဲ့ခြင်းဖြစ်ကြောင်း၊ လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲတစ်ခုကို မိမိတို့အနေဖြင့် ဖော်ဆောင်ပေးနိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ မဲပေးရာတွင်လည်း မဲမသမာမှုဆောင်ရွက်၍မရနိုင်သည့် မြန်မာအီလက်ထရောနစ်မဲပေးစနစ် (MEVM)စက်များဖြင့်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး သမာသမတ်ကျသည့် ရွေးကောက်ပွဲအဖြစ် ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ ကြိုတင်မဲများနှင့်ပတ်သက်၍လည်း တိကျစွာဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး မဲဆန္ဒရှင်များ၏စာရင်းကို စနစ်တကျ စိစစ်ကောက်ခံဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ကြိုတင်မဲပေးရာတွင် တစ်သိန်းလေးသောင်းကျော်ခန့် ပယ်မဲဖြစ်ပေါ်ခဲ့ကြောင်း၊ ခိုင်လုံသည့်အကြောင်းပြချက်ဖြင့် လျှောက်ထားသည့်သူများကို ကြိုတင်မဲများ ခွင့်ပြုပေးခဲ့ခြင်းဖြစ်ကြောင်း၊ ကြိုတင်မဲပေးရာတွင်လည်း စနစ်တကျဖြင့် ဆန္ဒမဲပေးရန် ဆောင်ရွက်ခဲ့ခြင်းဖြစ်သဖြင့် မဲမသမာမှုမဖြစ်နိုင်ကြောင်း၊ ရွေးကောက်ပွဲတွင် လာရောက်ဆန္ဒမဲမပေးကြသူများအနေဖြင့် မိမိတို့ထောက်ခံလိုသူများမပါသဖြင့် မဲမပေးခြင်း၊ ဒေသလုံခြုံရေးအရ မဲမပေးခြင်း၊ မိမိတို့၏ မဲပေးပိုင်ခွင့်ရှိမှုကို မသိရှိခြင်း၊ ခြိမ်းခြောက်အကျပ်ကိုင်မှုများ၊ သွေးထိုးလှုံ့ဆော်မှုများကြောင့် မဲပေးရန်မလာရောက်နိုင်ခြင်းများလည်းရှိကြောင်း။

### နိုင်ငံသားတိုင်း တိုင်းချစ်ပြည်ချစ်စိတ်များ မြင့်မားစေရေးနှင့် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် နိုင်ငံရေးနှင့် နိုင်ငံ့အရေးကို ကွဲပြားစွာဖြင့် တာဝန်ထမ်းဆောင်ရေး

နိုင်ငံ့အရေးနှင့်ပတ်သက်၍ မိမိတို့နိုင်ငံ၏ ဖြတ်သန်းခဲ့သည့် သမိုင်းကြောင်းအရ နိုင်ငံသားအားလုံး တိုင်းချစ်ပြည်ချစ်စိတ်ရှိရန်လိုအပ်ကြောင်း၊ မိမိတို့နိုင်ငံ၏ သမိုင်းကြောင်းအရ နိုင်ငံသူ၊နိုင်ငံသားများအနေဖြင့် လူပုဂ္ဂိုလ်စွဲရှိကြသည်ကိုလည်း တွေ့ရကြောင်း၊ လူပုဂ္ဂိုလ်ကိုအစွဲပြု၍ တိုင်းချစ်ပြည်ချစ်စိတ်ရှိခြင်းထက် **နိုင်ငံအပေါ်အစွဲပြု၍ နိုင်ငံသားတိုင်း မှန်မှန်ကန်ကန်ဖြင့် တိုင်းချစ်ပြည်ချစ်စိတ်များရှိရန်လို**ကြောင်း၊ တိုင်းချစ်ပြည်ချစ်စိတ်တွင် နိုင်ငံသားနှင့်ပတ်သက်သည့် တိုင်းချစ်ပြည်ချစ်စိတ်နှင့် နိုင်ငံ့ဝန်ထမ်းများနှင့်ပတ်သက်သည့် တိုင်းချစ်ပြည်ချစ်စိတ်ဟူ၍ ခွဲခြားနိုင်ကြောင်း၊ **နိုင်ငံသားတိုင်းအနေဖြင့် နိုင်ငံတော်၏ဖြစ်တည်မှုပထဝီဝင်အနေအထားများနှင့်အမျိုးသားရေးစရိုက်လက္ခဏာများ၊ နိုင်ငံတော်နှင့်သက်ဆိုင်သည့် အမျိုးသားရေးလက္ခဏာများ၊ အထိမ်းအမှတ်တံဆိပ်များ၊ နိုင်ငံတော်အလံ၊ နိုင်ငံတော်သီချင်းတို့ အပါအဝင် အထွတ်အမြတ်ထားရမည်များကို လေးစားတန်ဖိုးထား ချစ်မြတ်နိုးကြရန်**လိုကြောင်း၊ ဆိုရှယ်မီဒီယာပလက်ဖောင်းများတွင်ဖော်ပြချက်များအရ အချို့ရုပ်ရှင်ရုံများ၌ နိုင်ငံတော်အလံကိုပင် အလေးမပြုကြသူများနှင့် နိုင်ငံတော်သီချင်းသီဆိုခြင်းမရှိကြသူများပင်ရှိကြသည်ဟု စိတ်မကောင်းဖြစ်ဖွယ်သိရှိရကြောင်း၊ ထိုသို့အပြုအမူများကိုကြည့်ခြင်းအားဖြင့် နိုင်ငံသားများအနေဖြင့် တိုင်းချစ်ပြည်ချစ်စိတ်အားနည်းနေသည်ကို တွေ့ရကြောင်း၊ နိုင်ငံတော်အလံနှင့် နိုင်ငံတော်သီချင်းကို နိုင်ငံသားများအားလုံးအနေဖြင့် အလေးအနက်နှင့် အလေးအမြတ်ထားရန် လိုသကဲ့သို့ တိုင်းချစ်ပြည်ချစ်စိတ်များရှိရန် လိုကြောင်း။

နိုင်ငံ့ဝန်ထမ်းများ အနေဖြင့်လည်း တိုင်းချစ်ပြည်ချစ်စိတ်များရှိရန် လိုကြောင်း၊ ဖြတ်သန်းခဲ့သည့် သမိုင်းကြောင်းများအရ နိုင်ငံ့ဝန်ထမ်းအချို့အနေဖြင့် စီးပွားရေး၊ နိုင်ငံရေးတို့နှင့်ပတ်သက်၍ မသမာမှုများ ဆောင်ရွက်ခဲ့ကြသည်ကိုလည်း တွေ့ရကြောင်း၊ ထိုသို့ဖြစ်ပေါ်ရခြင်းမှာ တိုင်းချစ်ပြည်ချစ်စိတ်များ အားနည်းခြင်းကြောင့်ဖြစ်ကြောင်း၊နိုင်ငံ့ဝန်ထမ်းအများစုသည် အနည်းဆုံးတက္ကသိုလ်ဝင်တန်းနှင့်အထက် ပညာအရည်အချင်းရှိကြသူများဖြစ်ကြောင်း၊ နိုင်ငံတော်တွင်ဖြစ်ပေါ်ခဲ့သည့် ပဋိပက္ခများ၊အရေးအခင်းများကို ပြန်ကြည့်မည်ဆိုပါက နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ပါဝင်ခဲ့ကြသည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် ပါတီနိုင်ငံရေးကင်းရှင်းရန် ဖွဲ့စည်းပုံအခြေခံဥပဒေ၌ ပြဋ္ဌာန်းထားပြီးဖြစ်ကြောင်း၊ ၎င်းတို့အနေဖြင့် လူပုဂ္ဂိုလ်နှင့်အဖွဲ့အစည်းများအပေါ်မှီခိုသည့်သဘောကိုတွေ့ရှိရကြောင်း၊ နိုင်ငံ့ခေါင်းဆောင်များ၊ နိုင်ငံရေးပါတီများအပေါ်အစွဲပြု၍လုပ်ဆောင်ကြသည်ကို တွေ့ရကြောင်း၊ ပုဂ္ဂိုလ်စွဲ၊ ပါတီစွဲ၊ အဖွဲ့အစည်းစွဲများနှင့် နိုင်ငံ့ဝန်ထမ်း ဆောင်ရွက်မည်ဆိုပါက Good Governance၊ Good Goverment မဖြစ်နိုင်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ပါတီနိုင်ငံရေးကင်းရှင်းရမည်ဖြစ်ပြီး နိုင်ငံရေးနှင့် နိုင်ငံ့အရေးကို ခွဲခြားစွာသိမြင်ကာ နိုင်ငံတော်၏တာဝန်များကို ထမ်းဆောင်ရမည်ဖြစ်ကြောင်း၊ သို့သော်လည်း အချို့သောသစ္စာမဲ့နိုင်ငံ့ဝန်ထမ်းများအနေဖြင့် လူပုဂ္ဂိုလ်စွဲ၊ ပါတီစွဲ၊ ဂိုဏ်းဂဏစွဲများဖြင့် လုပ်ငန်းခွင်စွန့်ခွာမှုများကို လုပ်ဆောင်ခဲ့ကြကြောင်း၊ ၂၀၂၁ ခုနှစ် စတင်တာဝန်ထမ်းဆောင်ခဲ့ရချိန်တွင် ပညာရေး၊ ကျန်းမာရေးဝန်ထမ်းအများစု လုပ်ငန်းခွင်စွန့်ခွာမှုများလုပ်ဆောင်ခဲ့ကြသည့် အခက်အခဲ၊ နိုင်ငံရေးအရဖြစ်ပေါ်လာသည့် ပဋိပက္ခများနှင့် ကိုဗစ်-၁၉ ရောဂါအပါအဝင် သဘာဝဘေးကြုံတွေ့ရမှု အကျပ်အတည်းများကြားမှမိမိတို့အနေဖြင့် လက်ရှိအခြေအနေထိ နိုင်ငံတော်ကို တည်ဆောက်ခဲ့ရခြင်းဖြစ်

**နိုင်ငံအပေါ်အစွဲပြု၍ နိုင်ငံသားတိုင်း မှန်မှန်ကန်ကန်ဖြင့် တိုင်းချစ်ပြည်ချစ်စိတ်များ ရှိရန်လို . . .**

**နိုင်ငံသားအားလုံး စဉ်းစားတွေးခေါ်နိုင်စွမ်းများ မြင့်မားလာစေရေး အတန်းပညာ၊ အတတ်ပညာ၊ အသိပညာများ မြင့်မားလာအောင်ဆောင်ရွက်ရမည်ဖြစ် . . .**

**ကုန်ထုတ်လုပ်မှုများတိုးတက်လာမှသာ ပြည်ပပို့ကုန်နှင့် ပြည်တွင်းရောင်းကုန်များ မြှင့်တင်နိုင်ပြီး နိုင်ငံခြားဝင်ငွေများရရှိလာမည်ဖြစ်၊ သို့မှသာ နိုင်ငံခြားငွေကြေးဈေးကွက်ကို ထိန်းနိုင်မည်ဖြစ် . . .**

ကြောင်း၊ သို့ဖြစ်၍ **နိုင်ငံသားများနှင့် နိုင်ငံ့ဝန်ထမ်းများ၏ တိုင်းချစ်ပြည်ချစ်စိတ်များကို တည်ဆောက်ပေးရန်လို**ကြောင်း။

### ပညာရေးပြုပြင်ပြောင်းလဲမှုကို မဖြစ်မနေဆောင်ရွက်သွားရမည်

မိမိတို့နိုင်ငံအနေဖြင့် နိုင်ငံရေး၊ စီးပွားရေး၊ပညာရေးကဏ္ဍများတွင်နိမ့်ပါးခဲ့ကြောင်း၊ နိုင်ငံတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံသားများ၏ ပညာရေးကဏ္ဍမြင့်မားနေရန်လိုကြောင်း၊ **"အမျိုးသားစည်းကမ်းအစစာသင်ကျောင်း"**ကဆိုသည့် ဆောင်ပုဒ်အတိုင်း အတန်းပညာရှိမှသာ စည်းကမ်းကောင်းမွန်သည့်နိုင်ငံသားများ များပြားလာမည်ဖြစ်ပြီး နိုင်ငံတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း၊ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းတွင် နိုင်ငံတော်၏အခြေအနေများကို အသေးစိတ်ဖော်ပြထားသည်ကိုတွေ့မြင်ရမည်ဖြစ်ပြီး ပညာရေးကဏ္ဍကို များစွာအဆင့်မြှင့်တင်ရန် လိုအပ်နေသည်ကို တွေ့မြင်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်၏ ပညာရည်မြင့်မားရေးအတွက် KG+9 ထိ မသင်မနေရစနစ်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ ပညာရေးကဏ္ဍပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံ့လူဦးရေ၏အများစုသည် မိမိတို့ကိုယ်ကို ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နိုင်မှုမရှိသည့်အတွက် ဆင်းရဲမှုလည်း များပြားကြောင်း၊ ဆင်းရဲမှုများရှိနေသမျှ ကာလပတ်လုံး ပုဂ္ဂိုလ်ရေးခံစားချက်များရှိပြီး မနာလိုခြင်း၊ မကျေနပ်ခြင်းများဖြစ်ပေါ်နိုင်ကြောင်း၊ မိမိတို့နိုင်ငံ၏သမိုင်းကြောင်းတွင်ဖြစ်ပေါ်ခဲ့သည့် နိုင်ငံမတည်ငြိမ်မှုဖြစ်စဉ်များသည် ပညာရေးဆိုင်ရာအားနည်းချက်ကြောင့်ဖြစ်သည်ကို တွေ့ရကြောင်း။

ထို့ကြောင့် ပညာရေးကဏ္ဍမြှင့်တင်ရေးကိုမဖြစ်မနေဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အခြေခံပညာကျောင်းများမှ စတင်၍ နိုင်ငံတော်အလံ အလေးပြုခြင်းများကို နေ့စဉ်ဆောင်ရွက်ရခြင်းအားဖြင့် နိုင်ငံချစ်စိတ်များဖြစ်ပေါ်လာမည်ဖြစ်ကြောင်း၊ ထိုသို့မဆောင်ရွက်ရသူများအနေဖြင့် နိုင်ငံချစ်စိတ်များ တစ်စတစ်စလျော့နည်းလာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကျောင်းနေအရွယ်ကလေးငယ်များအားလုံးကျောင်းနေစေရေး နိုင်ငံသားအားလုံး ဝိုင်းဝန်းဆောင်ရွက်သွားကြရန်လိုကြောင်း။

မိမိတို့နိုင်ငံတွင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ၊ ကုန်ထုတ်လုပ်ငန်းများကို ဆောင်ရွက်ရာတွင် မိရိုးဖလာလုပ်ငန်းစဉ်များဖြင့်သာ ဆောင်ရွက်နေကြသည်ကို တွေ့ရှိရကြောင်း၊ **နိုင်ငံသားအားလုံးစဉ်းစားတွေးခေါ်နိုင်စွမ်းများမြင့်မားလာစေရေး အတန်းပညာ၊ အတတ်ပညာ၊ အသိပညာများမြင့်မားလာအောင် ဆောင်ရွက်ရမည်ဖြစ်**ကြောင်း၊ အတန်းပညာတက်ရောက်ရန် မဖြစ်နိုင်တော့သည့်အရွယ်လွန်သည့် ပြည်သူများကို စာကြည့်တိုက်များဖွင့်လှစ်၍ ကျောင်းပြင်ပပညာရေးဖြင့် အသိပညာများ မြင့်မားလာအောင်ဆောင်ရွက်ပေးကြရန် လိုကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင်လည်း စာအုပ်စာပေများထုတ်ဝေရေးသားခြင်းနှင့် သတင်းစာ၊ ဂျာနယ်များ၌ ဆောင်းပါးများရေးသားရာတွင်လည်း အများပြည်သူနားလည်နိုင်သည့် အသုံးအနှုန်းများကို အသုံးပြု၍ရေးသားကြရန်လိုကြောင်း၊ စာဖတ်သူများနားလည်သိရှိမှသာ ၎င်းတို့အတွက် အကျိုးရှိမည့် အသိပညာများကို ရရှိစေမည်ဖြစ်ကြောင်း၊ တိုင်းပြည်တိုးတက်မှုရှိအောင် ဆောင်ရွက်ကြရန်လိုကြောင်း။

### နိုင်ငံ့ဝန်ထမ်းများ စနစ်တကျဖြင့် တာဝန်ထမ်းဆောင်နိုင်ရေး

နိုင်ငံ့ဝန်ထမ်းများနှင့်ပတ်သက်၍ လမ်းစဉ်ပါတီခေတ်မှစတင်၍ ဖောင်ကြီးဗဟိုဝန်ထမ်းတက္ကသိုလ်ကိုဖွင့်လှစ်ခဲ့ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများကို သင်တန်းများဖွင့်လှစ်ပေးခြင်းသည် နိုင်ငံတော်၏အခြေအနေများကို သိရှိစေရန်အတွက် သင်ကြားပေးခြင်းဖြစ်ကြောင်း၊ သက်ဆိုင်ရာ အဆင့်နှင့်သင့်လျော်သည့် သင်တန်းများကို သင်ကြားပေးခြင်းဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ရုံးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်နိုင်ရေးနှင့်တိုင်းချစ်ပြည်ချစ်စိတ်များပေါက်ဖွားလာစေရေး ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာနများအလိုက် ဖွင့်လှစ်သင်ကြားပေးသည့် သင်တန်းများ၌လည်း စနစ်တကျဖြင့် သင်ကြားပေးကြရန်လိုကြောင်း၊ သို့မှသာ စည်းကမ်းကောင်းမွန်သည့် ဝန်ထမ်းများ၊ တိုင်းချစ်ပြည်ချစ်စိတ်ရှိသည့်ဝန်ထမ်းများ များပြားလာမည်ဖြစ်ကြောင်း၊ ရုံးလုပ်ငန်းစနစ်များအားလုံးတူညီနေရန်လည်းလိုကြောင်း၊ထို့ကြောင့်စနစ်တကျဖြင့်ဆောင်ရွက်ကြရန်လိုကြောင်း၊ ရုံးချိန်အတွင်း ရုံးအလုပ်များစနစ်တကျလုပ်ဆောင်နေရန်လိုကြောင်း၊ အချိန်ကိုအလေးထားဆောင်ရွက်မှသာ လုပ်ငန်းအောင်မြင်မှုများရှိမည်ဖြစ်ကြောင်း၊ လုပ်ငန်းတာဝန်ထမ်းဆောင်မှုနှင့်ပတ်သက်၍ မိမိတို့တစ်ဦးတစ်ယောက်ချင်းစီအလိုက်ပေးအပ်ထားသည့် လုပ်ငန်းရပ်များကို ပိုင်နိုင်ကျွမ်းကျင်စွာနှင့် အောင်မြင်အောင် ဆောင်ရွက်သွားနိုင်ရန်လိုကြောင်း၊ **ယခု နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်တွင် နိုင်ငံ့ဝန်ထမ်းအကြီးအကဲများနှင့်တပ်မတော်သားအရာရှိကြီးများပါဝင်ကြပြီး သင်တန်းပြီးဆုံး၍ လုပ်ငန်းခွင်သို့ပြန်လည်ရောက်ရှိပါက မိမိတို့လက်အောက်ရှိ နိုင်ငံ့ဝန်ထမ်းများ စနစ်တကျဖြစ်စေရေး ကြပ်မတ်ဆောင်ရွက်သွားကြရန်လိုကြောင်း**။

ဝန်ထမ်းများအနေဖြင့် မိမိဝင်ငွေနှင့် ထွက်ငွေညီမျှအောင် သုံးစွဲဆောင်ရွက်တတ်ရန်လိုကြောင်း၊ လိုအပ်သည်ထက်ပိုမို၍ ငွေကြေးများရရှိအောင် ဆောင်ရွက်မှုများရှိခြင်းကြောင့် အချို့ဝန်ထမ်းများကို အရေးယူဆောင်ရွက်ခဲ့ရခြင်းများလည်း ရှိကြောင်း၊ **နိုင်ငံ့ဝန်ထမ်းများ နေထိုင်စားသောက်မှုအဆင်ပြေစေရေး မိမိတို့အစိုးရအနေဖြင့် တတ်နိုင်သမျှ ဖြည့်ဆည်းဆောင်ရွက်ပေးထားကြောင်း၊ ယခုအစိုးရလက်ထက်တွင် ခံစားခွင့်များကို မူရင်းလစာနီးပါးပင် အကြိမ်ကြိမ်တိုးမြှင့်ပေးခဲ့ကြောင်း၊နိုင်ငံ၏စီးပွားရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှသာ ဝန်ထမ်းများ၏ခံစားမှုများကို ပိုမိုမြှင့်တင်ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း**။

### စိုက်ပျိုးမွေးမြူရေးကိုအခြေခံ၍ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး

မိမိတို့နိုင်ငံသည် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့်စီးပွားရေးကို အဓိကထားဆောင်ရွက်နေသည့်နိုင်ငံဖြစ်သဖြင့် အဆိုပါစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ဝင်ငွေများရရှိအောင်ဆောင်ရွက်နိုင်မှသာ နိုင်ငံ၏ GDP များတိုးတက်လာပြီး နိုင်ငံ့ဝန်ထမ်းများအတွက် ပိုမိုဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံ့ဝင်ငွေများတိုးတက်လာမှသာ နိုင်ငံ့ဝန်ထမ်းများအတွက် လစာစရိတ်များ တိုးမြှင့်ပေးနိုင်မည်ဖြစ်ကြောင်း၊ ကဏ္ဍအလိုက် တစ်ခုနှင့်တစ်ခုချိတ်ဆက်နေခြင်းဖြစ်သဖြင့် အားလုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန်လိုကြောင်း။

နိုင်ငံ့စီးပွားတိုးတက်ရေးအတွက် လုပ်ငန်းများဆောင်ရွက်ရာတွင် စနစ်တကျဖြင့် ဆောင်ရွက်နိုင်ရန်လိုကြောင်း၊စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကိုဆောင်ရွက်ရာတွင် မိရိုးဖလာလုပ်ငန်းများဖြင့်ဆောင်ရွက်ခြင်းထက် ခေတ်မီသည့်နည်းပညာများဖြင့် အသုံးပြု၍ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်အောင်ဆောင်ရွက်ပေးရန်လိုကြောင်း၊ စီမံခန့်ခွဲမှုများကိုလည်း စနစ်တကျဆောင်ရွက်နိုင်ရန်လိုကြောင်း၊ သုတေသနလုပ်ငန်းများ ဆောင်ရွက်၍လည်း ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန်လိုကြောင်း၊ နိုင်ငံတကာ၏ ဈေးကွက်လိုအပ်ချက်အပေါ် မူတည်၍ စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများကိုဆောင်ရွက်ရန်လိုကြောင်း၊ မိမိတို့နိုင်ငံတွင် စိုက်ပျိုးသည့်စပါးမှာ ဧည့်မထဆန်ကို အဓိကထားစိုက်ပျိုးကြကြောင်း၊ အရည်အသွေးပြည့်မီသည့် စပါးများစိုက်ပျိုးထုတ်လုပ်နိုင်ရေး သက်ဆိုင်ရာ ဝန်ကြီးဌာနများအနေဖြင့် သုတေသနပြုဆောင်ရွက်ကြရန်လိုကြောင်း၊ ကမ္ဘာ့လူဦးရေမှာ ယခုအခါ ရှစ်ဘီလီယံကျော်ရှိလာပြီဖြစ်ပြီး စားနပ်ရိက္ခာလိုအပ်ချက်များ တိုးမြှင့်လာနိုင်ကြောင်း၊ ထိုသို့လိုအပ်သည့် စားနပ်ရိက္ခာများကို ဖြည့်ဆည်းပေးနိုင်ရေး မိမိတို့နိုင်ငံတွင် စိုက်ပျိုးမွေးမြူရေးကုန်ထုတ်လုပ်ငန်းများကို တတ်ကျွမ်းသည့်ပညာတတ်လူသားအရင်းအမြစ်များမွေးထုတ်ပေးနိုင်ရေး စက်မှု၊ စိုက်ပျိုးမွေးမြူရေးအခြေခံပညာ သင်တန်းကျောင်းများကို ဖွင့်လှစ်သင်ကြားပေးနေခြင်းဖြစ်ကြောင်း၊ အလားတူအခြေခံပညာအလယ်တန်းအဆင့်တွင်လည်း စိုက်ပျိုး၊ မွေးမြူရေးအခြေခံပညာရပ်များကို သင်ကြားပေးရန် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်စေရေးဝန်ကြီးဌာနများအလိုက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း။

မွေးမြူရေးလုပ်ငန်းများနှင့်ပတ်သက်၍ လိုအပ်သည့် တိရစ္ဆာန်အစာကုန်ကြမ်းများ မိမိတို့နိုင်ငံတွင် အခြေခံအားဖြင့် လုံလောက်စွာထွက်ရှိသော်လည်း မွေးမြူရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်နိုင်ခြင်းမရှိသည်ကိုတွေ့ရှိရကြောင်း၊တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် စားရေးကိုအထောက်အကူပြုစေရန်အတွက် မွေးမြူရေးလုပ်ငန်းများကို အောင်မြင်စွာဆောင်ရွက်နိုင်ရန်လိုကြောင်း၊ မွေးမြူရေးလုပ်ငန်းများ တိုးတက်စေရေး ဝိုင်းဝန်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ မွေးမြူရေးလုပ်ငန်းများကို ပိုမိုတိုးတက်အောင် ဆောင်ရွက်နိုင်ခြင်းဖြင့် ပြည်ပနိုင်ငံများသို့လည်း တင်ပို့ရောင်းချနိုင်ကြောင်း၊ သင်တန်းသားများအနေဖြင့် နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးနှင့် ကာကွယ်ရေးအမြင်စသည့်အမြင်လေးမြင်ဖြင့် ဆောင်ရွက်သွားမည်ဆိုပါက နိုင်ငံအတွက် များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ ပြည်တွင်း စားသုံးမှုဖူလုံအောင် မွေးမြူရေးနှင့်ပတ်သက်သည့် စားသောက်ကုန်များကို ပြည်တွင်း၌ လုံလောက်စွာထုတ်လုပ်နိုင်ရန်လိုကြောင်း။

စက်မှုကဏ္ဍနှင့်ပတ်သက်၍ ဥပမာတစ်ခုအနေဖြင့် မိမိတို့နိုင်ငံတွင် ဝါစိုက်ပျိုးဖြစ်ထွန်းသည့်ဒေသများရှိကြောင်း၊ ဝါကိုအခြေခံသည့်အထည်လုပ်ငန်းများကိုဆောင်ရွက်လျက်ရှိကြောင်း၊ သို့သော် ဝါအထွက်မှာ ကိန်းဂဏန်းအရ မှားယွင်းနေကြောင်း၊ ဝါအထွက်နှုန်းများ ကောင်းမွန်လာပါက စိုက်ပျိုးရေးကိုအခြေခံသည့် စက်မှုကုန်ထုတ်လုပ်ငန်းကို အောင်မြင်စွာဆောင်ရွက်နိုင်ကြောင်း၊ အလားတူ မိမိတို့နိုင်ငံတွင် အခြားစက်မှုသီးနှံများလည်း စိုက်ပျိုးဖြစ်ထွန်းသဖြင့် Agro-Base Industries ကို ဆောင်ရွက်နိုင်ပြီး တိုင်းပြည်ဝင်ငွေများတိုးတက်လာမည်ဖြစ်ကာ နိုင်ငံ့ဝန်ထမ်းများအတွက် လစာစရိတ်များနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို တိုးမြှင့်ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း၊ **ကုန်ထုတ်လုပ်မှုများတိုးတက်လာမှသာ ပြည်ပပို့ကုန်နှင့် ပြည်တွင်းရောင်းကုန်များမြှင့်တင်နိုင်ပြီး နိုင်ငံခြားဝင်ငွေများရရှိလာမည်ဖြစ်ကြောင်း၊ သို့မှသာ နိုင်ငံခြားငွေကြေးဈေးကွက်ကို ထိန်းနိုင်မည်ဖြစ်**ကြောင်း၊ သင်တန်းသားများအနေဖြင့် ဆက်စပ်နေသည့် လုပ်ငန်းသဘောသဘာဝကို နားလည်ပြီး ကုန်ထုတ်လုပ်မှုများတိုးတက်အောင် ဆောင်ရွက်ကြစေလိုကြောင်း၊ သင်တန်းသားများအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့၏တစ်ဦးချင်းတွေးခေါ်မြော်မြင်မှုများဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားမည်ဆိုပါက အနာဂတ်နိုင်ငံတော်အတွက် များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်းဖြင့် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။


(၅၀၁)

**နိုင်ငံသားတိုင်းအနေဖြင့် နိုင်ငံတော်၏ဖြစ်တည်မှု ပထဝီဝင်အနေအထားများနှင့် အမျိုးသားရေးစရိုက်လက္ခဏာများ၊ နိုင်ငံတော်နှင့်သက်ဆိုင်သည့် အမျိုးသားရေးလက္ခဏာများ၊အထိမ်းအမှတ်တံဆိပ်များ၊ နိုင်ငံတော်အလံ၊ နိုင်ငံတော်သီချင်းတို့အပါအဝင် အထွတ်အမြတ်ထားရမည့်များကို လေးစားတန်ဖိုးထား ချစ်မြတ်နိုးကြရန်လို . . .**

**နိုင်ငံ့ဝန်ထမ်းများ နေထိုင်စားသောက်မှုအဆင်ပြေစေရေး မိမိတို့အစိုးရအနေဖြင့် တတ်နိုင်သမျှ ဖြည့်ဆည်းဆောင်ရွက်ပေးထား၊ ယခုအစိုးရလက်ထက်တွင် ခံစားခွင့်များကို မူရင်းလစာနီးပါးပင် အကြိမ်ကြိမ်တိုးမြှင့်ပေးခဲ့၊ နိုင်ငံ၏စီးပွားရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှသာ ဝန်ထမ်းများ၏ခံစားမှုများကို ပိုမိုမြှင့်တင်ဆောင်ရွက်ပေးနိုင်မည်ဖြစ် . . .**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ လုံခြုံရေးကောင်စီအတွင်းရေးမှူး H.E.Mr. Sergey SHOIGU အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ လုံခြုံရေးကောင်စီအတွင်းရေးမှူး H.E.Mr. Sergey SHOIGU တို့ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်စဉ်။

ရှေ့ဖုံးမှအဆက်

မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E.Mr. Iskander Azizov နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံအစိုးရအဖွဲ့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့ တွေ့ဆုံဆွေးနွေးစဉ် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက အဆွေတော် ရုရှားဖက်ဒရေးရှင်းနိုင်ငံ လုံခြုံရေးကောင်စီ အတွင်းရေးမှူးနှင့် ကိုယ်စားလှယ် အဖွဲ့ဝင်များအားလုံးကို လှိုက်လှဲနွေးထွေးစွာ ကြိုဆိုပါကြောင်း၊ မိမိတို့အနေဖြင့် ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်မှစ၍ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကိုအပိုင်းသုံးပိုင်းခွဲ၍ ကျင်းပပြုလုပ်ခဲ့ပြီး အောင်မြင်စွာကျင်းပနိုင်ခဲ့ပါကြောင်း၊ ယနေ့တွင် ရွေးကောက်ခံရသူကိုယ်စားလှယ်များ၏ အမည်စာရင်းကို နောက်ဆုံးထုတ်ပြန်သွားမည်ဖြစ်ပြီး မတ်လ တတိယပတ်အတွင်း လွှတ်တော်အစည်းအဝေး ခေါ်ယူသွားမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၌ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပပြီးစီးသည့်အချိန်၌ အဆွေတော်၏ ခရီးစဉ်ရောက်ရှိလာမှုမှာလည်း ထူးခြားလေးနက်မှုရှိပါကြောင်း၊ အဆွေတော်၏ ခရီးစဉ်အတွင်း နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုမြှင့်တင်ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါကြောင်းဖြင့် ဦးစွာနှုတ်ခွန်းဆက်စကားပြောကြားသည်။

| | စစ်ကိုင်းတိုင်းဒေသကြီး | | | | | | |
| ၈ | ရှမ်းတိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် | | | **၂၃၀၇၇** | **၁၀၂၀** | **၂၄၀၉၇** | |
| | | ဦးစိန်ဖေ | ရှမ်းနီ(တိုင်းလျှန်)သွေးစည်းညီညွတ်ရေးပါတီ | ၁၆၅၆၈ | ၆၆၈ | ၁၇၂၃၆ | ၇၁.၅၃% |
| | | ဦးသန်းဇော်ထွန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၆၅၀၉ | ၃၅၂ | ၆၈၆၁ | ၂၈.၄၇% |
| ၉ | ချင်းတိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် | | | **၈၁၁၇** | **၅၂၈** | **၈၆၄၅** | |
| | | ဦးငွန်ဘွလ်ထန် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၄၁၃၂ | ၄၀၅ | ၄၅၃၇ | ၅၂.၄၈% |
| | | ဒေါ်သျှန်းနဲမ်ဆွေး | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၂၆၆၈ | ၈၂ | ၂၇၅၀ | ၃၁.၈၁% |
| | | ဦးဆသင်ထောင်း | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၃၁၇ | ၄၁ | ၁၃၅၈ | ၁၅.၇၁% |
| | တနင်္သာရီတိုင်းဒေသကြီး | | | | | | |
| ၁၀ | ကရင်တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် | | | **၁၀၃၉၀** | **၇၁၁** | **၁၁၁၀၁** | |
| | | စောမာတင်လူသာ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၇၂၀၉ | ၆၄၅ | ၇၈၅၄ | ၇၀.၇၅% |
| | | စောဟာဗီ | ပြည်သူ့ပါတီ | ၃၁၈၁ | ၆၆ | ၃၂၄၇ | ၂၉.၂၅% |
| | ပဲခူးတိုင်းဒေသကြီး | | | | | | |
| ၁၁ | ကရင်တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် | | | **၃၄၆၂၁** | **၆၃၄၄** | **၄၀၉၆၅** | |
| | | စောလင်းအောင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၁၅၉၄ | ၃၁၇၃ | ၁၄၇၆၇ | ၃၆.၀၅% |
| | | ဒေါ်ဝင်းပပထွေး | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၈၈၀၇ | ၁၄၆၃ | ၁၀၂၇၀ | ၂၅.၀၇% |
| | | စောသိန်းဝေ | ပြည်သူ့ရှေ့ဆောင်ပါတီ | ၅၁၀၀ | ၆၈၄ | ၅၇၈၄ | ၁၄.၁၂% |
| | | စောကပေါ်မှူး | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၄၇၅၀ | ၆၃၆ | ၅၃၈၆ | ၁၃.၁၅% |
| | | ဦးစိုးမြင့် | ပြည်သူ့ပါတီ | ၄၃၇၀ | ၃၈၈ | ၄၇၅၈ | ၁၁.၆၁% |
| | မန္တလေးတိုင်းဒေသကြီး | | | | | | |
| ၁၂ | ရှမ်းတိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် | | | **၁၃၇၂၀** | **၈၉၁** | **၁၄၆၁၁** | |
| | | စိုင်းအောင်ကြည် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၆၁၉၃ | ၅၆၉ | ၆၇၆၂ | ၄၆.၂၈% |
| | | ဦးသက်ဆုမွန် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၄၆၄၁ | ၂၁၉ | ၄၈၆၀ | ၃၃.၂၆% |
| | | နန်းခင်သော်တာစိုး | ပြည်သူ့ပါတီ | ၁၇၆၃ | ၅၆ | ၁၈၁၉ | ၁၂.၄၅% |
| | | ဒေါ်နန်းစွမ်းမောက် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၁၂၃ | ၄၇ | ၁၁၇၀ | ၈.၀၁% |
| | ရန်ကုန်တိုင်းဒေသကြီး | | | | | | |
| ၁၃ | ကရင်တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် | | | **၈၇၁၃၅** | **၆၅၅၂** | **၉၃၆၈၇** | |
| | | စောဂျက်ကော့ထူး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၄၁၂၀၉ | ၄၉၀၁ | ၄၆၁၁၀ | ၄၉.၂၂% |
| | | စောဝင်းကျော် | ငြိမ်းချမ်းရေးအကျိုးဆောင်ပါတီ | ၂၂၁၄၃ | ၈၅၇ | ၂၃၀၀၀ | ၂၄.၅၅% |
| | | ဒေါ်စုစုလှိုင် | ညီညွတ်သောတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီပါတီ | ၁၄၅၄၆ | ၅၇၇ | ၁၅၁၂၃ | ၁၆.၁၄% |
| | | ဒေါ်လှဲ့မြင့်မိုရ် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၉၂၃၇ | ၂၁၇ | ၉၄၅၄ | ၁၀.၀၉% |
| ၁၄ | ရခိုင်တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် | | | **၃၂၈၇၈** | **၃၉၃၅** | **၃၆၈၁၃** | |
| | | ဦးနေမင်းထွန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၁၇၉၈ | ၂၄၈၂ | ၁၄၂၈၀ | ၃၈.၇၉% |
| | | ဦးညီညီ | တစ်သီးပုဂ္ဂလ | ၇၈၂၄ | ၆၁၇ | ၈၄၄၁ | ၂၂.၉၃% |
| | | ဦးသာစိန် | ပြည်သူ့ပါတီ | ၅၁၇၂ | ၂၈၁ | ၅၄၅၃ | ၁၄.၈၁% |
| | | ဒေါ်ခင်နှင်းဆီအောင် | ငြိမ်းချမ်းရေးအကျိုးဆောင်ပါတီ | ၃၀၆၁ | ၁၈၄ | ၃၂၄၅ | ၈.၈၁% |
| | | ဒေါ်အေးမာလွင်(ခ)<br>ဒေါ်ခင်အေးမြင့် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၂၈၆၄ | ၂၂၃ | ၃၀၈၇ | ၈.၃၉% |
| | | ဦးတင်မောင် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၂၁၅၉ | ၁၄၈ | ၂၃၀၇ | ၆.၂၇% |
| | ရှမ်းပြည်နယ် | | | | | | |
| ၁၅ | ဗမာတိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် | | | **၂၂၄၈၃၈** | **၈၀၃၂၆** | **၃၀၅၁၆၄** | |
| | | ဒေါ်ခင်ထွေးအောင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၂၅၈၁၂ | ၇၁၀၈၈ | ၁၉၆၉၀၀ | ၆၄.၅၂% |
| | | ဒေါ်ဆွေဇင်အေး | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၂၄၆၀၅ | ၂၁၉၀ | ၂၆၇၉၅ | ၈.၇၈% |
| | | ဦးမြင့်စိုးအောင် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၂၃၉၃၀ | ၂၇၇၀ | ၂၆၇၀၀ | ၈.၇၅% |
| | | ဦးနေဝင်းစိုး | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၄၃၄၇ | ၁၆၃၅ | ၁၅၉၈၂ | ၅.၂၄% |
| | | ဦးညီညီလွင် | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၁၂၉၅၁ | ၉၄၁ | ၁၃၈၉၂ | ၄.၅၅% |
| | | ဦးဟိန်းသူဇော် | ပြည်သူ့ပါတီ | ၁၂၉၄၈ | ၈၈၂ | ၁၃၈၃၀ | ၄.၅၃% |
| | | ဦးဇော်မင်းဦး | တစ်သီးပုဂ္ဂလ | ၁၀၂၄၅ | ၈၂၀ | ၁၁၀၆၅ | ၃.၆၃% |
| ၁၆ | လီဆူးတိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် | | | **၃၃၆၉** | **၃၈၄** | **၃၇၅၃** | |
| | | ဒေါ်ငွေလှိုင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၉၉၆ | ၂၇၈ | ၂၂၇၄ | ၆၀.၅၉% |
| | | ဦးဂူဆာ | တစ်သီးပုဂ္ဂလ | ၁၃၇၃ | ၁၀၆ | ၁၄၇၉ | ၃၉.၄၁% |
| ၁၇ | လားဟူတိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် | | | **၅၈၉၁၇** | **၆၀၃၅** | **၆၄၉၅၂** | |
| | | ဦးဝီလ်ဆင်မိုး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၃၇၂၇၇ | ၄၆၇၂ | ၄၁၉၄၉ | ၆၄.၅၉% |
| | | ဦးယောသပ် | တစ်သီးပုဂ္ဂလ | ၁၁၄၃၈ | ၁၀၅၄ | ၁၂၄၉၂ | ၁၉.၂၃% |
| | | ဂျော်အန်နီ | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၇၁၃၇ | ၁၈၉ | ၇၃၂၆ | ၁၁.၂၈% |
| | | ဒေါ်စောခင် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၃၀၆၅ | ၁၂၀ | ၃၁၈၅ | ၄.၉၀% |

စာမျက်နှာ ၂၆ သို့

# လေပြင်းဘေးကြိုတင်ပြင်ဆင်ရေးနှင့်စပ်လျဉ်း၍ ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ မြန်မာနိုင်ငံအရပ်ရပ်တွင် နွေဦးရာသီနှင့် နွေရာသီကာလများတွင် နေ့အပူချိန်များ တဖြည်းဖြည်းမြင့်တက်လာရာမှ အပူပျံ့တက်တိမ်များ ဖြစ်ထွန်း၍ မွန်းလွဲ၊ ညနေပိုင်းတို့တွင် မိုးတိမ်တောင်များဖြစ်ပေါ်နိုင်ပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် လေပြင်းများတိုက်ခတ်ခြင်း၊ လေပြင်းနှင့်အတူ ထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် နေရာကွက်ကျားမိုးထစ်ချုန်းရွာခြင်း စသည့်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်လေ့ရှိပါသည်။ အဆိုပါ ရာသီဥတုဖြစ်စဉ်များနှင့်စပ်လျဉ်း၍ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးလျက်ရှိပါသည်။

၂။ လွန်ခဲ့သော ၁၁ နှစ်တာကာလအတွင်း လေပြင်းတိုက်ခတ်မှုများကြောင့် စုစုပေါင်းနေအိမ် ၂၅၄၁၀၀ ကျော် ပျက်စီးခဲ့ပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်ပျက်စီးမှု အများဆုံးဖြစ်ခဲ့ပြီး လူသေဆုံးမှု ထိခိုက်၊ ဒဏ်ရာရရှိမှုများလည်းရှိခဲ့ပါသည်။

၃။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် လေပြင်းတိုက်ခတ်ပါက အမိုးလန်ခြင်း၊ ယိုင်လဲပျက်စီးခြင်းများ ဖြစ်ပေါ်နိုင်သော ခိုင်ခံ့မှုအားနည်းသည့် နေအိမ်များကို ဦးစားပေးရွေးချယ်ကာ လေပြင်းဒဏ်ပိုမိုခံနိုင်ရည်ရှိသော အိုးအိမ်များဖြစ်စေရေး အားဖြည့်၊ မွမ်းမံ၊ ပြင်ဆင်ခြင်းကို ဒေသအလိုက် အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ဒေသခံပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုတို့ဖြင့် ဆောင်ရွက်ခဲ့ပါသည်။

၄။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်ထိ ရှစ်နှစ်တာကာလအတွင်း နေအိမ်ပေါင်း ၈၆၀၀၀ ကျော်ကို လေပြင်းဒဏ်ခံနိုင်ရေးအတွက် နည်းပညာပိုင်းဆိုင်ရာပံ့ပိုးမှုများ ဆောင်ရွက်နိုင်ခဲ့ပါသည်။ နှစ်စဉ် လေပြင်းဘေးကျရောက်နိုင်သော ဆောင်းအကုန် နွေအကူးကာလမှစ၍ မုတ်သုံမတိုင်မီကာလတွင် နေအိမ်များလေပြင်းဒဏ်ခံနိုင်ရန် ကြိုတင်ပြင်ဆင်ခြင်းနှင့် လေပြင်းဘေးအန္တရာယ်ဆိုင်ရာအသိပညာပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

၅။ ပြည်သူများအနေဖြင့်လည်း အောက်ပါကြိုတင်ပြင်ဆင်မှုများကို ပူးပေါင်းပါဝင် ဆောင်ရွက်နိုင်ရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) **ဆောက်လုပ်ထားပြီးသောနေအိမ်များအတွက်**

(၁) မိမိအိမ်၏ကြံ့ခိုင်မှုကို ပုံမှန်စစ်ဆေးပြီး တောင့်တင်းခိုင်မာအောင်ပြုလုပ်ထားပါ။

(၂) လေပြင်းဒဏ်ခံနိုင်စေရေးအတွက် လိုအပ်သည့်နေရာများတွင် ထောက်တန်းများ၊ ထောက်တိုင်များ ထပ်မံအားဖြည့်တပ်ဆင်ပါ။ မြေဝင်အိမ်တိုင်များကို လိုအပ်လျှင် တိုင်ဖိနပ်ပတ်လည်တွင် မြေဖို့၍ သိပ်သည်းကျစ်လျစ်အောင် ဆောင်ရွက်ပါ။

(၃) သွပ်အမိုးဖြစ်ပါက အစွန်ကျသောနေရာများတွင် သွပ်သံစိပ်စိပ်ရိုက်ပါ။ ဓနိ၊ သက်ငယ်အမိုးဖြစ်ပါက ဝါးရာဇမတ်ကွက် ကြက်နင်းဖြင့် ခိုင်ခံ့စွာအုပ်ပါ။ သွပ်နန်းကြိုးဖြင့် ခိုင်မြဲစွာချည်နှောင်ပါ။

(၄) အိမ်အကာအရံများ၊ တံခါးများ၊ ပြတင်းပေါက်များကို ပိုမိုခိုင်ခံ့စေရန် ကြိုတင်ဆောင်ရွက်ပါ။ အနီးရှိ ကျိုးကျနိုင်သော သစ်ပင်၊ သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်းထားပါ။

(ခ) **အသစ်တည်ဆောက်မည့်အိမ်များဖြစ်ပါက**

(၁) အိမ်တိုင်များကို မြေဝင်အနည်းဆုံး နှစ်ပေခွဲ (လက်မောင်းတစ်ဆုံး)ထိ တူးစိုက်ပါ။

(၂) အိမ်တိုင်စိုက်ပြီးပါက တွင်းကို သဲ သို့မဟုတ် သဲပါသောမြေကြီးထည့်၍ ကျပ်ပါ။

(၃) အိမ်တိုင် အလွယ်တကူကျွတ်ထွက်မသွားနိုင်ရန် အိမ်တိုင်အောက်ခြေ မြေဝင်ပိုင်းတွင် စို့သံကြီးကြီးနှင့်ဖြစ်စေ၊ ကန့်လန့်သစ်သားတန်း သို့မဟုတ် သပ်ချောင်းနှင့်ဖြစ်စေ ရိုက်ပြီးမှ တိုင်စိုက်ပါ။

(၄) အုတ်ဖိနပ်အသုံးပြုပါက မြေကြီးထဲသို့ အုတ်ဖိနပ်အမြင့်၏ သုံးပုံ နှစ်ပုံထိမြှုပ်၍ တည်ဆောက်ပါ။ မြေဝင်နက်နက်နှင့် ခိုင်မြဲစွာစိုက်ထူရန် အိမ်တိုင်နှင့် အုတ်ဖိနပ်ကို ဇာဝီနှင့် မူလီအသုံးပြု၍ စနစ်တကျ တပ်ဆင်ပါ။

(၅) လေဒဏ်ခံရမှုမှ သက်သာစေရန် မိမိအိမ်၏ တိုသောမျက်နှာစာကို လေပြင်းလာတတ်သည့်ဘက်သို့ မျက်နှာမူ၍ ဆောက်လုပ်ပါ။

(၆) လေဒဏ်ကြောင့် အိမ်ခေါင်မိုးပြုတ်မထွက်စေရန်နှင့် အမိုးလွင့်စဉ်ခြင်းမှ ကာကွယ်နိုင်ရန် ခေါင်မိုးများ၏ အမိုးစောင်းများကို ၃၀ ဒီဂရီ သို့မဟုတ် လက်သမားအခေါ် လက်မအချိုးအနည်းဆုံးထားပါ။ တံစက်မြိတ်၏ အစွန်းများကိုလည်း ၁၈ လက်မ (တစ်တောင်) ထက် ပိုမထွက်အောင် ဆောက်လုပ်ပါ။

(၇) သွပ်ပြားမိုးရာတွင် လေဒဏ်ကြောင့် လွင့်စဉ်ခြင်း၊ မိုးရေယိုစိမ့်ခြင်းမှကာကွယ်ရန် သွပ်သံကို အပေါ်ဘက်ခုံးနေသောနေရာတွင် တစ်ခုံးကျော်ရိုက်ပါ။

(၈) သက်ငယ်မိုးရာတွင် တစ်ချပ်နှင့် တစ်ချပ် လေးလက်မခန့်ခြား၍ နှီးဖြင့် ခိုင်ခိုင်တုပ်ပြီး ထူထူမိုးပါ။

(၉) အိမ်ခေါင်မိုး၊ ကိုယ်ထည်၊ ကြမ်းပြင်၊ အိမ်တိုင်များကို မြေကြီးထိ တစ်ခုနှင့် တစ်ခု တစ်ဆက်တစ်စပ်တည်းစနစ်တကျချိတ်ဆက်ထားပါ။နေအိမ်၏ တိုင်၊ ရက်မနှင့် ဆင့်များကို မူလီဖြင့် သေချာစွာတွဲဆက်ထားပါ။

(၁၀) အိမ်နံရံများတွင် ခိုင်ခံ့သောထောက်တန်းများထည့်၍အိမ်ကိုယ်ထည် မစောင်း၊ မရွေ့၊ လည်မထွက်သွားစေရန် ဆောက်လုပ်ပါ။

၆။ လေပြင်းတိုက်ခတ်နေစဉ်တွင် အောက်ပါတို့ကို သတိပြုလိုက်နာကြရန် လိုအပ်ပါသည်-

(က) လေပြင်းတိုက်ခတ်ချိန်တွင် အမှိုက်များနှင့် ပစ္စည်းများ လေနှင့်အတူလွင့်ပါကာ အန္တရာယ်ဖြစ်စေနိုင်သောကြောင့် မလိုအပ်ဘဲ အပြင်သို့မထွက်ပါနှင့်။

(ခ) တံခါးများနှင့် ပြတင်းပေါက်များကို မြဲမြံစွာပိတ်ထားပါ။ မှန်ပြတင်းပေါက်များကို တိတ်ပြားကြီးများဖြင့် ကန့်လန့်ဖြတ်ကပ်ထားပါ။ မှန်ပြတင်းပေါက်များနှင့် ဝေးရာတွင် နေထိုင်ပါ။

(ဂ) လေတိုက်ခတ်မှု အလွန်ပြင်းထန်ပါက ခိုင်ခံ့သော စားပွဲ သို့မဟုတ် ခိုင်ခံ့သော အရာဝတ္ထုတစ်ခုခုအောက်တွင် အကာအကွယ်ယူနေပါ။

(ဃ) အရေးပေါ်အခြေအနေမှလွဲ၍ ဖုန်းအသုံးမပြုပါနှင့်။

၇။ လေပြင်းတိုက်ခတ်ပြီးနောက် အောက်ပါတို့ကို သတိပြုဆောင်ရွက်ကြရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) ကူညီကယ်ဆယ်ရေးနှင့် အပျက်အစီးများ ရှင်းလင်းခြင်းလုပ်ငန်းများတွင် တာဝန်ရှိသူများနှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်ပါ။

(ခ) ကျိုးကျ၊ ယိုင်လဲ၊ ပြိုပျက်နေသော ဓာတ်တိုင်များ၊ ဓာတ်ကြိုးများ၊ သစ်ပင်များ၊ သစ်ကိုင်းများ၊ အဆောက်အအုံများနှင့် ဝေးရာတွင်နေထိုင်ပါ။

(ဂ) ထိခိုက်ဒဏ်ရာရရှိပါက နီးစပ်ရာကျန်းမာရေးဌာနများ၌ လိုအပ်သည့် ကုသမှုခံယူပါ။

(ဃ) ကာကွယ်စောင့်ရှောက်ပေးရန်လိုအပ်သော ကလေးသူငယ်များ၊ ကိုယ်ဝန်ဆောင်နှင့် သားသည်မိခင်များ၊ မသန်စွမ်းသူများ၊ သက်ကြီးရွယ်အိုများ စသည့် အကူအညီလိုအပ်သူများကို တတ်စွမ်းသရွေ့ပေါင်းစပ်ကူညီပေးပါ။

၈။ သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် ဖွင့်လှစ်ထားရှိသည့် Hot-Line ဖုန်းများဖြစ်သော ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ ဆက်သွယ်၍ အကူအညီတောင်းခံနိုင်ကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက အသိပေးကြေညာအပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

စာမျက်နှာ ၂၅ မှအဆက်

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၁၈ | အင်းသားတိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် | | | ၆၉၀၇၂ | ၄၅၂၂ | ၇၃၅၉၄ | |
| | | ဒေါ်တင်တင်ရီ | အင်းအမျိုးသားအဖွဲ့ချုပ်ပါတီ | ၄၇၇၄၈ | ၃၁၄၁ | ၅၀၈၈၉ | ၆၉.၁၅% |
| | | ဦးစိုးခိုင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၄၈၅၈ | ၁၂၁၀ | ၁၆၀၆၈ | ၂၁.၈၃% |
| | | ဒေါ်နီလာထွန်း | ပြည်သူ့ပါတီ | ၆၄၆၆ | ၁၇၁ | ၆၆၃၇ | ၉.၀၂% |
| | ဧရာဝတီတိုင်းဒေသကြီး | | | | | | |
| ၁၉ | ကရင်တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် | | | ၅၄၇၂၇၄ | ၂၁၆၂၅ | ၅၆၈၈၉၉ | |
| | | မန်းသိန်းကျော် | ကရင်ပြည်သူ့ပါတီ | ၂၁၂၁၉၄ | ၇၈၄၉ | ၂၂၀၀၄၃ | ၃၈.၆၈% |
| | | ဦးစောလင်းခယ် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၇၆၈၀၉ | ၁၀၄၀၈ | ၁၈၇၂၁၇ | ၃၂.၉၁% |
| | | ဒေါ်ဝေဝေချစ် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၁၃၂၈၀ | ၂၇၄၀ | ၁၁၆၀၂၀ | ၂၀.၃၉% |
| | | နော်ခူမူးနာ | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၄၄၉၉၁ | ၆၂၈ | ၄၅၆၁၉ | ၈.၀၂% |
| ၂၀ | ရခိုင်တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် | | | ၁၇၃၁၄ | ၁၆၇၁ | ၁၈၉၈၅ | |
| | | ဦးစိုးညွန့် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၇၀၃၅ | ၉၇၉ | ၈၀၁၄ | ၄၂.၂၁% |
| | | ဦးအောင်မျိုး | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၃၈၅၂ | ၂၇၂ | ၄၁၂၄ | ၂၁.၇၂% |
| | | ဦးတင်ထွန်း | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၂၈၉၀ | ၁၆၂ | ၃၀၅၂ | ၁၆.၀၈% |
| | | ဦးသန်းဖေကြီး | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၉၃၉ | ၁၂၂ | ၂၀၄၁ | ၁၀.၇၅% |
| | | ဦးဝေရန်ဖြိုး | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၁၆၁၈ | ၁၃၆ | ၁၇၅၄ | ၉.၂၄% |

**ပြည်သူများထံ အသိပေးပန်ကြားချက်**

- အရေးကြီး၊ အရေးပေါ်ဖြင့် ပြည်ပသို့ သွားရောက်လိုသူများ Online Booking တင်ရာတွင်လည်းကောင်း၊ ရုံးတွင်းဆောင်ရွက်ရာတွင်လည်းကောင်း စောင့်ဆိုင်းရန်မလိုဘဲ အမြန်ဝန်ဆောင်မှု(Express Service) ဖြင့် လျှောက်ထားနိုင်ရေး စီစဉ်ထားပါကြောင်း၊
- လျှောက်လွှာလက်ခံပြီး ငါးရက်အကြာတွင် နိုင်ငံကူးလက်မှတ်စာအုပ်ရမည်ဖြစ်ပါကြောင်း၊
- အမြန်ဝန်ဆောင်ခမှာ စာအုပ်ဖိုးအပါအဝင် ၅၄၅၀၀၀ ကျပ် ဖြစ်ပါကြောင်း၊
- အသေးစိတ်အချက်အလက်များကို မြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးရေးအဖွဲ့ website ဖြစ်သည့် www.passport.gov.mm တွင် ဖော်ပြထားပါကြောင်း၊
- အမြန်ဝန်ဆောင်မှု (Express Service)ကို ၅-၁-၂၀၂၆ ရက်မှ စတင်မည်ဖြစ်ပါကြောင်း အသိပေးပန်ကြားအပ်ပါသည်။

# ၇၉ နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ တက်ရောက်မည့် တိုင်းဒေသကြီးနှင့် ပြည်နယ်ကိုယ်စားပြု ယှဉ်ကျေးမှုအဖွဲ့များ နေပြည်တော်သို့ ဆက်လက်ရောက်ရှိ



**နေပြည်တော်  ဖေဖော်ဝါရီ ၃**

၂၀၂၆ ခုနှစ် ၇၉ နှစ်မြောက်ပြည်ထောင်စုနေ့အခမ်းအနားသို့ တက်ရောက်မည့် တိုင်းဒေသကြီးနှင့် ပြည်နယ်ကိုယ်စားပြု ယှဉ်ကျေးမှုအဖွဲ့များသည် ယနေ့မွန်းလွဲပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် စည်ပင်ဧည့်ရိပ်သာသို့ ဆက်လက်ရောက်ရှိလာရာ ၇၉ နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကျင်းပရေး ယှဉ်ကျေးမှုအဖွဲ့များ၊ ကြိုဆိုနေရာချထားရေးနှင့် ဧည့်ခံကျွေးမွေးရေးဆပ်ကော်မတီအတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက နွေးထွေးလှိုက်လှဲစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ယနေ့တွင် ရှမ်းပြည်နယ်ကိုယ်စားပြု ရောက်ရှိလာသည့် အုပ်ချုပ်သူ တစ်ဦး၊ အမျိုးသား ၁၈ ဦး၊ အမျိုးသမီး ၂၁ ဦး စုစုပေါင်း ဦးရေ ၄၀၊ မွန်ပြည်နယ်ကိုယ်စားပြုရောက်ရှိလာသည့် အုပ်ချုပ်သူ တစ်ဦး၊ အမျိုးသား ငါးဦး၊ အမျိုးသမီး ၃၁ ဦး စုစုပေါင်း ၃၇ ဦး၊ ကရင်ပြည်နယ်ကိုယ်စားပြုရောက်ရှိလာသည့် အုပ်ချုပ်သူ တစ်ဦး၊ အမျိုးသား ၂၂ ဦး၊ အမျိုးသမီး ၁၇ ဦး စုစုပေါင်း ဦးရေ ၄၀၊ ကယားပြည်နယ်ကိုယ်စားပြုရောက်ရှိလာသည့် အုပ်ချုပ်သူ တစ်ဦး၊ အမျိုးသား ၁၇ ဦး၊ အမျိုးသမီး ၁၇ဦး စုစုပေါင်း ၃၅ ဦး ရောက်ရှိလာရာ တာဝန်ရှိသူများက အိုးစည်၊ ဒိုးပတ်များဖြင့် ကြိုဆိုနှုတ်ဆက်ကြပြီး တည်းခိုနေထိုင်မည့် အိပ်ဆောင်များတွင် စနစ်တကျနေရာချထားပေးကာ အဖွဲ့လိုက် နံနက်စာ၊ နေ့လယ်စာနှင့် ညစာကျွေးမွေးမှုများတွင် လစ်ဟင်းမှုများမရှိစေရေးနှင့် တည်းခိုနေထိုင်စဉ်ကာလအတွင်း အဆင်ပြေချောမွေ့စေရေးအတွက် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## “ပြည်သူ့ကြားက ပြည်သူ့စကား”အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ **“ပြည်သူ့ကြားက ပြည်သူ့စကား”** အစီအစဉ်မှ **“နိုင်ငံတော်ရဲ့အချုပ်အခြာအာဏာအတွက် ICJ တွင် စွမ်းစွမ်းတမံ ကာကွယ်နေကြသူများရှိသလို သူခိုးဓားရိုးကမ်းချင်ကြသော အမျိုးသားရေးသစ္စာဖောက်များလည်းရှိနေ”** ခေါင်းစဉ်ဖြင့် ၄-၂-၂၀၂၆ ရက် **(ယနေ့)** မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ၁၁-၂-၂၀၂၆ ရက် မွန်းလွဲ ၁ နာရီတွင် **“နားယောင်လို့ပဲစွန့်ခွာခွာ၊ ခြိမ်းခြောက်မှုအခက်အခဲကြောင့်ပဲ စွန့်ခွာခွာ၊ နိုင်ငံတော်နဲ့အစိုးရရဲ့ စေတနာထားဖြေလျှော့ပေးချိန်မှာ CDM ခေါင်းစဉ်အောက်မှ ဝန်ထမ်းများ ဂုဏ်သိက္ခာနဲ့ ဘဝအတွက် ဌာနေပြန်ဝင်သင့်”** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်ပါသည်။ အထက်ပါအစီအစဉ်အား အပတ်စဉ် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

## ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၃ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၆၉၀၀၀၀၀ ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ထူးခြားသည့် ညအပူချိန်များ

(၃-၂-၂၀၂၆)

ဟားခါး
၂ ဒသမ ၈ ဒီဂရီဆဲလ်စီးယပ်

တီးတိန်
၅ ဒသမ ၈ ဒီဂရီဆဲလ်စီးယပ်

မိုင်းယန်း
၅ ဒသမ ၈ ဒီဂရီဆဲလ်စီးယပ်

လွိုင်လင်
၈ ဒသမ ၄ ဒီဂရီဆဲလ်စီးယပ်

နမ့်စန်
၈ ဒသမ ၅ ဒီဂရီဆဲလ်စီးယပ်

ပူတာအို
၈ ဒသမ ၇ ဒီဂရီဆဲလ်စီးယပ်

လားရှိုး
၉ ဒသမ ၂ ဒီဂရီဆဲလ်စီးယပ်









## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ရသူများ

**ကင်းလွတ်ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) သာသနာ့ဝန်ထမ်းများ။

( ခ ) အိမ်ထောင်သည်အမျိုးသမီးများ(အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်းပါဝင်သည်)။

( ဂ ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။

( င ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က) ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။

( ခ ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

( ဂ ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန် မဖြစ်နိုင်သေးသော အသိပညာရှင် (သို့မဟုတ်) အတတ်ပညာရှင်များ။

(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ (ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများမပါ)။

**မှတ်ချက်။** အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက်ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။

( င ) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။

( စ ) နိုင်ငံ့ဝန်ထမ်းတာဝန် ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့် သူနာပြုများ။

(ဆ) တစ်ဆက်စပ်တည်း လုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော တပ်မတော်စစ်သည် အစားခန့်အရပ်သားဝန်ထမ်းများ။

( ဇ ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။




# ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရယ်မြို့နယ် ဟိုက်ပုကျေးရွာအနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများ လုပ်ကိုင်နေသူများကို လုပ်ငန်းသုံးဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

နေပြည်တော် ဖေဖော်ဝါရီ ၃

နိုင်ငံတော်အနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ခြင်းများ ပပျောက်စေရေးနှင့် မြန်မာနိုင်ငံအတွင်း အခြေချလုပ်ကိုင်နိုင်မှုမရှိစေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ အွန်လိုင်းလိမ်လည်လောင်းကစားမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့်ခံယူကာ အွန်လိုင်းလိမ်လည်လောင်းကစားမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့များဖြင့် အလေးထားဆောင်ရွက်လျက်ရှိသည်။




မိုင်းရယ်မြို့နယ် ဟိုက်ပုကျေးရွာအနီး အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ကိုင်နေသူများကို လူနေအဆောက်အအုံများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိမှုမှတ်တမ်းဓာတ်ပုံ။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရယ်မြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများ အခြေပြုလုပ်ကိုင်နေကြောင်း တာဝန်သိပြည်သူများ၏ သတင်းပေးပို့မှုအရ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့များက လိုအပ်သည့် လေကြောင်းကင်းထောက်ခြင်း၊ မြေပြင်သတင်းစုံစမ်းဖော်ထုတ်ခြင်းနှင့် နယ်မြေရှင်းလင်းခြင်းများကို ဆောင်ရွက်ခဲ့ရာ ယနေ့နံနက် ၇ နာရီခန့်တွင် မိုင်းရယ်မြို့၏ အရှေ့တောင်ဘက် ၃၅ ကီလိုမီတာခန့်အကွာ ဟိုက်ပုကျေးရွာအနီးသို့ အရောက်၌ မသင်္ကာဖွယ်ရာအဆောက်အအုံများကိုတွေ့ရှိရသဖြင့် ဝင်ရောက်ရှာဖွေစစ်ဆေးခဲ့ရာ အွန်လိုင်းငွေကြေးလိမ်လည်မှုနှင့် လောင်းကစားမှုများ လုပ်ဆောင်နေသည့် နေရာဖြစ်ကြောင်း တွေ့ရှိရပြီး အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်နေကြသူများဖြစ်သည့် တရုတ်နိုင်ငံသား အမျိုးသား ၃၂ ဦး၊ အမျိုးသမီး ကိုးဦး စုစုပေါင်းဦးရေ ၃၃၀ တို့နှင့်အတူ မိုးကာအစိမ်းစများဖြင့် ဆောက်လုပ်ထားသည့် အဆောက်အအုံ ၁၅ လုံး၊ ဆောက်လုပ်ဆဲအဆောက်အအုံ ၁၀ လုံး၊ အွန်လိုင်းလိမ်လည်မှုများ လုပ်ဆောင်ရာတွင် အသုံးပြုသည့် မီးစက် နှစ်လုံး၊ ဖုန်းမျိုးစုံ ၂၀၈ လုံး၊ ALL-IN-ONE ကွန်ပျူတာ ၈၆ လုံး၊ LAPTOP ခုနစ်လုံး၊ STAR LINK ၂၃ လုံး၊ မော်တော်ယာဉ်မျိုးစုံ ၁၀ စီးတို့ကို တွေ့ရှိဖမ်းဆီး ထိန်းသိမ်းနိုင်ခဲ့ကြောင်း သိရသည်။



ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရယ်မြို့နယ် ဟိုက်ပုကျေးရွာအနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများ လုပ်ကိုင်နေသူများကို ဖမ်းဆီးရမိမှုမှတ်တမ်းဓာတ်ပုံ။



ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရယ်မြို့နယ် ဟိုက်ပုကျေးရွာအနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများ လုပ်ကိုင်နေသူများကို ဖမ်းဆီးရမိမှုမှတ်တမ်းဓာတ်ပုံ။

အဆိုပါသိမ်းဆည်းရမိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများပြုလုပ်ရာတွင် အသုံးပြုသည့်ဆက်စပ်ပစ္စည်းများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပြီး ဖမ်းဆီးရမိသူများကိုလည်း ဥပဒေနှင့်အညီ ထိထိရောက်ရောက် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နောက်ကွယ်မှ ပါဝင်ပတ်သက်သူများကိုလည်း စိစစ်ဖော်ထုတ်ကာ တရားဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ မြန်မာနိုင်ငံအတွင်း လုံးဝအခြေပြုလုပ်ကိုင်နိုင်မှုမရှိစေရေးအတွက် ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ အဆိုပါဒုစရိုက်မှုနှိမ်နင်းရေး လုပ်ငန်းများကို တက်ကြွစွာဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၅၀၁)



ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရယ်မြို့နယ် ဟိုက်ပုကျေးရွာအနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများ လုပ်ကိုင်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိမှုမှတ်တမ်းဓာတ်ပုံ။



ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရယ်မြို့နယ် ဟိုက်ပုကျေးရွာအနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများ လုပ်ကိုင်ရာတွင် အသုံးပြုသည့် မော်တော်ယာဉ်များ သိမ်းဆည်းရမိမှုမှတ်တမ်းဓာတ်ပုံ။



ရှမ်းပြည်နယ် (မြောက်ပိုင်း) မိုင်းရယ်မြို့နယ် ဟိုက်ပုကျေးရွာ အနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများ လုပ်ကိုင်ရာတွင် အသုံးပြုသည့် အဆောက်အအုံများ သိမ်းဆည်းရမိမှု မှတ်တမ်းဓာတ်ပုံ။



ရှမ်းပြည်နယ် (မြောက်ပိုင်း) မိုင်းရယ်မြို့နယ် ဟိုက်ပုကျေးရွာ အနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများ လုပ်ကိုင်ရာတွင် အသုံးပြုရန်အတွက် ဆောက်လုပ်ဆဲ အဆောက်အအုံများ သိမ်းဆည်းရမိမှု မှတ်တမ်းဓာတ်ပုံ။

# အွန်လိုင်းလိမ်လည်မှု(Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား သုံးဦးကို မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ထပ်မံလွှဲပြောင်းပေးအပ်

**နေပြည်တော် ဖေဖော်ဝါရီ ၃**

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီ-ရွှေကုက္ကိုလ်နယ်မြေတွင် တရားမဝင်အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် ဆီယာရာလီယွန် နိုင်ငံသား နှစ်ဦးနှင့် ရုရှားနိုင်ငံသား တစ်ဦး၊ စုစုပေါင်း ပြည်ပနိုင်ငံသား သုံးဦးတို့ကို မြန်မာ-ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှု၊ နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်းပေးသည်။

ထိုသို့ ပြည်နှင်လွှဲပြောင်းပေးအပ်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်သန်းနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံသံရုံးမှ Counsellor Mr. Ilyn Ilia နှင့် တာဝန်ရှိသူများ၊ ဆီယာရာလီယွန်နိုင်ငံမှ သံရုံးကိုယ်စားလှယ် Mr. Tana Judah Hira နှင့်တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများတက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှတာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံများမှ တာဝန်ရှိသူများထံသို့ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျလွှဲပြောင်းပေးအပ်သည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေးအိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာ ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)



အွန်လိုင်းလိမ်လည်မှု(Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား သုံးဦးကို သက်ဆိုင်ရာနိုင်ငံများသို့ ထပ်မံလွှဲပြောင်းပေးအပ်စဉ်။

# ရန်ကုန်မြို့ပတ် RBE ရထား ခဲဖြင့်ပေါက်သူများဖမ်းဆီးရမိပြီး ရန်ကုန်-နေပြည်တော်လမ်းပိုင်း၌ ပြေးဆွဲပေးလျက်ရှိသည့် ခေတ်မီလေအေးပေးစက်ပါ DEMU ရထားတွဲဆိုင်းသစ်ကို ခဲဖြင့်ပစ်ပေါက်မှုဖြစ်ပွား



ရန်ကုန်-နေပြည်တော်လမ်းပိုင်း၌ ပြေးဆွဲပေးလျက်ရှိသည့် ခေတ်မီလေအေးပေးစက်ပါ DEMU ရထားကို ခဲဖြင့်ပစ်ပေါက်မှုကြောင့် ပြတင်းမှန်ကွဲပေါက်ပျက်စီးမှု မှတ်တမ်းဓာတ်ပုံ။

**နေပြည်တော် ဖေဖော်ဝါရီ ၃**

မြန်မာ့မီးရထားအနေဖြင့် ရထားစီးခရီးသွားပြည်သူများ ပိုမိုစိတ်ချမ်းမြေ့စွာ သွားလာနိုင်စေရေးအတွက် ရန်ကုန်-နေပြည်တော်လမ်းပိုင်း၌ခေတ်မီလေအေးပေးစက်ပါ DEMU တွဲဆိုင်းသစ်များဖြင့် ပြေးဆွဲပေးလျက်ရှိပြီး ရန်ကုန်မြို့ပတ်လမ်းပိုင်းတွင်လည်း ရထားလမ်းအဆင့်မြှင့်တင်ပြုပြင်ပြီးဖြစ်၍ DEMU ရထားနှင့် RBE ရထားများဖြင့် ပြေးဆွဲပေးလျက်ရှိသည်။

ထိုသို့ ပြေးဆွဲပေးလျက်ရှိရာတွင် ဇန်နဝါရီ ၃၀ ရက်က ရန်ကုန်မြို့ပတ်လမ်းပိုင်းအတွင်း အင်းစိန်-လှော်ကားပြေးဆွဲပေးလျက်ရှိသည့် RBE (ခ-၇) အဆန်ရထားသည် တညင်းကုန်းဘူတာနှင့် လှော်ကားဘူတာအကြား မိုင်တိုင်အမှတ် ၁၅/၁၁-၁၂ အရောက် ည ၆ နာရီ ၃၅ မိနစ်တွင် အမည်မသိသူတစ်ဦးက ရထားကို ခဲဖြင့်ပစ်ပေါက်ခဲ့ရာ ခရီးသည်မှန်ပြတင်းပေါက် အလျား ၃ ပေ ၇ လက်မ၊ အနံ ၁ ပေ ၆ လက်မရှိသော ပြတင်းပေါက်မှန်ကွဲကြေပျက်စီးမှု ဖြစ်ပွားခဲ့သဖြင့် လှော်ကားနယ်မြေရဲစခန်းတွင် အမှုအမှတ်(ပ) ၃၃/၂၀၂၆၊ ရထားပို့ဆောင်ရေးလုပ်ငန်း ဥပဒေပုဒ်မ ၈၄ ဖြင့် အမှုဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး အခင်းဖြစ်ပွားရာသို့ ဖေဖော်ဝါရီ ၁ ရက် မွန်းလွဲ ၁ နာရီခွဲတွင် လုံခြုံရေးအဖွဲ့များဖြင့် သွားရောက်စုံစမ်းစစ်ဆေးခဲ့ရာ ထပ်မံ၍ခဲဖြင့်ပစ်ပေါက်ခဲ့သူ တရားခံလေးဦးဖြစ်သော ရွှေပြည်သာမြို့နယ်နေ ထိန်းလင်းအောင်၊ ပြည့်ဖြိုးအောင်၊ ချမ်းမြေ့အောင်နှင့် ကောင်းမြတ်မင်းတို့ကို ဖမ်းဆီးရမိခဲ့သည်။

အလားတူ ယနေ့နံနက် ၁၀ နာရီ ၃၆ မိနစ်တွင် ရန်ကုန်-နေပြည်တော်လမ်းပိုင်းအတွင်း ပြေးဆွဲပေးလျက်ရှိသည့် အမှတ်(၃၁)အဆန် DEMU ရထားသည် ရေတာရှည်မြို့နယ် မြို့လှနှင့် ရေနီဘူတာအကြား မိုင်တိုင်အမှတ် ၂၀၃/၁၅-၁၆ ကြားရထားပြေးဆွဲဖြတ်သန်းနေစဉ် အမည်မသိသူတစ်ဦးက ရထားကို ခဲဖြင့်ပစ်ပေါက်ခဲ့ရာ စက်ခေါင်းနောက် သုံးတွဲမြောက်DEMU-U- 2004 အထက်တန်းတွဲ(၂)၏ ညာဘက်ခြမ်းခရီးသည်ထိုင်ခုံနေရာ A-4 ပြတင်းပေါက်အပေါ်မှန် ခြောက်လက်မခန့် ပေါက်၍ ကွဲကြေပျက်စီးမှုဖြစ်ပွားခဲ့သဖြင့် ရေနီဘူတာတွင် ၈ မိနစ်ခန့် ရထားရပ်တန့်ခဲ့ပြီး သက်ဆိုင်ရာနယ်မြေရဲစခန်းတွင် အမှုဖွင့်လှစ်ဆောင်ရွက်လျက်ရှိသည်။

ယခင် ၂၀၂၅ ခုနှစ် အောက်တိုဘာ ၂၈ ရက်တွင် အမှတ်(၇)အဆန် DEMU ရထားကို ဖြူးနှင့်ဇေယျဝတီဘူတာအကြားခဲဖြင့်ပစ်ပေါက်ခဲ့သူ တရားခံ ထက်ဦးလွင် ခေါ် ငထော်နီကို တောင်ငူခရိုင်တရားရုံးက ရာဇသတ်ကြီးမှုအမှတ် ၁၂၅/၂၀၂၅ ဖြင့် ဒီဇင်ဘာ ၅ ရက်တွင် ရထားပို့ဆောင်ရေးလုပ်ငန်း ဥပဒေပုဒ်မ ၈၄ အရ အလုပ်နှင့်ထောင်ဒဏ် ၁၅ နှစ် ချမှတ်အရေးယူဆောင်ရွက်ခဲ့ပြီးဖြစ်သည်။

ယခုနှစ် ဇန်နဝါရီ ၅ ရက်တွင် ထုတ်ပြန်ပြီးဖြစ်သည့် ရထားပို့ဆောင်ရေးလုပ်ငန်း ဥပဒေ၊ အခန်း ၁၈၊ ပုဒ်မ ၇၉(ခ)အရ ရထားကို တစ်စုံတစ်ရာဖြင့် ပစ်ပေါက်ခြင်း သို့မဟုတ် တစ်စုံတစ်ရာပြုလုပ်ခြင်းအတွက် ပြစ်ဒဏ်အနေဖြင့် ပုဒ်မ(၈၄)အရ ထိုသူကို အနည်းဆုံး ငါးနှစ်မှ အများဆုံး နှစ် ၂၀ ထက်မပိုသော ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်လည်းချမှတ်နိုင်ကြောင်းသိရှိရပြီး ယခုဖြစ်စဉ်များနှင့် ပတ်သက်၍ ဥပဒေနှင့်အညီ ဆက်လက်အရေးယူ သွားမည်ဖြစ်ကြောင်းနှင့် နိုင်ငံတော်အစိုးရအနေဖြင့် အများပြည်သူများ အဆင်ပြေကောင်းမွန်စွာ ခရီးသွားလာရေးနိုင်ရေးအတွက် အဆင့်မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိရာ ပြည်သူများအနေဖြင့် ဝိုင်းဝန်းပူးပေါင်းထိန်းသိမ်းသွားရန်လိုအပ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



အမှတ်(၃၁)အဆန် ရန်ကုန်-နေပြည်တော် DEMU ရထား အထက်တန်းတွဲ ညာဘက်ခြမ်း ခရီးသည်ထိုင်ခုံ A-4 ပြတင်းပေါက်အပေါ်မှန် ကွဲပေါက်ပျက်စီးမှုမှတ်တမ်းဓာတ်ပုံ။

## အသိပေး နှိုးဆော်ချက်

၇၉ နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ဖေဖော်ဝါရီ ၁၀ ရက်တွင် အစမ်းလေ့ကျင့်ခြင်း၊ ဖေဖော်ဝါရီ ၁၂ ရက်တွင် ပြည်ထောင်စုနေ့သဝဏ်လွှာဖတ်ကြားခြင်း အခမ်းအနားကို ပြည်သူ့ရင်ပြင်၌ ကျင်းပပြုလုပ်သွားမည်ဖြစ်ရာ အခမ်းအနားကျင်းပစဉ်အချိန်မှ ပြီးစီးသည့်အချိန်ထိ ပြည်လမ်းကိုခေတ္တပိတ်ထားမည်ဖြစ်သဖြင့် ပြည်လမ်းအတိုင်း မြောက်မှတောင်သို့မောင်းနှင်လာသောယာဉ်များသည် မြေနီကုန်းတံတားအောက်မီးပွိုင့်တွင် ညာဘက်သို့ချိုးကွေ့၍ အောက်ကြည့်မြင်တိုင်လမ်းသို့လည်းကောင်း၊ ပြည်လမ်းအတိုင်း တောင်မှမြောက်သို့မောင်းနှင်လာသောယာဉ်များသည် ပြည်ထောင်စုရိပ်သာလမ်းသို့ချိုးကွေ့၍ ခရေပင်လမ်း၊ အလုံလမ်းမှတစ်ဆင့် အောက်ကြည့်မြင်တိုင်လမ်းသို့လည်းကောင်း ဆက်လက်မောင်းနှင်ကြရန် အသိပေးနှိုးဆော်အပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုကို နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ရေဦးခရိုင်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၇၅၀၅ ဧက စိုက်ပျိုးမည်


ယခင်နှစ်က နှမ်းစိုက်ခင်းကို တွေ့ရစဉ်။

**ရေဦး ဖေဖော်ဝါရီ ၃**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၇၅၀၅ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ရေဦးခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ ရေဦးခရိုင်တွင် နွေနှမ်းစိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ရေဦးမြို့နယ်တွင်ဧက ၃၅၀နှင့် ဒီပဲယင်းမြို့နယ်တွင် ၇၁၅၅ ဧက စုစုပေါင်း ၇၅၀၅ ဧကတို့ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် လာမဲ့နွေသီးနှံစိုက်ပျိုးရာသီ ရေဦးခရိုင်မှာ နှမ်းဧက ၇၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်ပေးသွားမယ်။ နှမ်းစိုက်ဧက တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်ရေး၊ GAPနည်းနစ်တွေနဲ့ စိုက်ပျိုးဖို့အတွက်လည်း ဆောင်ရွက်ပေးနေပါတယ်"ဟု ရေဦးခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ယခုနှစ် ရေဦးခရိုင်တွင် နွေနှမ်းစိုက်တောင်သူများကို သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့်သီးနှံများသည် အခြားစိုက်ပျိုးနည်းစနစ်များဖြင့် စိုက်ပျိုးထုတ်လုပ်ထားသည့် သီးနှံများထက် အရည်အသွေး ပိုမိုကောင်းမွန်ခြင်း၊ ဈေးနှုန်းပိုမိုရရှိခြင်း၊ ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပဈေးကွက်များကိုပါ တင်ပို့ရောင်းချနိုင်သည့် အကျိုးကျေးဇူးများကြောင့် GAP နည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များစိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဆီထွက်သီးနှံနှမ်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ရာ နှမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။

(၂၀၆)

# ဝါးခယ်မမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ငရုတ်ဧကအားလုံး ရာနှုန်းပြည့်စိုက်ပျိုးပြီးစီး

**မြောင်းမြ ဖေဖော်ဝါရီ ၃**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ငရုတ်သီးနှံ လျာထားဧကအားလုံး ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

၂၀၂၅-၂၀၂၆ ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်တွင် ငရုတ် ၇၁၉၃ ဧကကို ၂၀၂၅ ခုနှစ် အောက်တိုဘာလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဧကအားလုံးရာနှုန်းပြည့် စိုက်ပျိုး ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါငရုတ်သီးနှံများ လျာထားဧကအတိုင်းစိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာနက တောင်သူအသိပညာပေးလုပ်ငန်းများကို အရှိန်မြှင့်ဆောင်ရွက် ပေးလျက်ရှိကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီ ဝါးခယ်မမြို့နယ်မှာ ငရုတ်လျာထားဧက ၇၁၉၃ ထိ စိုက်ပျိုးခဲ့ပါတယ်။ လက်ရှိ ဧကအားလုံးရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ အခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ အရည်အသွေးကောင်းငရုတ်အမျိုးအစားတွေကို ရွေးချယ်စိုက်ပျိုးထားပါတယ်။ ငရုတ်သီးနှံတွေအပါအဝင် ဆောင်းသီးနှံတွေအားလုံး လျာထားဧကပြည့်မီအောင်စိုက်နိုင်ဖို့ စိုက်ပျိုးရေးဦးစီးဌာနနဲ့ဆက်စပ်ဌာနတွေ ပူးပေါင်းဆောင်ရွက်နေပါတယ်"ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြသည်။

ငရုတ်ကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံနိုင်မည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ရာ ငရုတ်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**













## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်၊ အလက(ခွဲ)မြင်စိုင်းကျောင်း၊ Grade-7 တန်းတွင် ပညာသင်ကြားနေသော မတင်ဇာဝင်၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးဟန်ဇော်ထွန်း ဖြစ်ပါကြောင်း။

ဦးဟန်ဇော်ထွန်း(၉/ကပတ(နိုင်)၁၆၂၉၆၂)

## အမည်ပြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့၊ အထက(၂)၊ Grade-11 တွင် ပညာသင်ကြားနေသော (ဘ) ဦးမြင့်လွင်၏သမီး မဇာနီလွင်အား မအိမ့်နဒီလွင်ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။ **မအိမ့်နဒီလွင်**

## ပျောက်ဆုံးကြောင်း

ကျောက်မဲမြို့၊ နယ်မြေ(၁၀)၊ အမှတ် (၈)ရပ်ကွက်နေ ခင်ဆွေဦး (ဘ) ဦးကျိန်ပူး(၁၃/ကမန(နိုင်)၀၆၃၆၈၇)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09-689703909**

## သင့်သွေးဖြင့် အသက်ကယ်ပါ

## အမည်မှန်နှင့် မွေးသက္ကရာဇ်အမှန်

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ ချောင်းခွ ရပ်ကွက်နေ (ဘ) ဦးဝင်းမြင့်၏သမီး မခင်ဝင်းရွှေ (၉/အမရ(နိုင်)၁၉၆၉၀၃)၏ အမည်မှန်မှာ တက္ကသိုလ်ဝင် စာမေးပွဲအောင်လက်မှတ်အရ မခင်ပိုချစ်ဖြစ်ပါကြောင်း။ ၎င်း၏မွေးသက္ကရာဇ်အမှန်မှာ ၁၈-၃-၂၀၀၂ ဖြစ်ပါကြောင်း။

မခင်ပိုချစ်၊ ၁၈-၃-၂၀၀၂

## ဖခင်အမည်မှန်

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ GPEC ကိုယ်ပိုင် အထက်တန်းကျောင်း၊ Grade-7 ကျောင်းဝင်အမှတ် (၀၈၅)ဖြင့် ပညာသင်ကြားနေသော မသဲသဲချို၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်အရ ဦးဇာလီမင်းဖြစ်ပါကြောင်း။

ဦးဇာလီမင်း(၉/ပကခ(နိုင်)၀၂၃၂၅၁)

## အဖိုးတန်ရေချိုကို ချွေတာပါ

လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့်ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် "1111" အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများမေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme-PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါ သည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများထံမှ Short Code နံပါတ် "1111" ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့်ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များက Short Code နံပါတ် "1111" ဖြင့် SMS ပေးပို့မေးမြန်းလိုက်သော မေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းက ပါဝင်ဆောင်ရွက် ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော် တင်ပြအပ်ပါသည်။

"အဂတိလိုက်စားမှုတားဆီးဖို့ " 1111 " ကိုဖြေကြားစို့"

"ဝန်ဆောင်မှုများကောင်းစေရေး " 1111 " ကိုဖြေကြားပေး"

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

❖ အတန်းပညာကောင်းမွန်မှသာလျှင် အတတ်ပညာများသင်ယူရာ၌ ပိုမိုလွယ်ကူနိုင်မည်ဖြစ်...

❖ ပညာရေးကောင်းမွန်အောင်ဆောင်ရွက်ခြင်းသည် နောင်တစ်ချိန်အတွက် ရင်းနှီးမြှုပ်နှံမှုများဖြစ်ပြီး နိုင်ငံ၏ အနာဂတ်အတွက် စိတ်ချရအောင် ပညာရေးကို စနစ်တကျဖြင့် အလေးပေးဆောင်ရွက်သွားကြရမည်ဖြစ်...

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် စက်တင်ဘာ ၁၉ ရက်တွင် ပြုလုပ်သော တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများဆွေးနွေးပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သို့ ကုန်ထုတ်လုပ်မှုအားပေးစို့။
❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

## ပြည်ထောင်စုအတိုင်ပင်ခံကောင်စီ ဥပဒေပြဋ္ဌာန်း

စာမျက်နှာ - ၁၉

## နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာလုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

စာမျက်နှာ - ၁၉

# နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်မှ နည်းပြအရာရှိကြီးများနှင့် သင်တန်းသားအရာရှိကြီးများကို Video Conferencing ဖြင့် အမှာစကားပြောကြား




နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်မှ နည်းပြအရာရှိကြီးများနှင့် သင်တန်းသားအရာရှိကြီးများကို Video Conferencing ဖြင့် အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၃**

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်မှ နည်းပြအရာရှိကြီးများနှင့် သင်တန်းသားအရာရှိကြီးများကို Video Conferencing ဖြင့် အမှာစကားပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးကျော်စွာလင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအမှုဆောင်ချုပ် ဦးအောင်လင်းဒွေး၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်ကျောင်းအုပ်ကြီး၊ နည်းပြအရာရှိကြီးများနှင့် သင်တန်းသားအရာရှိကြီးများက Video Conferencing ဖြင့် တက်ရောက်ကြသည်။

**စာမျက်နှာ ၁၆ ကော်လံ ၁☆**

## ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရယ်မြို့နယ် ဟိုက်ပုကျေးရွာအနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများလုပ်ကိုင်နေသူများကို လုပ်ငန်းသုံးဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

စာမျက်နှာ - ၂၈

## ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြုသင်ခန်းစာ သင်္ချာဘာသာရပ် သိကောင်းစရာ

စာမျက်နှာ - ၈